# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် ၂၀၂၁ ခုနှစ်၊ မတ် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၀)၊ အမှတ် (၁၆၈)


# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



ကျိုက်ထီးရိုးစေတီတော်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၆**

COVID-19 ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ထူးခြားသည့် နေ့အပူချိန်များ** ၁၆- ၃- ၂၀၂၁

| | | |
|---|---|---|
| ချောက်မြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ရွှေဘိုမြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| လှိုင်းတက်မြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| လွန်ကျော်မြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| နေပြည်တော် | ၃၉ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ပြည်မြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| သာယာဝတီမြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ညောင်လေးပင်မြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ကြို့ပင်ကောက်မြို့ | ၃၉ | ဒီဂရီစင်တီဂရိတ် |

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၇၂၇၇၈ ဦး၊ အတွင်း လူနာ ၄၀၁၃ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ


*စာမျက်နှာ ၅ ကော်လံ ၁* ❖


**အာရှ-ပစိဖိတ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများ ပိုမိုများပြား လာသလို အိန္ဒိယတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁၁ သန်းကျော်ရှိလာ**


*နိုင်ငံတကာသတင်း* စာ-၁၃




မြန်မာ့အလင်း

# နွေမှာကြုံရတတ်သည့် အန္တရာယ်များ

နွေကာလ၏ နေ့ခင်းဘက်အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာနေသည်။ ထူးခြားသည့် နေ့အပူချိန်များကို မိုး/ဇလက ထုတ်ပြန်ပေးခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသရှိ မြို့အချို့တွင် နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိလာပြီး နှစ်စဉ် အပူချိန်မြင့်မားလေ့ရှိသည့် ချောက်မြို့နယ်မှာ ၄၁ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိလာခဲ့သည်။ အပူချိန်များ မြင့်တက်လာခြင်းနှင့်အတူ (၁)မီးဘေးအန္တရာယ်၊ (၂)အပူဒဏ်အန္တရာယ်၊ (၃) ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့် (၄) မိုးခေါင်ရေရှားနိုင်သည့် အန္တရာယ်တို့ဖြစ်နိုင်ခြေအလားအလာများ ပိုမိုများပြားလာနေမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် အဆိုပါဘေးအန္တရာယ်များအားလုံးကို အသိပညာဗဟုသုတ၊ မပေါ့မလျော့သည့် သတိတရားတို့ဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။

မီးဘေးအန္တရာယ်သည် အချိန်ရာသီမရွေး ဖြစ်ပွားနိုင်သည့် အန္တရာယ်ဖြစ်ပြီး ခြောက်သွေ့ရာသီ၊ အပူချိန်မြင့်တက်နေချိန်တွင် မီးလောင်နိုင်သည့်အခြေအနေနှင့် အလားအလာပို၍များသည်။ နှစ်စဉ်လောင်ကျွမ်းသည့် မီးလောင်မှုများအနက် လူတို့ ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့် မီးလောင်မှုက ရာခိုင်နှုန်းအမြင့်မားဆုံးဖြစ်သည်။ မီးသုံးစွဲရာတွင် မပေါ့မဆတဲ့ သတိပြုသုံးစွဲခြင်း၊ လျှပ်စစ်ကြိုးများနှင့် မီးခလုတ်များကို အမြဲမပြတ်စစ်ဆေးခြင်း၊ အိမ်အနီးဝန်းကျင်၌ အမှိုက်နှင့် မီးလောင်လွယ်သည့် ပစ္စည်းများမရှိအောင် ရှင်းလင်းထားခြင်း၊ လောင်စာဆီများ သိုလှောင်ခြင်းနှင့် ရွှေ့ပြောင်းလဲလှယ်ခြင်းတို့တွင် သတိပြုခြင်းဖြင့် မီးဘေးအန္တရာယ်တော်တော်များများကို ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။

နွေကာလ၏ နောက်ထပ်အန္တရာယ်နှစ်ခုမှာ အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်တို့ ဖြစ်သည်။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအခံရှိသူများသည် အပူဒဏ်ကို ခံနိုင်ရည်မရှိကြသည့်အတွက် နေ့ခင်းဘက် အပူချိန်မြင့်တက်နေချိန်တွင် လေဝင်လေထွက်ကောင်း၍ အရိပ်ရပြီး အေးမြသောနေရာတို့တွင် နားနေစေရမှာဖြစ်သည်။ အပူဒဏ်ကြောင့် အရေပြားပူ၍ ခြောက်သွေ့ကာ သတိလစ်ခြင်း ( Heat Stroke) ကို ခံစားလာရပါက လူနာကို အရိပ်ရပြီးအေးသည့်နေရာသို့ ရွှေ့ပြောင်းခြင်း၊ ဆေးရုံ ဆေးခန်းသို့ ပို့ဆောင်ခြင်း၊ ရှေးဦးပြုစုမှုအနေဖြင့် လူနာကို ခြေရင်းဘက်မြင့်၍ ပက်လက်ထားခြင်း၊ အဝတ်အစားများချွတ်ပေးခြင်း၊ လူနာကောင်းစွာသတိရနေပါက ရေအေးအေးတိုက်ပေးခြင်း၊ လူနာ၏ ကိုယ်ပေါ်သို့ ရေအေးဖျန်းပေးခြင်း၊ ချိုင်း၊ လည်ပင်း၊ ပေါင်ခြံနေရာများကို ရေပတ်အေးအေး အုပ်ပေးခြင်း၊ ယပ်ခတ်ပေးခြင်းတို့ ပြုစုပေးထားရန်လိုသည်။ အပူဒဏ်အန္တရာယ်နှင့်အတူ ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ရှောင်ရှားနိုင်ရန်မှာ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ခန္ဓာကိုယ်အရေပြား၊ မျက်စိ စသည်တို့ကို ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်နိုင်ရန် နေပူဒဏ်ခံဆေးလိမ်းခြင်း၊ ချည်သားပွပွဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။

နွေရာသီအပူချိန်မြင့်တက်လာခြင်းနှင့်အတူ သောက်သုံးရေအရင်းအမြစ်များလည်း ခန်းခြောက်ရှားပါးလာလေ့ရှိသည်။ ကာလကြာရှည်စွာ မိုးရွာသွန်းမှု မရှိပါက မိုးခေါင်ခြောက်သွေ့သည့် အန္တရာယ်ကျရောက်လာပြီဖြစ်သည်။ သို့ဖြစ်ရာ သောက်သုံးရေနှင့် အစားအစာများ ကြိုတင်သိုလှောင်ထားခြင်း၊ ရပ်ရွာရှိ သောက်သုံးရေကန်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲခြင်း၊ ရေကို ချွေတာသုံးစွဲခြင်း၊ ရေကို ကျိုချက်၍လည်းကောင်း၊ ရေသန့်စင်သည့် စနစ်တစ်ခုခုကိုသုံးစွဲ၍ သန့်စင်ပြီးမှ သောက်သုံးခြင်းဖြင့် လည်းကောင်း မိုးခေါင်ရေရှားမှုကို ရင်ဆိုင်ကြရမည်ဖြစ်သည်။ ရေရှည်တွင်မူ မိုးလေဝသ မှန်ကန်စေရန်အတွက် သစ်တောသစ်ပင်များ ပြုစုစိုက်ပျိုးခြင်း၊ ရှိပြီးသစ်ပင်သစ်တောများကို ထိန်းသိမ်းခြင်းတို့ကို စုပေါင်းအင်အားဖြင့် တစ်ယောက်တစ်လက် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဟူ၍ အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆: ၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆: ၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆: ၀၀) နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်
ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

## သီပေါ နန်းဦးပရိယတ္တိစာသင်တိုက်ဆောက်ရန် ပန္နက်တင်မင်္ဂလာ ဆင်ယင်ကျင်းပ

**သီပေါ မတ် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ဇာတ်စုရပ်ကွက် နန်းဦးပရိယတ္တိစာသင်တိုက် အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက နန်းဦးဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်း၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ဆရာတော်၊ သံဃာတော်များ၊ နန်းဦးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥပထ္ထမ္ဘကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။



ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒကထာနှင့် ငါးသီလခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ မင်္ဂလာအချိန်တွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်က ဦးစွာ ပန္နက်တင်ပေးပြီး နန်းဦးဘုရားဂေါပကဥက္ကဋ္ဌ ဦးစိုင်းချစ်လှိုင်၊ မြို့နယ် ဥပထ္ထမ္ဘကဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အလှူရှင်များက အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ထောင့်အသီးသီးတို့တွင် ပန္နက်တင်ပေးကြသည်။

**စိုင်း(သီပေါ)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၁၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ဆူပူဆန္ဒပြမှုများကို အခြားနိုင်ငံများ၏ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူခဲ့သည်မှာ တစ်လရှိပြီဖြစ်ကြောင်း၊ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဆန္ဒပြမှုများမှာ ကိုဗစ်ကာလအကျပ်အတည်း ထိန်းချုပ်မှု၊ တခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်း ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)




## (၁၈) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၆**

(၁၈)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး ( 18th ASEAN Military Intelligence Meeting– AMIM–18) ကို Online Video Conferencing စနစ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ Video Conferencing တွင် မြန်မာ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံမှ Colonel Haji Mohammad Muluddin Bin Awang Haji Latif နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ကမ္ဘောဒီးယားနိုင်ငံမှ Lieutenant General Hun Manith နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အင်ဒိုနီးရှားနိုင်ငံမှ Major General Andjar Wiratma နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ လာအိုနိုင်ငံမှ Major General Thongvanh Chanthavong နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မလေးရှားနိုင်ငံမှ Lieutenant General Datuk Ahmad Norihan Bin Jalai နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဖိလစ်ပိုင်နိုင်ငံမှ Brigadier General Charlton Sean Gaerlan နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ စင်ကာပူနိုင်ငံမှ Brigadier General Ng Chad–Son နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းနိုင်ငံမှ Lieutenant General Natee Wongissares နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ်နိုင်ငံမှ Lieutenant General Pham Ngoc Hung နှင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆွေးနွေးကြသည်။

ဦးစွာ 18th ASEAN Military Intelligence Meeting– AMIM–18) ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့်တပ်မတော်မှ Colonel Haji Mohammad Muluddin Bin Awang Haji Latif က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် “ဂရုပြု၊ ပြင်ဆင်၊ အောင်ပွဲဝင် (We Care, We Prepare, We Prosper)” ခေါင်းစဉ်အပေါ် အမြင်များအား နိုင်ငံအလိုက် အလှည့်ကျဆွေးနွေးကြသည်။ ဆက်လက်၍ အာဆီယံ ထောက်လှမ်းရေးအရာရှိငယ်များ အပြန်အလှန် ခရီးစဉ်ဖလှယ်ရေးကိစ္စရပ်များ၊ အာဆီယံစစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေး အသိုက်အဝန်း တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ယင်းနောက် AMIM– 18 ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့် တပ်မတော်မှ Colonel Haji Mohammad Muluddin Bin Awang Haji Latif က အပိတ်မိန့်ခွန်းပြောကြားပြီး 19th ASEAN Military Intelligence Meeting– (AMIM– 19) အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်မှ Lieutenant General Hun Manith ထံသို့ ဥက္ကဋ္ဌ တာဝန်များအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကမ္ဘောဒီးယား ဘုရင့် တပ်မတော်မှ Lieutenant General Hun Manith က လွှဲပြောင်းလက်ခံမှု မိန့်ခွန်း ပြောကြားပြီး အစည်းအဝေး အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှု အချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၆**

နေ့အပူချိန်များမှာ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန် ခန့်သာ ရှိသည်။ **မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင်ဇုန်များမှ ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့် ခရီး သွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အစည်းအဝေးအား ယနေ့မွန်းလွဲ၁နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)





အစည်းအဝေး၌ မန္တလေး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (MHA)မှ မန္တလေး ဇုန်၊ ပုဂံ၊ ပြင်ဦးလွင်ဇုန်ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မိတ္ထီလာ၊ ရမည်းသင်းမှ ဟိုတယ် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ဟိုတယ်များ ကာလကြာရှည်စွာ ပိတ်ထားရခြင်းကြောင့် လုပ်ငန်းရှင်များ အခက်အခဲများ ရှိနေသည်ကို သိရှိရပါကြောင်း၊ ယခုအခါ နိုင်ငံတော်၏ ချမှတ်ထားသော လုပ်ငန်းစဉ်(၅)ရပ်မှ တတိယအချက်ဖြစ်သော ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်ဟူသော အချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းများအား ပြန်လည် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲခြင်းနှင့် ဈေးများ ပြန်လည် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်းများကို ဟန်ချက်ညီ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို အမြန်ဖြေရှင်းပေးပြီး တိုင်းဒေသကြီး တိုးတက်ရေးနှင့် သာယာလှပရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း သဘာဝအလှ၊ သဘာဝအပန်းဖြေနေရာများ များစွာရှိပြီး ခရီးသွား လုပ်ငန်းများ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ဟိုတယ် လုပ်ငန်းနှင့် အပန်းဖြေနေရာ လိုင်စင်ချထားမှုများ နှောင့်နှေးကြန့်ကြာမှု မရှိရေးအတွက် ဖြေလျှော့မှုများ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၄) ဦးသိန်းဌေးက အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ဟိုတယ်လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ခရီးစဉ်ဒေသများ ဖော်ထုတ်မြှင့်တင်ခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

၎င်းနောက် တက်ရောက်လာသူများက အသင်းအဖွဲ့ကိစ္စရပ်များ၊ လိုင်စင်ကိစ္စရပ်များ၊ အခွန်အခကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်လုပ်ငန်းများအား ကိုဗစ်– ၁၉ ကာကွယ်ရေး Version 2.0 နှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းယောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေး

**မိုင်းယောင်း မတ် ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများကို အမှတ်(၄)ရပ်ကွက်ရှိ မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ၌ မတ် ၁၆ ရက်က စတင်ထိုးနှံပေးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် သံဃာတော်များ၊ လူငယ်လူရွယ်များ၊ လူကြီးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် မြို့၊ ရွာအတွင်း နေထိုင်ကြသည့် ဒေသခံပြည်သူများအား နယ်မြေခံ ဆေးတပ်ရင်းများမှ တပ်မတော်သား ဆရာဝန်များ၊ ဆေးမှူးများနှင့် သူနာပြုများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား အားပေးစကားပြောကြားသည်။

မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး (COVISHIELD)ကို မတ် ၁၁ ရက်က စတင်ထိုးနှံပေးခဲ့ရာ မတ် ၁၁ ရက်တွင် ဒေသခံပြည်သူ ၄၁၀ ကိုလည်းကောင်း၊ မတ် ၁၂ ရက်တွင် ၁၀၄၀ ကိုလည်းကောင်း၊ မတ် ၁၃ ရက်တွင် ၃၈၀ ကိုလည်းကောင်း၊ မတ် ၁၄ ရက်တွင် ၃၂၀ ကိုလည်းကောင်း၊ မတ် ၁၅ ရက်တွင် ၄၅၀ ကိုလည်းကောင်း ထိုးနှံပေးကြောင်း သိရသည်။

ပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အဆင်ပြေစေရန် ထွေ/ အုပ်နှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ မျိုးဆက်သစ်ရောင်နီပရဟိတ လူမှုကူညီရေးအသင်းတို့က ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများကို စားသောက်ကုန်များ ထောက်ပံ့

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်များကို အခြေအနေအရ လွှဲပြောင်းရယူခဲ့ရပြီးနောက်ပိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ နိုင်ငံတော်ကို သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရားယိမ်းယိုင်မှုမရှိအောင် ကိုယ်စီကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့်အပေါ် အထူးပင်ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ် (၅)ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် အုပ်ချုပ်ရေးယန္တရား၏ အဓိကကျသည့် အထွေထွေအုပ်ချုပ်ရေး




ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများ အောင်မြင်စေရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ခေတ်အဆက်ဆက် မည်သည့်အစိုးရ မည်သို့သော အုပ်ချုပ်ရေးစနစ်မျိုးဖြစ်ဖြစ် တာဝန်ကျေပွန်သည့်ဝန်ထမ်းများအဖြစ် ကျရာအခန်းကဏ္ဍမှာ တာဝန်သိသိသစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရားပိုမိုအားကောင်းခိုင်မာအောင် ဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၃ ဦးနှင့် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်း ၉၄ ဦး စုစုပေါင်းဝန်ထမ်း ၁၂၇ ဦးတို့အတွက် ဆန်၊ စားသုံးဆီ၊ ကြက်ဥနှင့် ကြက်သွန်များ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် မတ် ၁၆**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင် နိုင်လယိတမနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျိုက်မရောမြို့နယ် ဆုတောင်းပြည့် ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘုရားကြီးကျောင်းတိုက်ဆရာတော် (သဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တဝါရိန္ဒထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျိုက်မရောမြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံရှိ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ကျန်းမာရေးဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများကို လိုက်လံကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အသစ်တည်ဆောက်နေသော ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင်တည်ဆောက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုပြီး ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းများအား ကိုဗစ်- ၁၉ ကာကွယ်ရေး ကျန်းမာရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



❖ ***ရှေ့ဖုံးမှ***

ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၂၉၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၇၆၇ ဦး စုစုပေါင်း ၅၀၆၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကို ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။

၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၈၄၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၈၆၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၄၇၀၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စေတနာမှန်း သိနားလည်နိုင်တဲ့ ဉာဏ်ပညာများနဲ့ နိုင်ငံ့အကျိုးကို ရှေးရှုကာ ပူးပေါင်းပါဝင်နိုင်ကြစေ

ကိုထွန်းခင်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းက သိဂ်ါလငှက်မျိုးမှာဖြစ်ပြီး ဟိမဝန္တာတောအလယ်မှာ မိုးလုံလေလုံလှပတဲ့ အသိုက်ကို ဆောက်ပြီးနေပါတယ်။ မိုးအဆက်မပြတ်ရွာတဲ့ တစ်နေ့မှာ မျောက်တစ်ကောင်ဟာ မိုးရေတွေရွဲစို ခိုက်ခိုက်တုန်နေပြီး သစ်ကိုင်းတစ်ကိုင်းကို မိုးခိုနေရပါတယ်။

သိဂ်ါလငှက်ကမြင်တော့ အဆွေမျောက် သင်သည် ဦးခေါင်း၊ ခြေလက်မှအစ လူနဲ့တူပါလျက် ဘာကြောင့် အိမ်မရှိသလဲလို့ မေးပါတယ်။ မျောက်က သိဂ်ါလငှက်အား ငါရဲ့ ဦးခေါင်း၊ ခြေလက်တို့ဟာ လူနဲ့တူပါတယ်။ ဒါပေမယ့် ငါ့မှာလူကဲ့သို့ အသိဉာဏ်ပညာ မရှိပါလို့ ပြန်ပြောပါတယ်။

သိဂ်ါလငှက်လည်း အဆွေမျောက် အိမ်မရှိဘဲ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း ရှိမည်မဟုတ်။ သင်သည် မိမိခွန်၊ မိမိအားကို အသုံးပြုပြီး အချမ်းနဲ့လေဒဏ်ကို ကာကွယ်နိုင်တဲ့ အိမ်တစ်ခုကို တည်ဆောက်ပါလို့ တိုက်တွန်းပါတယ်။

မျောက်က "မိုးလုံလေလုံထဲနေပြီး ငါ့ကိုဆုံးမနေတယ်"ဆိုကာ ငှက်ကို ရန်ပြုတိုက်ခိုက်ဖို့ ပြေးလာပါတယ်။ ငှက်လည်း ပျံထွက်ပြီး တစ်နေရာမှာ နားနေရပါတယ်။ ငှက်ကို မမိတဲ့အတွက် မျောက်လည်း စိတ်ဆိုးဒေါသထွက်ကာ အသိုက်ကို မှုန့်မှုန့်ညက်ညက်ချေကာ ဖျက်ဆီးခဲ့ပါတယ်။ ဉာဏ်ပညာနည်းသူကို ဆုံးမမိတဲ့အတွက် ငှက်ရဲ့ အသိုက်လည်း ပျက်စီးသွားခဲ့ရပါတယ်။

**"နိုင်ငံကို အရေးပေါ်အခြေအနေကြေညာထားတဲ့ ယခုအချိန်မှာလည်း နိုင်ငံကောင်းဖို့ တပ်မတော်က စိတ်စေတနာမှန်နဲ့ လုပ်ဆောင်နေခြင်း ဖြစ်တယ်၊ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မည်မဟုတ်ဘဲ အမျိုးဘာသာ သာသနာ ရေရှည်တည်တံ့စေရေးအတွက် ဦးလည်မသုန် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်တယ်လို့ အားလုံးက စိတ်ချလက်ချယုံကြည်ပြီး စိတ်ဝမ်းမကွဲပြားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နိုင်ငံကောင်းကျိုးအတွက် ပူးပေါင်းလုပ်ဆောင်ဖို့၊ တာဝန်ကျေကြဖို့ လိုပါတယ်"**

### သတိပြုမိဖို့ ညွှန်ပြနေ

ဒါကြောင့် နားထောင်လေ့မရှိတဲ့၊ စိတ်ဆိုးဒေါသထွက်လွယ်တဲ့ လူမိုက်ကို ဆိုဆုံးမမိရင် မိမိရဲ့အကျိုးကို ပြန်ပြီးတောင်ဖျက်ဆီးတတ်တာကို ဒီပုံပြင်လေးက သက်သေပြနေပါတယ်။ စေတနာဆိုတာ သူတစ်ပါးကောင်းကျိုးကို လိုလားတာလို့ အဓိပ္ပာယ်ရပြီး ကောင်းစေချင်တဲ့ စိတ်စေတနာနဲ့ ဆိုဆုံးမသော်လည်း ဉာဏ်ပညာနည်းတဲ့အခါ သူ့အတွက်ပြောလို့ ပြောမှန်းမသိ၊ ကိုယ့်အတွက် ပြောလို့ပြောမှန်းမသိ အကောင်းကိုအဆိုးထင်ကာ စေတနာအမှားတွေလည်း ဖြစ်တတ်တယ်ဆိုတာ သတိပြုမိဖို့ ညွှန်ပြနေပါတယ်။

ဒ့ါအပြင် စိတ်ဆိုတာ ပြောင်းလဲတတ်တဲ့ သဘောရှိပါတယ်။ ဒ့ါကြောင့်လည်း လူ့စိတ်ဟာ မျောက်စိတ်လိုပဲလို့ ဆိုကြတာဖြစ်ပါတယ်။ အခုကောင်းနေပေမယ့် ခဏနေ ဆိုးချင်ဆိုးတာ ဖြစ်ပါတယ်။ အကောင်းပြောနေပေမယ့်လည်း ကိုယ့်စိတ်နဲ့အကြောင်းမတိုက်ဆိုင်တဲ့အခါ စိတ်ဆိုးဒေါသဖြစ်မိတတ်ပါတယ်။

ဒါပေမယ့် ပြောတဲ့သူ၊ ဆိုဆုံးမတဲ့သူကလည်း စေတနာမှန်ဖို့ လိုအပ်ပါတယ်။ စေတနာမှန်ရင် အကျိုးပေးတယ်ဆိုတဲ့စကားလည်း ရှိတာကြောင့် စေတနာနဲ့ လုပ်တဲ့အလုပ်တစ်ခုဟာ အကျိုးပေးလည်း ထက်သန်မှာ ဖြစ်ပါတယ်။ 'စေတနာ ဟံ ဘိက္ခဝေ ကမ္မံဝဒါမိ' စေတနာဟာ ကံလို့ မြတ်စွာဘုရားရှင် ဟောကြားခဲ့ပါတယ်။

### စေတနာအတိုင်း ပြန်လည်ခံစားရ

စေတနာကောင်းရင် ကံကောင်းမှာ ဖြစ်ပါတယ်။ စိတ်စေတနာဆိုးရင်လည်း ဆိုးတဲ့စိတ်စေတနာအတိုင်းပဲ အကျိုးပေးမှာ ဖြစ်ပါတယ်။ ကိုယ်ထားတဲ့ စေတနာအတိုင်း အဆပမာဏအတိုင်း ပြန်လည်ခံစားရမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ စေတနာနဲ့ ပြောဆိုလိုက်ပေမယ့်လည်း ဖော်ပြခဲ့တဲ့ ပုံပြင်ထဲက ငှက်ငယ်လို ခံလိုက်ရတဲ့ဖြစ်စဉ်တွေများလာတော့ စေတနာက လူတိုင်းနဲ့မတန်ဘူး၊ ထားသင့်မှထားတော့မယ်ဆိုတဲ့ အသိတစ်ခုလည်း ရလာပါတယ်။

သူကောင်းမှ ကိုယ်ကောင်းမယ်ဆိုတဲ့စိတ်မျိုး မထားသင့်ပါဘူး၊ ကိုယ်က စေတနာထားလိုက်လို့ အဲဒီလူကကိုယ့်အပေါ် အကောင်းမထင်၊ စေတနာရောင်ပြန်မဟပ်ရင်လည်း ကိုယ့်စေတနာက အခြားတစ်ဖက်ကပြန်ပြီး အကျိုးခံစားရပါတယ်၊ ဘာပဲဖြစ်ဖြစ် စေတနာထားပါလို့ သက်ကြီးဝါကြီးတွေ ဆုံးမဖူးတာ မှတ်မိနေပါတယ်။

စေတနာနဲ့အတူ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာတရားဆိုတဲ့ ဗြဟ္မစိုရ်တရားတွေလည်းပါဖို့ လိုပါတယ်။ ဒါမှသာ စေတနာနဲ့ လုပ်ကိုင်ဆောင်ရွက်ပေမယ့်လည်း နားမလည်နိုင်တဲ့သူတွေနဲ့ တွေ့ဆုံရတဲ့အခါ၊ သို့မဟုတ် စေတနာအမှားတွေကြောင့် နားလည်မှုတွေလွဲတဲ့အခါမှာ ရန်လိုမုန်းတီးမှုတွေမရှိဘဲ နားလည်ခွင့်လွှတ်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အချုပ်အခြာပိုင် နိုင်ငံတစ်ခုဖြစ်ပြီး လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပါတယ်။ နိုင်ငံတွေတိုင်းမှာ ကြုံတောင့်ကြုံခဲအခြေအနေတစ်ခုဖြစ်တဲ့ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးနဲ့ စုဖွဲ့ထားတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ တိုင်းရင်းသားပြည်သူတွေရဲ့ လိုလားချက်ဖြစ်သလို နိုင်ငံအပေါ်ဖြစ်စေချင်တဲ့ စိတ်စေတနာတွေလည်း ဖြစ်ပါတယ်။

### သဟဇာတဖြစ်မှုတွေ လိုအပ်

မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြသူတွေသာမက ကမ္ဘာကြီးရဲ့ မည်သည့်အရပ်ဒေသမှာ ရောက်ရှိနေထိုင်သည်ဖြစ်စေ မြန်မာပြည်ဖွားတိုင်းရင်းသားတွေအားလုံးဟာ မြန်မာနိုင်ငံကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု၊ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားတဲ့ နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်စေချင်တဲ့ စိတ်စေတနာရှိကြပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတည်ငြိမ်အေးချမ်းဖို့၊ အချင်းချင်းအကြား ညီညွတ်မျှတတဲ့ သဟဇာတဖြစ်မှုတွေ လိုအပ်ပါတယ်။ ပြည်သူတွေ တာဝန်သိဖို့၊ အသိပညာအတတ်ပညာတွေ ပြည့်ဝဖို့၊ စည်းကမ်းကျနဖို့၊ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ကျေပွန်ဖို့၊ သစ္စာစောင့်သိဖို့ လိုအပ်ပါတယ်။

**"မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြသူတွေသာမက ကမ္ဘာကြီးရဲ့ မည်သည့်အရပ်ဒေသမှာ ရောက်ရှိနေထိုင်သည်ဖြစ်စေ မြန်မာပြည်ဖွားတိုင်းရင်းသားတွေအားလုံးဟာ မြန်မာနိုင်ငံကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု၊ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားတဲ့ နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်စေချင်တဲ့ စိတ်စေတနာရှိကြပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတည်ငြိမ်အေးချမ်းဖို့၊ အချင်းချင်းအကြား ညီညွတ်မျှတတဲ့ သဟဇာတဖြစ်မှုတွေ လိုအပ်ပါတယ်။ ပြည်သူတွေ တာဝန်သိဖို့၊ အသိပညာအတတ်ပညာတွေ ပြည့်ဝဖို့၊ စည်းကမ်းကျနဖို့၊ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ကျေပွန်ဖို့၊ သစ္စာစောင့်သိဖို့ လိုအပ်ပါတယ်"**

တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ စိတ်စေတနာတွေကတော့ နိုင်ငံသားတိုင်းမှာ ရှိကြတာမှန်ပါတယ်။ ဖွံ့ဖြိုးတိုးတက်အောင်လည်း ကြိုးစားချင်ကြပါတယ်။ လောကကောင်းကျိုး၊ လူသားတွေရဲ့ ကောင်းကျိုးကို တိုးတက်ဖွံ့ဖြိုးအောင် အပြုသဘောဘက်မှ မေတ္တာ၊ စေတနာနဲ့ပါဝင်ရွက်ဆောင်သယ်ပိုးသူဟာ လောကတ္ထစရိယာကို ဖြည့်ကျင့်ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ မှန်ကန်တဲ့စိတ်စေတနာဖြစ်ဖို့၊ လုပ်ရပ်တွေမှန်ကန်ဖို့ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေ လိုပါတယ်။ သားစဉ်မြေးဆက် အနာဂတ်ကောင်းကျိုးအတွက် ရှေးရှုဦးတည်ကာ စေတနာထားလျက် အသက်ကိုနှင်းဆက်ပြီး ရှေ့က မြန်မာတွေ တာဝန်ကျေခဲ့ကြပါတယ်။

*စာမျက်နှာ ၇ သို့*

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်း၊ အမှုထမ်းများကို Covid-19 ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးနေမှုကြည့်ရှုအားပေး

**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုသည် ကောင်စီအဖွဲ့ဝင်များဖြစ်သော ဦးမျိုးအောင်၊ ဦးသိန်းဌွေး၊ ဦးမြင့်အောင်တို့နှင့်အတူ မြို့တော်ခန်းမ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများကို Covid-19 ကာကွယ်ဆေး (COVISHIELD) ပထမအကြိမ် ထိုးနှံပေးမှုအား ယနေ့ နံနက်၁၀ နာရီက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ (ယာပုံ)

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ဒုတိယမြို့တော်ဝန် ဦးစောဟန်၊ အတွင်းရေးမှူး ဦးဝင်းမောင်နှင့် ဌာနမှူးများက ကြိုဆိုနှုတ်ဆက်ကြပြီး ဝန်ထမ်းများအား Covid-19 ကာကွယ်ဆေးထိုးနှံပေးမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ Covid-19 ရောဂါ ကာကွယ်ဆေး (COVISHIELD) အား တစ်ရက်လျှင် ဝန်ထမ်း ဦးရေ တစ်ထောင်နှုန်းဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်း၊ အမှုထမ်း ၅၉၀၀ ကျော်အား ထိုးနှံပေးရန် လျာထားကြောင်း၊ Covid-19 ကာကွယ်ဆေးထိုးပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် ယာယီထိန်းသိမ်းထားသည့် ကျောင်းသား၊ ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၂လမ်းနှင့် လမ်း ၉၀ ထောင့်တို့၌ မတ် ၇ ရက် နံနက်ပိုင်းတွင် ဆူပူအကြမ်းဖက်သူ အင်အား ၅၀၀၀ ခန့်က လမ်းများပိတ်ဆို့၍ ဆူပူဆန္ဒပြမှုများ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းနှင့်အညီ လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါ ဆူပူဆန္ဒပြသူများအနက်မှ အမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၁၉ ဦး တို့အား ယာယီဖမ်းဆီးထိန်းသိမ်းခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ ထိန်းသိမ်းထားသူများအား စိစစ်ခဲ့ရာတွင် ပတ်ဝန်းကျင်၏ စေ့ဆော်မှု၊ ဆူပူဆန္ဒပြသူများ၏ လှုံ့ဆော်စည်းရုံးခံရမှုနှင့် စားဝတ်နေရေး အထောက်အပံ့ရယူလိုမှု စသည့် အခြေခံအကြောင်းအရာများကြောင့် CDM လှုပ်ရှားဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရပြီး အထူးသဖြင့် နိုင်ငံရေးအရောင်အသွေး မရှိသော အပြစ်မဲ့နုငယ်သည့် ကျောင်းသား ၁၄ ဦးနှင့် ကျောင်းသူ ၁၂ ဦးတို့အား စိစစ်တွေ့ရှိခဲ့သည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား မတ် ၁၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားသည့်နေရာမှ အောင်မြေသာစံမြို့နယ်၊ နန်းမြို့အတွင်းသို့ ပြန်လည်ခေါ်ဆောင်ကာ စိတ်အပန်းဖြေစေရန် ဘုရားဖူးနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ နန်းမြို့တွင်း လှည့်လည်ပြသခြင်း၊ ဗဟုသုတရဖွယ် စာအုပ်၊ စာစောင်များဖတ်ရှုစေပြီး ကောင်းမွန်စွာနေထိုင်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယနေ့တွင် အဆိုပါ ကျောင်းသား၊ ကျောင်းသူ ၂၆ ဦးတို့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆုံးမအမှာစကားများ ပြောကြားပြီး ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် သိမ်းဆည်းထားသည့် ကိုယ်ပိုင်ပစ္စည်းများအား စာရင်းအတိုင်း ပြန်လည်လွှဲပြောင်းပေးအပ်ပြီး မိဘ၊ အုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်အပ်နှံစေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❊ *ကျောဖုံးမှ*

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့၊ မိုင်းဖြတ်မြို့နှင့် မိုင်းခတ်မြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်များအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနဆိုင်ရာဝန်ထမ်းများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့အတွင်းရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သောဆေးအဖွဲ့များက CDM တွင်ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် မတ် ၁၆** – COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆန်နှင့် ဆီများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။

ဝုဖ်အသင်းက ယနေ့ပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် ၂၉ ပွဲကစားပြီး ၃၅ မှတ်ဖြင့် အဆင့် (၁၃) နေရာတွင် ရပ်တည်နေသည်။ ဝုဖ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လီဗာပူးအသင်းက အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

*စာမျက်နှာ ၆ မှ*

နိုင်ငံကို အရေးပေါ်အခြေအနေကြေညာထားတဲ့ ယခုအချိန်မှာလည်း နိုင်ငံကောင်းဖို့ တပ်မတော်က စိတ်စေတနာမှန်နဲ့ လုပ်ဆောင်နေခြင်းဖြစ်တယ်၊ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မည်မဟုတ်ဘဲ အမျိုးဘာသာ သာသနာ ရေရှည်တည်တံ့စေရေးအတွက် ဦးလည်မသုန် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်တယ်လို့ အားလုံးက စိတ်ချလက်ချယုံကြည်ပြီး စိတ်ဝမ်းမကွဲပြားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နိုင်ငံကောင်းကျိုးအတွက် ပူးပေါင်းလုပ်ဆောင်ဖို့ တာဝန်ကျေကြဖို့ လိုပါတယ်။

စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်ဖို့၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ဖို့နဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံတွေအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာကျင့်သုံးဖို့ဆိုတဲ့ နိုင်ငံရေးဦးတည်ချက် ၃ ရပ် အပါအဝင် စီးပွားရေး၊ လူမှုရေး ဦးတည်ချက်တွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ကာ ကြိုးစားဆောင်ရွက်နေပါတယ်။

နိုင်ငံကောင်းကျိုးအတွက် စိတ်စေတနာမှန်နဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကို အနာဂတ်ခေါင်းဆောင်ဖြစ်လာကြမယ့် ချစ်လှစွာသော လူငယ်အပေါင်းတို့က စေတနာမှန်း သိနားလည်နိုင်တဲ့ ဉာဏ်ပညာများနဲ့ နိုင်ငံအကျိုးကို ရှေးရှုကာ အပြုသဘောဆောင် ပူးပေါင်းပါဝင်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

## မကွေးမြို့တွင် သာသနာ့ဝင်စိစစ်ရေးကတ်ပြား ဆက်ကပ်လှူဒါန်း

**မကွေး မတ် ၁၆**

မကွေးမြို့တွင် သာသနာဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က မဟာဝိသုတာရာမ ကျောင်းတိုက်၌ ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက် နိုင်ငံတော် သံဃာ့ဝန်ဆောင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တိလောက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားတော်မူသော မေတ္တာသုတ်နှင့် ပရိတ်တရားတော်များအား နာယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ သာသနာဝင် စိစစ်ရေး ကတ်ပြားများ ဆက်ကပ်လှူဒါန်းပြီး မကွေးမြို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သာသနထံမှ ရေစက်သွန်းချ အနုမောဒနာတရား နာယူကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေး

**ထားဝယ် မတ် ၁၆**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ ဃောသိတာရာမပါဠိ တက္ကသိုလ်ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ သံဃာတော်များ၊ သီလရှင်များနှင့် ဒေသခံပြည်သူများအား ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက် ထိုးနှံပေးသည်။

ထို့နောက် တနင်္သာရီတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်၊ အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တပ်မတော်မှ ဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများက သံဃာတော် ၂၇ ပါး၊ သီလရှင် ၁၈ ပါးနှင့် ဒေသခံပြည်သူ ၁၁ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ကာကွယ်ဆေး ထိုးနှံရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းပေးခြင်း၊ သွေးပေါင်ချိန် တိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ် ပညာဓိကာရုံစာသင်တိုက် ပရိယတ္တိဓမ္မာနုဂ္ဂဟ စာမေးပွဲ ဆက်လက်ကျင်းပ

**စဉ့်ကိုင် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာရှိ ပညာဓိကာရုံစာသင်တိုက် ပဓာနနာယက ဆရာတော်မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ၏ ဦးဆောင်မှုဖြင့် (၁၄) ကြိမ်မြောက် ပရိယတ္တိဓမ္မာနုဂ္ဂဟ စာမေးပွဲကို ယမန်နေ့က အဆိုပါကျောင်းတိုက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အဆိုပါ "ပရိယတ္တိဓမ္မာနုဂ္ဂဟ" စာမေးပွဲကို နာယကစာချဆရာတော် ဘဒ္ဒန္တဟိတရေ (သာသနဓဇ ဓမ္မာစရိယ)နှင့် ဂန္ထဝါစကအဖွဲ့တို့က ကြီးမှူးကျင်းပခဲ့ပြီး စာမေးပွဲကို ပထမကြီးတန်း၊ ပထမလတ်တန်း ပထမငယ်တန်း၊ မူလတန်း၊ အခြေပြုတန်း၊ စာချတန်းတို့တွင် စုစုပေါင်း စာဖြေသံဃာ ၅၁ ပါး ဖြေဆိုကြသည်။ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာမေးပွဲကို မတ် ၁၃ ရက်မှ မတ် ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စာအောင်လက်မှတ်နှင့် ဆုများကို ဧပြီ ၄ ရက်တွင် ပညာဓိကာရုံစာသင်တိုက်၌ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

## တာချီလိတ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**တာချီလိတ် မတ် ၁၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်း စတုတ္ထနေ့အဖြစ် မတ် ၁၅ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးကို မတ် ၁၁ ရက်က စတင်ထိုးနှံရာ ပထမနေ့တွင် ၁၁၂၃ ဦး၊ ဒုတိယနေ့တွင် ၁၂၉၇ ဦး၊ တတိယနေ့တွင် ၈၂၄ ဦးတို့ကို ထိုးနှံပေးခဲ့ပြီး တောင်ပေါ်နေ တိုင်းရင်းသားများလည်း လာရောက်ထိုးနှံလျက်ရှိသည်။

ကာကွယ်ဆေးကို မတ် ၁၆ ရက်အထိ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပြီး ကာကွယ်ဆေး ထိုးနှံခြင်း အစီအစဉ်ကို တပ်မတော်ဆေး တပ်ရင်းတပ်ဖွဲ့များက ထိုးနှံပေးခဲ့ခြင်းဖြစ်ကာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသည်။

ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက် မည်သူမဆို စာရင်းပေးသွင်းကာ အခမဲ့လာရောက် ထိုးနှံနိုင်ကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**



## ပုလောမြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေး



**ပုလော မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို နယ်မြေခံတပ်မှ ဆေးမှူးနှင့် သားဖွားဆရာမများ၊ မြို့နယ်ကျန်းမာရေးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

❖ *ကျောဖုံးမှ*

၅။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

## မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မဲရုံပေါင်း ၁၃၀ ရုံ | ၂၂၄၅၄၁ | ၉၄၉၉၆ | ၄၃၂၇၄ | ၅၀၇ | ၁၁၆၂၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မဲရုံပေါင်း ၁၂၄ ရုံ | ၁၃၆၁၅၅ | ၁၃၆၂၂၄ | ၅၂၃၄ | ၇၄ | ၃၆၂၂ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မဲရုံပေါင်း ၇၁ ရုံ | ၈၈၁၈၀ | ၆၀၂၃၁ | ၁၀၆၇၄ | ၁၅၇ | ၃၉၀၀ |

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၇။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၃၂၅ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၈၈၇၄၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၂၀၈၈၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၇၈၅၅၊ မြေပြင်လက်ကျန် ၁၄၄၇၉၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၀၄၀၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၇၃၄၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်း တို့ကိုတွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများသတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

## မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြုပြီး | ကျန်ရမည့်အရေအတွက် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | လှည်းကူးမြို့နယ် | ၁၃၀ | ၂၄၁၂၆၅ | ၁၆၀၄၇၆ | ၈၀၇၈၉ | ၆၄၈၃၇ | ၂၁၉၆၀ | ၆၀၀၈ |
| ၂ | တောင်ဥက္ကလာပမြို့နယ် | ၁၂၄ | ၁၅၁၁၉၅ | ၉၈၁၅၅ | ၅၃၀၄၀ | ၄၈၇၀၇ | ၄၉၈၆ | ၆၅၃ |
| ၃ | ကြည့်မြင်တိုင်မြို့နယ် | ၇၁ | ၉၆၂၈၃ | ၆၂၂၅၇ | ၃၄၀၂၆ | ၃၁၂၅၄ | ၃၄၅၅ | ၆၈၃ |
| | စုစုပေါင်း | ၃၂၅ | ၄၈၈၇၄၃ | ၃၂၀၈၈၈ | ၁၆၇၈၅၅ | ၁၄၄၇၉၈ | ၃၀၄၀၁ | ၇၃၄၄ |

၈။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ လှည်းကူးမြို့နယ်တွင် မဲရုံပေါင်း ၁၃၀ ရုံရှိပြီး စုစုပေါင်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ် ၂၄၁၂၆၅ အနက် ၂၃၆၂၀၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၃၂၇၂ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၁၇၉၃ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

## လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၃၆၂၀၀ | ၁၅၇၁၄၉ | ၇၉၀၅၁ | ၅၉၈၃၃ | ၂၁၉၆၀ | ၂၇၄၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၂၇၂ | ၃၃၂၇ | -၅၅ | - | - | ၅၅ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၇၉၃ | - | ၁၇၉၃ | ၂၃၀၀ | - | ၅၀၇ |
| ၄ | သီးခြားထိန်းသိမ်းလက်မှတ် | - | - | - | ၂၇၀၄ | - | ၂၇၀၄ |
| | စုစုပေါင်း | ၂၄၁၂၆၅ | ၁၆၀၄၇၆ | ၈၀၇၈၉ | ၆၄၈၃၇ | ၂၁၉၆၀ | ၆၀၀၈ |

၉။ လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေး မဲလက်မှတ်များ ထုတ်ယူရရှိမှုမှာ ၂၃၆၂၀၀ ဖြစ်ပြီး ၁၅၇၁၄၉ စောင် အသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၇၉၀၅၁ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၅၉၈၃၃ စောင်သာ စစ်ဆေးတွေ့ရှိရပါသည်။ စိစစ်ချက်အရ မဲရုံ ၈၉ ရုံတွင် မဲလက်မှတ် ၂၁၉၆၀ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၂၈ ရုံတွင် တရားမဝင် မဲလက်မှတ်ပေါင်း ၂၇၄၂ စောင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၀။ စိစစ်ချက်အရ မြို့နယ်ကြိုတင်မဲလက်မှတ် ၃၂၇၂ စောင်သာရှိသော်လည်း မြေပြင်တွင် ၃၃၂၇ စောင် အသုံးပြုဆန္ဒမဲပေးထားသည့်အတွက် တရားမဝင်မဲလက်မှတ် ၅၅ စောင် ပိုမိုသုံးစွဲထားရှိကြောင်း တွေ့ရှိရပါသည်။ မြို့နယ်လက်ကျန်အရန်လက်မှတ် ၁၇၉၃ စောင် မြေပြင်ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် စောင်ရေ ၂၃၀၀ စောင်ရှိနေသည့်အတွက် တရားမဝင်မဲလက်မှတ် ၅၀၇ စောင် ပိုမို ရှိနေကြောင်း တွေ့ရှိရပါသည်။

၁၁။ လှည်းကူးမြို့နယ် မဲရုံအသုံးပြုဆန္ဒမဲလက်မှတ်များ ချိပ်ပိတ်သိမ်းဆည်းအပ်နှံပြီးနောက် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံမှူးများလက်ဝယ်၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် မဲလက်မှတ် ၂၇၀၄ စောင်တို့အား ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ၈.၁၁.၂၀၂၀ ရက်နေ့ နောက်ပိုင်းမှ ထပ်မံအပ်နှံလာသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရောနှောထုပ်ပိုးသိမ်းဆည်းထားသည့်အတွက် မြေပြင်တွင် သီးခြားမဲလက်မှတ်များအဖြစ် စိစစ်တွေ့ရှိရပါသည်။

၁၂။ ရပ်/ကျေး လှည့်လည်ကောက်ခံသည့် ကြိုတင်မဲလက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်နှင့် လက်မှတ် (သို့မဟုတ်) လက်မှတ်ရေးထိုးထားရမည်ဖြစ်သော်လည်း မဲဆန္ဒရှင်အမည်နှင့် လက်ဗွေ (သို့မဟုတ်) လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အသုံးပြုပြီး မဲလက်မှတ် (ဖြတ်ပိုင်း) ၆၀ အုပ်ကိုလည်း မြေပြင်စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ လှည်းကူးမြို့နယ်တစ်ခုလုံးတွင် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်ထုတ်ယူရရှိမှုမှာ ၂၄၁၂၆၅ စောင်ဖြစ်ပြီး ၁၆၀၄၇၆ စောင် အသုံးပြုခဲ့ကြောင်းတွေ့ရှိရပြီး မဲလက်မှတ်ပေါင်း ၆၄၈၃၇ စောင်ကို အသုံးမပြုဘဲကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင်ကျန်ရှိနေကြောင်း တွေ့ရှိရပါသည်။

၁၄။ လှည်းကူးမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကျေးအမည် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိချက် | | | ပျောက်ဆုံး | ပို |
|---|---|---|---|---|---|---|---|
| | | | သုံးစွဲ | လက်ကျန် | စုစုပေါင်း | | |
| ၁ | သာသနာ့ရိပ်သာရပ်ကွက် | ၁၁၅၀၀ | ၅၆၆၃ | ၂၃၂၀ | ၇၉၈၃ | ၃၅၁၇ | |
| ၂ | အောင်မင်္ဂလာရပ်ကွက် | ၉၆၅၀ | ၆၅၁၆ | ၂၈၃၃ | ၉၃၄၉ | ၄၀၁ | ၁၀၀ |
| ၃ | မရမ်းချောင်းကျေးရွာ | ၂၂၅၀ | ၁၅၅၆ | ၇၂၄ | ၂၂၈၀ | | ၃၀ |
| ၄ | မင်းကုန်းကျေးရွာ | ၁၁၇၅၀ | ၈၂၄၈ | ၂၃၃၇ | ၁၀၅၈၅ | ၁၁၆၅ | |
| ၅ | ဖောင်ကြီးအရှေ့ကျေးရွာ | ၇၇၀၀ | ၄၂၄၇ | ၂၀၉၂ | ၆၃၃၉ | ၁၃၆၁ | |
| ၆ | ဖောင်ကြီးအနောက်ကျေးရွာ | ၆၃၅၀ | ၄၇၀၇ | ၁၅၄၁ | ၆၂၄၈ | ၁၀၂ | |
| ၇ | ပုတ်သင်ညိုကျေးရွာ | ၁၇၀၀ | ၁၂၁၃ | ၃၈၅ | ၁၅၉၈ | ၁၀၂ | |
| ၈ | ဝွေးတောက်အိုင်ကျေးရွာ | ၃၃၅၀ | ၂၂၅၁ | ၇၀၁ | ၂၉၅၂ | ၃၉၈ | |
| ၉ | ဟိုင်းကူးကျေးရွာ | ၆၈၅၀ | ၄၉၂၈ | ၁၂၁၉ | ၆၁၄၇ | ၇၀၃ | |
| ၁၀ | နန္ဒိကျေးရွာ | ၄၂၀၀ | ၂၆၅၄ | ၈၆၅ | ၃၅၁၉ | ၇၃၁ | ၅၀ |
| ၁၁ | ငါးဆူတောင်ကျေးရွာ | ၄၂၅၀ | ၂၃၄၆ | ၁၃၀၁ | ၃၆၄၇ | ၆၀၃ | |
| ၁၂ | ကြာအင်းကျေးရွာ | ၉၈၀၀ | ၆၀၄၂ | ၃၃၃၁ | ၉၃၇၃ | ၅၀၁ | ၇၄ |
| ၁၃ | စာဘူးတောင်းကျေးရွာ | ၉၄၀၀ | ၆၇၀၃ | ၂၅၈၂ | ၉၂၈၅ | ၂၁၅ | ၁၀၀ |
| ၁၄ | ကျောက်ကုဒင်ကျေးရွာ | ၂၃၅၀ | ၁၈၆၅ | ၄၈၅ | ၂၃၅၀ | | |
| ၁၅ | ကလီထော်အရှေ့ကျေးရွာ | ၂၆၀၀ | ၁၆၃၄ | ၅၁၆ | ၂၁၅၀ | ၄၅၀ | |
| ၁၆ | ကလီထော်အနောက်ကျေးရွာ | ၃၁၀၀ | ၂၃၂၉ | ၇၇၁ | ၃၁၀၀ | ၅၀ | ၅၀ |
| ၁၇ | စခန်းကြီးကျေးရွာ | ၄၅၅၀ | ၂၀၉၂ | ၁၁၅၈ | ၃၂၅၀ | ၁၃၀၀ | |
| ၁၈ | သာယာကုန်းကျေးရွာ | ၅၁၀၀ | ၃၆၁၁ | ၁၄၀၉ | ၅၀၂၀ | ၈၀ | |
| ၁၉ | ခရောင်ကျေးရွာ | ၆၅၀ | ၄၅၅ | ၁၄၅ | ၆၀၀ | ၅၀ | |
| ၂၀ | ညောင်တခြမ်းကျေးရွာ | ၁၀၀၀ | ၇၁၂ | ၁၈၂ | ၈၉၄ | ၁၀၆ | |

*စာမျက်နှာ ၁၀ သို့*

စာမျက်နှာ ၉ မှ

| စဉ် | ရပ်ကျေးအမည် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိချက် | | | ပျောက်ဆုံး | ပို |
|---|---|---|---|---|---|---|---|
| | | | သုံးစွဲ | လက်ကျန် | စုစုပေါင်း | | |
| ၂၁ | ဝါးနက်ကုန်းကျေးရွာ | ၄၁၀၀ | ၃၀၃၀ | ၁၀၂၀ | ၄၀၅၀ | ၁၅၀ | ၁၀၀ |
| ၂၂ | သူငယ့်ချောင်ကျေးရွာ | ၃၇၀၀ | ၂၇၁၅ | ၉၈၅ | ၃၇၀၀ | ၃၅၀ | ၃၅၀ |
| ၂၃ | မြို့မရပ်ကွက် | ၆၆၅၀ | ၄၇၅၆ | ၁၆၄၂ | ၆၃၉၈ | ၂၅၂ | |
| ၂၄ | ဈေးကြီးရပ်ကွက် | ၁၃၀၀ | ၉၃၂ | ၃၆၈ | ၁၃၀၀ | | |
| ၂၅ | ပြည်တော်သာရပ်ကွက် | ၇၉၀၀ | ၄၅၅၃ | ၂၁၆၁ | ၆၇၁၄ | ၁၃၈၆ | ၂၀၀ |
| ၂၆ | ကျွန်းကလေးကျေးရွာ | ၈၂၀၀ | ၅၁၃၄ | ၃၁၆၄ | ၈၂၉၈ | ၄၈ | ၁၄၆ |
| ၂၇ | ဇီးပင်ဝဲကျေးရွာ | ၁၆၅၀ | ၁၂၃၅ | ၄၁၅ | ၁၆၅၀ | | |
| ၂၈ | ရဲမွန်ကျေးရွာ | ၉၆၅၀ | ၆၅၁၁ | ၂၉၅၇ | ၉၄၆၈ | ၄၀၃ | ၂၂၁ |
| ၂၉ | အင်းတိုင်ကျေးရွာ | ၉၅၀၀ | ၆၈၄၄ | ၂၃၇၇ | ၉၂၂၁ | ၃၂၉ | ၅၀ |
| ၃၀ | အလံဂပိုကျေးရွာ | ၃၂၀၀ | ၂၆၆၁ | ၅၇၉ | ၃၂၄၀ | | ၄၀ |
| ၃၁ | စိုင်ဒီကုန်းကျေးရွာ | ၁၀၀၀ | ၇၃၃ | ၂၁၇ | ၉၅၀ | ၅၀ | |
| ၃၂ | ကျီးကန်းသိုက်ကျေးရွာ | ၄၀၀ | ၂၄၈ | ၁၀၂ | ၃၅၀ | ၅၀ | |
| ၃၃ | ဝါးရုံစွန်းကျေးရွာ | ၂၁၅၀ | ၁၇၀၆ | ၃၄၆ | ၂၀၅၂ | ၉၈ | |
| ၃၄ | စွယ်လပ်ကျေးရွာ | ၃၀၀ | ၁၅၅ | ၉၃ | ၂၄၈ | ၅၂ | |
| ၃၅ | ဖဲခမဲကျေးရွာ | ၁၅၀၀ | ၁၀၆၁ | ၃၃၅ | ၁၃၉၆ | ၁၀၄ | |
| ၃၆ | သနပ်ပြင်ကျေးရွာ | ၂၇၀၀ | ၂၁၇၃ | ၄၂၇ | ၂၆၀၀ | ၁၀၀ | |
| ၃၇ | ဆားတလင်းကျေးရွာ | ၃၄၀၀ | ၂၇၁၆ | ၆၃၂ | ၃၃၄၈ | ၃၅၇ | ၃၀၅ |
| ၃၈ | ဒါးပိန်တောင်ကျေးရွာ | ၁၁၆၅၀ | ၈၂၈၇ | ၃၂၁၃ | ၁၁၅၀၀ | ၄၀၀ | ၂၅၀ |
| ၃၉ | ဒါးပိန်မြောက်ကျေးရွာ | ၃၉၀၀ | ၂၇၉၇ | ၁၀၅၂ | ၃၈၄၉ | ၁၀၁ | ၅၀ |
| ၄၀ | သခွတ်ပင်ကျေးရွာ | ၁၆၀၀ | ၁၁၈၀ | ၃၇၀ | ၁၅၅၀ | ၅၀ | |
| ၄၁ | မအူကျေးရွာ | ၂၉၅၀ | ၉၂၆ | ၃၆၄ | ၁၂၉၀ | ၁၆၆၀ | |
| ၄၂ | ရှမ်းတဲကြီးအထက်ကျေးရွာ | ၂၃၀၀ | ၁၉၀၆ | ၇၄၅ | ၂၆၅၁ | | ၃၅၁ |
| ၄၃ | ကျွန်းကုန်းကျေးရွာ | ၁၅၅၀ | ၁၁၄၅ | ၃၄၉ | ၁၄၉၄ | ၅၆ | |
| ၄၄ | တံခွန်တိုင်(လှည်းကူး)ကျေးရွာ | ၇၀၀ | ၄၀၃ | ၁၉၅ | ၅၉၈ | ၁၀၂ | |
| ၄၅ | လက်ပန်ကျေးရွာ | ၈၅၀ | ၆၆၃ | ၈၇ | ၇၅၀ | ၁၀၀ | |
| ၄၆ | ပိုက်ကြီးဝဲကျေးရွာ | ၂၂၅၀ | ၁၇၁၄ | ၅၈၅ | ၂၂၉၉ | | ၄၉ |
| ၄၇ | မုဆိုးညောင်ပင်ကျေးရွာ | ၂၁၀၀ | ၁၅၄၉ | ၂၀၀ | ၁၇၄၉ | ၃၅၁ | |
| ၄၈ | ဘိုးရင်ကလေးကျေးရွာ | ၂၆၅၀ | ၁၄၈၆ | ၄၆၀ | ၁၉၄၆ | ၇၀၄ | |
| ၄၉ | အဝိုင်းကျေးရွာ | ၁၆၅၀ | ၈၉၃ | ၁၆၆ | ၁၀၅၉ | ၅၉၁ | |
| ၅၀ | စစ်ပင်မြောက်ကျေးရွာ | ၉၅၀ | ၇၄၀ | ၁၆၀ | ၉၀၀ | ၅၀ | |
| ၅၁ | မလစ်အနောက်ကျေးရွာ | ၂၂၅၀ | ၁၇၀၁ | ၃၉၇ | ၂၀၉၈ | ၁၅၂ | |
| ၅၂ | ဆင်ဖုံကျေးရွာ | ၂၉၀၀ | ၂၃၃၆ | ၅၉၀ | ၂၉၂၆ | | ၂၆ |
| ၅၃ | ဘားလားကျေးရွာ | ၂၇၀၀ | ၂၃၃၅ | ၄၁၅ | ၂၇၅၀ | | ၅၀ |
| ၅၄ | တံခွန်တိုင်(အင်းစိန်)ကျေးရွာ | ၂၆၅၀ | ၁၅၂၅ | ၁၀၂၅ | ၂၅၅၀ | ၁၀၀ | |
| ၅၅ | ငွေနံ့သာကျေးရွာ | ၁၄၅၀ | ၁၁၁၀ | ၄၉၀ | ၁၆၀၀ | | ၁၅၀ |
| ၅၆ | အုန်းနဲ့ကုန်းကျေးရွာ | ၄၀၀၀ | ၂၁၉၃ | ၁၂၀၇ | ၃၄၀၀ | ၆၀၀ | |
| ၅၇ | ဇရပ်ကွင်းကျေးရွာ | ၉၇၅၀ | ၅၃၂၅ | ၃၀၄၆ | ၈၃၇၁ | ၁၃၇၉ | |
| | **စုစုပေါင်း** | **၂၃၆၂၀၀** | **၁၅၇၁၄၉** | **၅၉၈၃၃** | **၂၁၆၉၈၂** | **၂၁၉၆၀** | **၂၇၄၂** |

၁၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ မဲရုံပေါင်း ၁၂၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၅၁၁၉၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၈၁၅၅ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၅၃၀၄၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၈၇၀၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပါသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

## တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၄၇၅၅၀ | ၉၆၁၂၁ | ၅၁၄၂၉ | ၄၆၄၄၆ | ၄၉၈၆ | ၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀၃၄ | ၂၀၃၄ | - | - | - | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၁၁ | - | ၁၆၁၁ | ၂၂၆၁ | - | ၆၅၀ |
| | **စုစုပေါင်း** | **၁၅၁၁၉၅** | **၉၈၁၅၅** | **၅၃၀၄၀** | **၄၈၇၀၇** | **၄၉၈၆** | **၆၅၃** |

၁၆။ တောင်ဥက္ကလာပမြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်ရှိ မဲရုံ ၁၂၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၉၈၆ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၃ စောင် အပိုတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့်လက်ကျန်အရေအတွက် ၁၆၁၁ ဖြစ်သော်လည်း မြေပြင်တွင် ၂၂၆၁ ကျန်ရှိနေသည်။ အမှတ်(၃)ရပ်ကွက်၊ မဲရုံအမှတ်(၂) တွင် မဲပေးအသုံးပြုခဲ့သော မဲလက်မှတ် လက်ခံဖြတ်ပိုင်းများ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

၁၇။ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၃)ရပ်ကွက် | ၃၂၀၀ | ၁၃၂၇ | ၁၈၇၃ | ၁၁၁၇ | ၇၅၆ | |
| ၂ | အမှတ်(၄)ရပ်ကွက် | ၁၄၄၀၀ | ၉၉၂၉ | ၄၄၇၁ | ၄၃၂၁ | ၁၅၀ | |
| ၃ | အမှတ်(၅)ရပ်ကွက် | ၁၄၀၅၀ | ၉၇၂၈ | ၄၃၂၂ | ၄၁၂၁ | ၂၀၁ | |
| ၄ | အမှတ်(၆)ရပ်ကွက် | ၁၀၃၅၀ | ၆၇၂၉ | ၃၆၂၁ | ၃၃၇၀ | ၂၅၁ | |
| ၅ | အမှတ်(၇)ရပ်ကွက် | ၁၆၄၅၀ | ၁၀၅၈၀ | ၅၈၇၀ | ၅၆၇၈ | ၁၉၂ | |
| ၆ | အမှတ်(၈)ရပ်ကွက် | ၁၉၅၀ | ၈၃၈ | ၁၁၁၂ | ၈၆၂ | ၂၅၀ | |
| ၇ | အမှတ်(၉)ရပ်ကွက် | ၁၀၁၀၀ | ၆၆၆၈ | ၃၄၃၂ | ၃၀၄၂ | ၃၉၀ | |
| ၈ | အမှတ်(၁၀)ရပ်ကွက် | ၁၂၅၀၀ | ၈၆၉၉ | ၃၈၀၁ | ၃၆၆၀ | ၁၄၁ | |
| ၉ | အမှတ်(၁၁)ရပ်ကွက် | ၆၆၅၀ | ၄၅၈၂ | ၂၀၆၈ | ၂၀၇၁ | | ၃ |
| ၁၀ | အမှတ်(၁၂)ရပ်ကွက် | ၁၃၁၀၀ | ၈၄၄၅ | ၄၆၅၅ | ၄၂၇၃ | ၃၈၂ | |
| ၁၁ | အမှတ်(၁၃)ရပ်ကွက် | ၁၈၇၀၀ | ၁၂၃၅၆ | ၆၃၄၄ | ၄၉၄၁ | ၁၄၀၃ | |
| ၁၂ | အမှတ်(၁၄)ရပ်ကွက် | ၁၉၅၅၀ | ၁၁၆၈၂ | ၇၈၆၈ | ၆၉၉၈ | ၈၇၀ | |
| ၁၃ | အမှတ်(၁၅)ရပ်ကွက် | ၆၅၅၀ | ၄၅၅၈ | ၁၉၉၂ | ၁၉၉၂ | - | |
| | **ရပ်ကွက်ချုပ် စုစုပေါင်း** | **၁၄၇၅၅၀** | **၉၆၁၂၁** | **၅၁၄၂၉** | **၄၆၄၄၆** | **၄၉၈၆** | **၃** |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀၃၄ | ၂၀၃၄ | - | - | - | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၁၁ | - | ၁၆၁၁ | ၂၂၆၁ | - | ၆၅၀ |
| | **မြို့နယ်ချုပ် စုစုပေါင်း** | **၁၅၁၁၉၅** | **၉၈၁၅၅** | **၅၃၀၄၀** | **၄၈၇၀၇** | **၄၉၈၆** | **၆၅၃** |

၁၈။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တွင် မဲရုံပေါင်း ၇၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၆၂၈၃ ရွက် ၊ မဲပေးအသုံးပြုခဲ့သော လက်ခံဖြတ်ပိုင်းများမှာ ၆၂၂၅၇ ရွက်၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၄၀၂၆ ရွက်၊ မြေပြင်လက်ကျန် ၃၁၂၅၄ ရွက် ဖြစ်ကြောင်း တွေ့ရှိရပြီး စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၀၃၅၀ | ၆၁၀၂၄ | ၂၉၃၂၆ | ၂၆၂၅၄ | ၃၄၅၅ | ၃၈၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၂၃၃ | ၁၂၃၃ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၇၀၀ | - | ၄၇၀၀ | ၅၀၀၀ | - | ၃၀၀ |
| | **စုစုပေါင်း** | **၉၆၂၈၃** | **၆၂၂၅၇** | **၃၄၀၂၆** | **၃၁၂၅၄** | **၃၄၅၅** | **၆၈၃** |

စာမျက်နှာ ၁၁ သို့

# ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း

**ဟားခါး မတ် ၁၆**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ပြီးစီးမှုရာခိုင်နှုန်းအလိုက် ငွေထုတ်ယူခွင့်များကိုလည်း အချိန်မဆိုင်းဘဲ တင်ပြကြရန်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရန်နှင့် လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်၊ Civil Disobedient Movement (CDM) တွင် ပါဝင်သည့် ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ ဧည့်စာရင်းစစ်ဆေးမှုကို ဥပဒေနှင့်အညီ စစ်ဆေးရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းကပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ တောင်းခံသည့် စာရင်းဇယားများ အချိန်မီပေးပို့ရေး၊ နိုင်ငံ့ဝန်ထမ်းများမလိုအပ်ဘဲ ခရီးမသွားရေး၊ မကြာမီ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် စာရင်းများ မှန်ကန်စွာပေးပို့ရေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသည့် ရဟန်းသံဃာတော်များနှင့် သီလရှင်များအား ဘွဲ့တံဆိပ်တော်များ ကပ်လှူနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းများအနေဖြင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများဖွင့်လှစ်ရေးနှင့် လိုအပ်ချက်များ တင်ပြရန် ဆွေးနွေးပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွန်းလှိုင်က လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စနှင့် ဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

၁၉။ ကြည့်မြင်တိုင်မြို့နယ်တွင် မဲရုံပေါင်း ၇၁ ရုံရှိပြီး၊ ထုတ်ယူရရှိ လွှတ်တော်ဆန္ဒမဲလက်မှတ် ၉၆၂၈၃ စောင်အနက် ၉၀၃၅၀ စောင်အား ရပ်/ကျေးမဲလက်မှတ်အဖြစ်လည်းကောင်း၊ ၁၂၃၃ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်အဖြစ်လည်းကောင်း၊ ကျန် ၄၇၀၀ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်အဖြစ်လည်းကောင်း ခွဲဝေ၊ ထုတ်ပေး၊ သုံးစွဲ ထိန်းသိမ်းထားရှိကြောင်း တွေ့ရှိရပါသည်။

၂၀။ မြေပြင်ဖွင့်ဖောက်စစ်ဆေးချက်အရ ရပ်/ကျေးမဲလက်မှတ် ၉၀၃၅၀ အနက်မှ ၆၁၀၂၄ စောင်အား ဆန္ဒမဲပေးအသုံးပြုထားရှိခဲ့သဖြင့် လက်ကျန်အဖြစ် ၂၉၃၂၆ စောင် အမှန်တကယ် ကျန်ရှိနေရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၆၂၅၄ စောင်သာ တွေ့ရှိရသည့်အတွက် မဲလက်မှတ်စောင်ရေ ၃၄၅၅ စောင်အား ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ပြန်လည်အပ်နှံရန် ပျက်ကွက်၍ လျော့နည်း ပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ မဲရုံများတွင် အပိုမဲလက်မှတ် ၃၈၃ စောင် သုံးစွဲခဲ့ကြောင်း တွေ့ရပါသည်။

၂၁။ မြို့နယ်ကြိုတင်မဲလက်မှတ် ရရှိသုံးစွဲမှုနှင့်ပတ်သက်၍ စာရင်းကွာဟချက်မရှိကြောင်း တွေ့ရှိရသော်လည်း မြို့နယ်လက်ကျန်(အရန်) မဲလက်မှတ် ၄၇၀၀ ရှိရမည့်အစား မြေပြင်တွင် စောင်ရေ ၅၀၀၀ စိစစ်တွေ့ရှိရသဖြင့် တရားမဝင်မဲလက်မှတ်စောင်ရေ ၃၀၀ အပိုရှိနေကြောင်း တွေ့ရှိရပါသည်။

၂၂။ ကြည့်မြင်တိုင်မြို့နယ်တစ်ခုလုံးတွင် ထုတ်ယူရရှိ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၉၆၂၈၃ စောင်အနက် မဲလက်မှတ် ၆၂၂၅၇ စောင်အား ဆန္ဒမဲပေးအသုံးပြုခဲ့ပြီး အသုံးမပြုရသေးသည့် မဲလက်မှတ် ၃၁၂၅၄ စောင်အား မြေပြင်လက်ကျန်အဖြစ် တွေ့ရှိရပါသည်။

၂၃။ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–



မဲလက်မှတ်များ မြေပြင်စစ်ဆေးစဉ်။

## ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | ရပ်ကွက်အမည် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိမှု | | | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | သုံးစွဲ | လက်ကျန် | စုစုပေါင်း | ပျောက်ဆုံး | ပို |
| ၁ | သရက်တော(မြောက်) | ၂၁၅၀ | ၁၅၈၅ | ၅၁၅ | ၂၁၀၀ | ၅၀ | |
| ၂ | သရက်တော(တောင်) | ၃၀၀၀ | ၂၀၀၇ | ၉၉၃ | ၃၀၀၀ | | |
| ၃ | သာခု(အရှေ့) | ၂၆၀၀ | ၁၈၅၁ | ၇၄၆ | ၂၅၉၇ | ၃ | |
| ၄ | သာခု(အနောက်) | ၂၄၅၀ | ၁၇၁၃ | ၇၇၇ | ၂၄၉၀ | | ၄၀ |
| ၅ | မကျည်းတန်းမြောက်အရှေ့ | ၃၉၀၀ | ၂၆၆၁ | ၁၁၇၈ | ၃၈၃၉ | ၆၁ | |
| ၆ | မကျည်းတန်းမြောက်အနောက် | ၁၃၀၀ | ၈၃၂ | ၄၆၇ | ၁၂၉၉ | ၁ | |
| ၇ | မကျည်းတန်းတောင်အရှေ့ | ၂၁၀၀ | ၁၃၄၁ | | ၁၃၄၁ | ၇၅၉ | |
| ၈ | မကျည်းတန်းတောင်အနောက် | ၃၀၀၀ | ၁၉၀၄ | ၁၀၈၄ | ၂၉၈၈ | ၁၂ | |
| ၉ | ဈေးကြီး(အရှေ့) | ၄၅၅၀ | ၂၉၇၂ | ၁၃၆၂ | ၄၃၃၄ | ၂၁၆ | |
| ၁၀ | ဈေးကြီး(အနောက်) | ၅၂၅၀ | ၃၃၂၇ | ၁၉၁၃ | ၅၂၄၀ | ၁၀ | |
| ၁၁ | အိုးဘို | ၄၃၀၀ | ၂၈၇၅ | ၁၄၃၀ | ၄၃၀၅ | | ၅ |
| ၁၂ | ဘောဂ | ၂၄၀၀ | ၁၆၅၅ | ၆၉၀ | ၂၃၄၅ | ၅၅ | |
| ၁၃ | ဈေးကလေး | ၄၆၀၀ | ၂၉၆၆ | ၁၄၀၄ | ၄၃၇၀ | ၂၃၀ | |
| ၁၄ | ပန်းလှိုင် | ၃၇၅၀ | ၂၆၄၅ | ၁၀၅၈ | ၃၇၀၃ | ၄၇ | |
| ၁၅ | ထီးတန်းစက်မြေ | ၃၂၅၀ | ၂၀၃၆ | ၁၁၁၂ | ၃၁၄၈ | ၁၀၂ | |
| ၁၆ | ကရင်အမျိုးသား | ၂၅၅၀ | ၁၈၅၃ | ၆၉၃ | ၂၅၄၆ | ၄ | |
| ၁၇ | ဆေးရိုးတန်းငြိမ်းချမ်းရေး | ၃၈၀၀ | ၂၁၀၃ | ၉၃၆ | ၃၀၃၉ | ၇၆၁ | |
| ၁၈ | သီတာရပ်ကွက် | ၃၁၀၀ | ၁၉၅၉ | ၁၁၄၃ | ၃၁၀၂ | | ၂ |
| ၁၉ | ဝါးရုံဆိပ်/အေးရွာ(အနောက်) | ၅၅၀၀ | ၄၃၉၃ | ၈၂၅ | ၅၂၁၈ | ၂၈၂ | |
| ၂၀ | အေးရွာဘလုတ်ညွန့်စက်ကလေး | ၈၆၀၀ | ၆၃၄၈ | ၂၅၈၈ | ၈၉၃၆ | | ၃၃၆ |
| ၂၁ | စက်ဆန်းအောက်ရုံအလတ်ချောင်း | ၁၁၃၅၀ | ၇၇၆၅ | ၃၀၄၇ | ၁၀၈၁၂ | ၅၃၈ | |
| ၂၂ | ဆိပ်ကြီးဦးမြငါးစင် | ၆၈၅၀ | ၄၂၃၃ | ၂၂၉၃ | ၆၅၂၆ | ၃၂၄ | |
| | ရပ်ကျေး+ မဲရုံစုစုပေါင်း | ၉၀၃၅၀ | ၆၁၀၂၄ | ၂၆၂၅၄ | ၈၇၂၇၈ | ၃၄၅၅ | ၃၈၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၂၃၃ | ၁၂၃၃ | | ၁၂၃၃ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၇၀၀ | | ၅၀၀၀ | ၅၀၀၀ | | ၃၀၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၆၂၈၃ | ၆၂၂၅၇ | ၃၁၂၅၄ | ၉၃၅၁၁ | ၃၄၅၅ | ၆၈၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အီတလီနိုင်ငံ၏တစ်ဝက်နီးပါးမှာ တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်မှုအောက်ရောက်ရှိ



အီတလီနိုင်ငံ ရောမမြို့တွင် လူသူရှင်းလင်းနေသည့်လမ်းမကြီးကို တွေ့ရစဉ်။

ရောမ မတ် ၁၆

**အီတလီနိုင်ငံသည် မတ် ၁၅ ရက်မှ စတင်ကာ ကိုဗစ် -၁၉ တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်မှုအောက် ရောက်ရှိနေပြီဖြစ်သည်။ ဒေသပေါင်း ၂၀ တိုင်းပြည်၏ ထက်ဝက်နီးပါးခန့်မှာ အနီရောင်ဇုန်အဖြစ် သတ်မှတ်ထားသည်။ အနီရောင်ကန့်သတ်မှုများကို အမြင့်ဆုံးအဆင့်ထိ ချမှတ်ထားသည်။**

အနီရောင်ဇုန် ဒေသ ၁၂ ခုတွင် အရေးတကြီး မလိုအပ်သည့် အသွားအလာကန့်သတ်မှုများကို ဆက်လက်ပိတ်ထားဆဲဖြစ်ပြီး ဘားများနှင့် စားသောက်ဆိုင်များသည် ပါဆယ်စနစ်ဖြင့်သာ ရောင်းချမှုပြုလုပ်သည်။

အလုပ်သွားရန်နှင့် ကျန်းမာရေးကိစ္စအတွက်သာ လူများကို အပြင်ထွက်ခွင့်ပေးထားသည်။ ကျောင်းများကိုလည်း ပိတ်ထားပြီး တိုင်းပြည်အနှံ့ ကျောင်းသား ၁၀ ယောက်လျှင် ရှစ်ယောက်မှာ အဝေးမှ သင်ကြားသည့်စနစ်ဖြင့်သာ စာသင်ကြားမှု ခံယူနေရသည်။ အီတလီနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃ ဒသမ ၂ သန်းရှိပြီး ၎င်းတို့ထဲတွင် သေဆုံးသူများနှင့် ပြန်လည်ကျန်းမာလာသူ အရေအတွက်လည်းပါဝင်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ်ကူးစက်ခံရသူ ၁၅၂၆၇ ဦးရှိသည်ဟု အီတလီကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ သို့သော်လည်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ၉၀၉ ဦး ကျဆင်းလာသည်ဟု သိရသည်။

နောက်ထပ်သေဆုံးသူ ၃၅၄ ဦး အပါအဝင် စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၁၀၂၄၉၉ ဦး ရှိသည်။ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာလည်း ၂ ဒသမ ၆ သန်း ရှိလာပြီဖြစ်သည်။ အီတလီနိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုများ ဆက်လက်ဆောင်ရွက်နေပြီး လူပေါင်း ၆ ဒသမ ၇ သန်းရှိပြီး နှစ်ကြိမ်တိုင်ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ နှစ်သန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

# အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်တွင် ဒုံးကျည်နှစ်စင်းထိမှန်

**ဘဂ္ဂဒက် မတ် ၁၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ် အီရတ်လေတပ်စခန်းအနီးတွင် မတ် ၁၅ ရက်က ဒုံးကျည်နှစ်စင်း ထိမှန်ခဲ့သည်ဟု အီရတ်တပ်ဖွဲ့က ပြောသည်။

မတ် ၁၅ ရက် ညနေပိုင်းက ဘာလတ် အဆိုပါစခန်းကို ဒုံးကျည်ထိမှန်ခဲ့ပြီး သေကျေပျက်စီးသူမရှိဟု အီရတ် ပူးတွဲစစ်ဆင်ရေးကွပ်ကဲရေးရုံး သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ဘာလတ် လေတပ်စခန်းမှာ အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မှ ၉၀ ကီလိုမီတာအကွာတွင် ရှိသည်။ ဆာဒီရတ် အယ်ရှရက်ဒေသမှ ဒုံးကျည်များပစ်ခတ်လိုက်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။ ဘာလတ် စခန်းသည် အီရတ်ရှိ အကြီးဆုံးစစ်အခြေစိုက်စခန်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့၏ ထောက်ပံ့ရေးပစ္စည်းများပေးပို့ရာနေရာဟုလည်း နာမည်ကြီးသည်။



ဘာလတ် လေတပ်စခန်း။

အဆိုပါစခန်းတွင် အမေရိကန် ကျွမ်းကျင်သူများနှင့် အကြံပေးများ နေထိုင်သည်ဟု သိရသည်။ အက်ဖ်-၁၆ တိုက်လေယာဉ် ထိန်းသိမ်းရေးအတွက် အဆိုပါစခန်းတွင် အမေရိကန်ကုမ္ပဏီမှ ကျွမ်းကျင်သူများနှင့် အကြံပေးများ နေထိုင်သည်ဟု သိရသည်။ စစ်သွေးကြွများက ယင်းစခန်းကို မကြာခဏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သည့်တစ်နှစ်ကျော်ကတည်းက ယင်းဒေသမှ ဆုတ်ခွာခဲ့ကြသည်။ ယခု ဒုံးကျည်တိုက်ခိုက်မှုမှာ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။ အမေရိကန်တပ်ဖွဲ့ဝင်များ နေထိုင်သည့် အီရတ်အခြေစိုက်စခန်းများနှင့် အမေရိကန်သံရုံးရှိရာဒေသသို့ မကြာခဏ ပစ်မှတ်ထားကာ တိုက်ခိုက်ခံနေရသည်။

ဆင်ဟွာ

## ဆီးရီးယားပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာမှ သံတမန်နည်းလမ်းအရ လုပ်ဆောင်ရန် ကုလတိုက်တွန်း

**ဂျီနီဗာ မတ် ၁၆**

ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဂီယာပီတာဆင်က အပြည်ပြည်ဆိုင်ရာ သံတမန်နည်းလမ်းအရ ဆီးရီးယားစစ်ပွဲကို အဆုံးသတ်စေရေးအတွက် တောင်းဆိုခဲ့သည်။

အပြည်ပြည်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများနှင့် ဆွေးနွေးတိုင်ပင်မှုပုံစံအသစ်များ လိုအပ်သည်ဟုလည်း ၎င်းက အကြံပြုပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံရှိ အဖွဲ့အစည်းများသည် စစ်ပြေငြိမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရမည်ဖြစ်ပြီး နိုင်ငံရေးအရ ယင်းကဲ့သို့ ပြုလုပ်လိုသည့်ဆန္ဒရှိကြောင်းလည်း ပြသရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဆီးရီးယားပြည်သူများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတို့ကြား ယုံကြည်မှုအနည်းငယ်ရှိလျှင် တိုးတက်မှုဖြစ်စဉ်ပြုလုပ်ရန် လွယ်ကူမည်မဟုတ်ကြောင်း ကုလအထူးကိုယ်စားလှယ်က ပြောကြားခဲ့သည်။

အောင်မြင်မှုရရှိနိုင်ရေးအတွက် ဆီးရီးယားအစိုးရ၊ အတိုက်အခံများနှင့် အပြည်ပြည်ဆိုင်ရာမှ အဓိကလှုပ်ရှားသူများသည် ငြိမ်းချမ်းရေးအတွက် အောင်မြင်နိုင်ရေး လက်တွေ့ကျကျ မျှော်လင့်မှုများသာမက ဆီးရီးယားပဋိပက္ခကို ဖြေရှင်းနိုင်မည့် လမ်းပြမြေပုံကိုလည်း စားပွဲဝိုင်းတွင် ဆွေးနွေးရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# အမေရိကန် ခရီးစဉ်မတိုင်မီ ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟိဒဲ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူ



ဂျပန်ဝန်ကြီးချုပ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူနေစဉ်။

**တိုကျို မတ် ၁၆**

ဂျပန်ဝန်ကြီးချုပ် မစ္စတာ ဆူဂါ ယိုရှီဟိဒဲသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့် ခရီးစဉ်မတိုင်မီ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သည်ဟု သိရသည်။

လာမည့်လ အစောပိုင်း သို့မဟုတ် နှောင်းပိုင်းတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံရန် စီစဉ်ထားသည်။ ဂျပန်ဝန်ကြီးချုပ်နှင့် ၎င်းနှင့်အတူလိုက်ပါကြမည့်လူတိုင်း ခရီးစဉ်မတိုင်မီ ကာကွယ်ဆေး ထိုးနှံကြမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်သည် တိုကျိုရှိ ရှင်ဂျူကူရပ်ကွက်ရှိ ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာ အမျိုးသားစင်တာတွင် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။ ကာကွယ်ဆေး ထိုးပြီးသည့်နောက် အလွန်မနာကျင်ကြောင်း ဆူဂါက သတင်းထောက်များကို ပြောသည်။

ကိုဗစ် -၁၉ ကာကွယ်ဆေးမှာ ကူးစက်မှုများကို ကာကွယ်ပေးရန် အကျိုးကျေးဇူးများမည်ဟု ယုံကြည်ကြောင်း၊ ထို့ပြင် လူနာများ ရောဂါအပြင်းအထန်ခံစားရခြင်းမှ ကာကွယ်ပေးနိုင်မည်ဟုလည်း ယုံကြည်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ မကြာမီအချိန်အတွင်း ဂျပန်ပြည်သူများအားလုံး ကာကွယ်ဆေး ထိုးနှံပေးနိုင်တော့မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဂျပန်ပြည်သူများ ကိုဗစ် -၁၉ ကာကွယ်ဆေးကို လိုလိုလားလားထိုးနှံမှု ခံယူကြရန် သတင်းအချက်အလက်များ မျှဝေပေးမည်ဟုလည်း သိရသည်။

အင်န်အိတ်ချ်ကေ

# လွန်ခဲ့သောသီတင်းပတ်က ရပ်ဆိုင်းခဲ့သော အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဝေခြင်းများကို ထိုင်းနိုင်ငံ၌ ပြန်လည်စတင်

**ဘန်ကောက် မတ် ၁၆**

ထိုင်းနိုင်ငံသည် လွန်ခဲ့သော သီတင်းပတ်က ရပ်ဆိုင်းခဲ့သော အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြန့်ဝေခြင်းများကို ပြန်လည်စတင်ခဲ့သည်။ တစ်ချိန်တည်းတွင် တချို့ဥရောပနိုင်ငံများက အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး အသုံးပြုခွင့်ကို ရပ်ဆိုင်းထားကြောင်း သိရသည်။

ထိုင်းအစိုးရက ကိုဗစ်-၁၉ ကာကွယ်ဆေး၏ ဘေးကင်းစိတ်ချရမှုအပေါ် ဘက်ပေါင်းစုံက ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ ထိုသို့ ဆုံးဖြတ်ချက်ချခဲ့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုမ္ပဏီတို့က ထုတ်ပြန်လိုက်သော ကြေညာချက်များကို အခြေခံလျက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာသည် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မတ် ၁၆ ရက်က ပထမဆုံး ထိုးနှံမှုခံယူခဲ့သည်။ ပရာယုဒ်သည် လွန်ခဲ့သော သောကြာနေ့က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခံရန် စီစဉ်ခဲ့သည်။ သို့သော်လည်း ဥရောပရှိ အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူသူတချို့က သွေးကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဖော်ပြမှုများကြောင့် ကာကွယ်ဆေးထိုးနှံမှုကို ခဏတာ ရပ်ဆိုင်းခဲ့သည်။



ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူနေသည်ကို တွေ့ရစဉ်။

ယခုလို ကာကွယ်ဆေးထိုးခြင်းဖြင့် အများပြည်သူအကြား ယုံကြည်ချက်ရစေရန် အကူအညီဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

လွန်ခဲ့သောလက ထိုင်းနိုင်ငံသည် တရုတ်ကာကွယ်ဆေးကုမ္ပဏီ ဆီနိုဗက်မှရရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ယခုနှစ်ကုန်တွင် ထိုင်းနိုင်ငံအနေဖြင့် ဖော်ပြပါ ကာကွယ်ဆေးကုမ္ပဏီနှစ်ခုမှ ကာကွယ်ဆေးအလုံးရေ ၆၃ သန်းရရှိရန် မျှော်မှန်းထားသည်။

တစ်ချိန်တည်းတွင် အင်ဒိုနီးရှားအစိုးရက အက်စ်ထရာဇနီကာ ကာကွယ်ဆေးထိုးနှံခြင်းများကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က အင်ဒိုနီးရှားနိုင်ငံသည် အက်စ်ထရာဇနီကာ ကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုးနှင့် ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သုတေသနရလဒ်များကို စောင့်ဆိုင်းမည်ဖြစ်ကြောင်း မတ် ၁၅ ရက်က ပြောကြားလိုက်သည်။

လွန်ခဲ့သောသီတင်းပတ်က အင်ဒိုနီးရှားနိုင်ငံသည် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၁ သန်းရရှိခဲ့ပြီး ပြည်သူ့ဝန်ထမ်းများနှင့် သက်ကြီးပိုင်းများကို ထိုးနှံပေးရန် စီစဉ်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ခြေရာခံတွေ့ရှိ

**ပါရီ မတ် ၁၆**

အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်ခုကို ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်း ဘရစ်တနီတွင် ခြေရာခံတွေ့ရှိခဲ့ကြောင်း၊ သို့သော်လည်း ပိုပြီးပြင်းထန်မလား၊ သို့မဟုတ် ပိုပြီးကူးစက်မှုမြန်မလားဆိုသည်ကို မသိရသေးကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၅ ရက်နှောင်းပိုင်းက ပြောကြားလိုက်သည်။

လာနီယန်ရှိ ဆေးရုံတစ်ခုတွင် အစုလိုက် ကိုဗစ်-၁၉ ကူးစက်သူများအား ဆေးရုံတင်ထားရာမှ အဆိုပါအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၉ ဦးကို အတည်ပြုနိုင်ခဲ့ပြီး အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်တွေ့ရှိသူ ရှစ်ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

ကနဦး လေ့လာသုံးသပ်ချက်များအရ အဆိုပါအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်သည် ပိုမိုကူးစက်ဖြစ်ပွားနိုင်ခြင်း သို့မဟုတ် ပြင်းထန်ခြင်းလက္ခဏာများကို မတွေ့ရသေးကြောင်း သိရသည်။ အသေးစိတ်လေ့လာမှုများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။

ပြင်းထန်ကူးစက်မြန်သည့် အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်ခုကို အင်္ဂလန်နိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့တွင် တွေ့ရှိခဲ့သလို ပြင်သစ်နိုင်ငံတွင်လည်း တွေ့ရှိခဲ့သည်။

လတ်တလောတွင် ပြင်သစ်နိုင်ငံ၌ ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၇ ရာခိုင်နှုန်းမှာ အဆိုပါ အင်္ဂလန်နိုင်ငံတွင် တွေ့ရှိခဲ့သော အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်ကြောင့်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူတစ်ဦးအား အထူးကြပ်မတ်ကုသဆောင်တွင် ကုသနေသည်ကို တွေ့ရစဉ်။

## အာရှ-ပစိဖိတ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများ ပိုမိုများပြားလာသလို အိန္ဒိယတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁၁ သန်းကျော်ရှိလာ

**နယူးဒေလီ မတ် ၁၆**

အာရှ-ပစိဖိတ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများနှင့် သေဆုံးမှုများ ပိုမိုများပြားလာကြောင်း သတင်းဖော်ပြချက်များနှင့်အတူ အိန္ဒိယနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၄၉၂ ဦးရှိခဲ့ပြီး စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၄၀၉၈၃၁ ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

တရားဝင် ထုတ်ပြန်လိုက်သော စာရင်းဇယားများအရ နိုင်ငံအတွင်း သေဆုံးသူ နောက်ထပ် ၁၃၁ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၁၅၈၈၅၆ ဦး ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားလျက်ရှိသူ ၂၂၃၄၃၂ ဦး ရှိလာမှုနှင့်အတူ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူပေါင်း ၁၁၀၂၇၅၄၃ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ အတည်ပြုလူနာအရေအတွက်သည် တစ်ရက်အတွင်း ၅၄၁၄ ဦး တိုးလာမှုမှသည် စုစုပေါင်း ၁၄၃၀၄၅၈ ဦးအထိ ဖြစ်လာသလို ၁၈၀ ထပ်မံသေဆုံးမှုနှင့်အတူ သေဆုံးသူ ၃၈၇၅၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၆ ရက်က ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၇၇၁၆ ဦး ဆေးရုံမှ ဆင်းလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၁၂၅၇၆၆၃ ဦး အထိ ရှိလာခဲ့ကြောင်း သိရသည်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရှိ၊ မရှိ အပူချိန်တိုင်း စစ်ဆေးနေသည်ကို တွေ့ရစဉ်။

### ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၄၃၇ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၆၃၁၃၂၀ ရှိလာခဲ့သည်။ နောက်ထပ် ၁၁ ဦး သေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက် ၁၂၈၄၈ ဦးအထိ တိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။ ထို့အပြင် ၁၆၆ ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာမှုနှင့်အတူ စုစုပေါင်း ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၆၀၇၃၆ ဦး ရှိလာခဲ့သည်။

### တောင်ကိုရီးယားနိုင်ငံ

တောင်ကိုရီးယား နိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၃ ဦး ရှိလာခဲ့ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၆၃၈၀ ရှိလာခဲ့သည်။ အသစ်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်လူနာအရေအတွက်အနက် ၇၅ ဦးမှာ ဆိုးလ်မှဖြစ်ကာ ၁၄၆ ဦးမှာ ချုံချင်းပြည်နယ်၌ နေထိုင်သူများဖြစ်ကြသည်။

တောင်ပိုင်း ချိုဆန်းပြည်နယ်တွင် ရေစိမ်ကန်များ၊ ဖျော်ဖြေရေးနေရာများနှင့် ဆက်စပ်ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၄ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

ထို့နောက် ၁၈ ဦးမှာ နိုင်ငံခြားပြန် ကူးစက်ဖြစ်ပွားမှုဖြစ်ကာ စုစုပေါင်း နိုင်ငံခြားပြန် ကူးစက်ဖြစ်ပွားသူပေါင်း ၇၃၃၆ ဦးအထိ ရှိလာခဲ့သည်။ နောက်ထပ် သုံးဦးသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၁၆၇၈ ဦး ရှိလာခဲ့သည်။

### ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၉ ဦး ရှိလာပြီး အများစုမှာ ဘန်ကောက် စစ်ဆေးမှုမှတစ်ဆင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကိုဗစ်-၁၉ အခြေအနေထိန်းချုပ်ရေး စင်တာက ဖော်ပြခဲ့သည်။ ပြည်တွင်းကူးစက်ဖြစ်ပွားမှု ၁၄၄ ခုအနက် ၉၀ မှာ ဘန်ကောက်မှဖြစ်၍ ၃၁ ခုမှာ ဆမွတ်ဆခွန်မှ ဖြစ်ကြောင်း အဆိုပါစင်တာက ဆက်လက်ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၁၅၄ ဦးရှိပြီး ၎င်းတို့အနက် ၂၄၂၁၈ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကာ ၂၉၃၆ ဦးမှာ နိုင်ငံခြားပြန် ကူးစက်မှုများဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကိုဗစ် - ၁၉ ဖြစ်စဉ်သမိုင်းတစ်လျှောက်မှာ ထူးခြားတဲ့ အခိုက်အတန့်ဖြစ်စဉ် ၁၀ ခုအကြောင်း တစေ့တစောင်း

လင်းဟန်သစ်

**တရုတ်နိုင်ငံမှာ ပထမဆုံးစတင်ဖြစ်ပွားတဲ့ ကိုဗစ် -၁၉ ဖြစ်စဉ်မှသည် ကမ္ဘာတစ်ဝန်း ကန့်သတ်ပိတ်ဆို့မှုတွေအထိ ဖြစ်ပွားခဲ့ပြီးနောက်မှာ အခုတော့ ကိုဗစ် -၁၉ ကာကွယ်ဆေး ထုတ်ဝေဖြန့်ချိရေးမှသည် ကာကွယ်ဆေးထိုးရေးအစီအစဉ်တွေကို စတင်နိုင်တဲ့အထိအောင်မြင်မှုတွေ ရရှိလာခဲ့ပါပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုဗစ် -၁၉ ကို ကပ်ရောဂါအဖြစ် လွန်ခဲ့တဲ့နှစ်က ကြေညာလိုက်ကတည်းက ဒီ ကိုဗစ် -၁၉ ဖြစ်စဉ်သမိုင်းတစ်လျှောက်မှာ ထူးခြားတဲ့အခိုက်အတန့်ဖြစ်စဉ် ၁၀ ခုအကြောင်းကို ဖော်ပြချင်ပါတယ်။**

## ပထမဆုံးသေဆုံးမှု

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝူဟန်မှာ ဖြစ်ပွားခဲ့တဲ့ အကြောင်းရင်းမသိရတဲ့ အစုလိုက် အဆုတ်အအေးမိဖြစ်စဉ်မျိုးကို သတိထားကြရန် သတိပေးခဲ့ပါတယ်။

တစ်ပတ်ကြာပြီးနောက် ကိုရိုနာဗိုင်းရပ်စ်သစ်တစ်မျိုးကို အတည်ပြုခဲ့ပါတယ်။ ဇန်နဝါရီ ၁၁ ရက်က ဝူဟန်မှာ ကိုရိုနာဗိုင်းရပ်စ်သစ် (ကိုဗစ်-၁၉) လို့ အမည်ပေးတဲ့ ရောဂါတစ်မျိုးကြောင့် ပထမဆုံးသေဆုံးမှုတစ်ခုဖြစ်ခဲ့ပါတယ်။

ဇန်နဝါရီ ၂၃ ရက်မှာ ဝူဟန်ကို ကန့်သတ်စောင့်ကြည့်မှုလုပ်ပြီး ကမ္ဘာကြီးနဲ့ အဆက်အသွယ်ဖြတ်လိုက်ပါတယ်။ နိုင်ငံအများစုက သူတို့နိုင်ငံသားတွေကို တရုတ်နိုင်ငံမှ နေရပ်ကို ပြန်စေခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက်မှာ တရုတ်ခရီးသွားတစ်ဦး ပထမဆုံးသေဆုံးခဲ့ကြောင်း ပြင်သစ်က ဖော်ပြခဲ့ပါတယ်။ ဒါဟာ အာရှအပြင်ဘက်မှ ပထမဆုံး သေဆုံးခဲ့ခြင်းဖြစ်ပါတယ်။

## ကမ္ဘာ့နေရာအနှံ့တွင် ဖြစ်ပွားသော ကပ်ရောဂါ

မတ် ၆ ရက်အထိ ကမ္ဘာတစ်ဝန်းလုံးမှာ ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားသူပေါင်း တစ်သိန်းကျော်လွန်လာခဲ့ပါတယ်။ အီတလီနိုင်ငံမြောက်ပိုင်းကို စတင်ပိတ်ဆို့ခဲ့ပါတယ်။ ထို့နောက်မှာတော့ ကျန်ရှိတဲ့ ကမ္ဘာ့နိုင်ငံတွေမှာ ပိတ်ဆို့မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ မတ် ၁၁ ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ် -၁၉ ရောဂါကို ကမ္ဘာအနှံ့တွင်ဖြစ်ပွားသော ကပ်ရောဂါအဖြစ် ကြေညာခဲ့ပါတယ်။ ကမ္ဘာ့စတော့ဈေးကွက်လည်း ပျက်စီးခဲ့ပါတယ်။ အစိုးရများနဲ့ ဗဟိုဘဏ်တွေကလည်း များပြားလှတဲ့ စီးပွားရေးဆိုင်ရာ ထောက်ပံ့မှုဆောင်ရွက်ချက်တွေကို စတင်ခဲ့ပါတယ်။

## ဥရောပပိတ်ဆို့လိုက်ပြီ

မတ် ၁၄ ရက်မှာ စပိန်၊ မတ် ၁၇ ရက်မှာ ပြင်သစ်နိုင်ငံတို့ဟာ သူတို့နိုင်ငံသားတွေကို အိမ်ထဲမှာပဲနေဖို့ အမိန့်ထုတ်ပြန်လိုက်ပါတယ်။ ဂျာမနီနဲ့ ဗြိတိန်တို့က လူတွေဟာ တစ်ဦးနဲ့တစ်ဦး ထိတွေ့ဆက်ဆံမှုတွေကို ရှောင်ရှားသင့်တယ်လို့ ပြောကြားလိုက်ပါတယ်။ နိုင်ငံပေါင်း ၂၇ နိုင်ငံပေါင်းစပ်ဖွဲ့စည်းထားတဲ့ ဥရောပဟာလည်း သူတို့ရဲ့ နယ်စပ်တွေကို ပိတ်လိုက်ပါတယ်။

မတ် ၂၄ ရက်မှာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှာ ကျင်းပမယ်လို့ စီစဉ်ထားတဲ့ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကြီးကို တစ်နှစ်ကြာရွှေ့ဆိုင်းလိုက်ရပါတယ်။ အဲဒီလိုရွှေ့ဆိုင်းလိုက်ပြီး နောက်တစ်နေ့မှာတော့ ကုလသမဂ္ဂက ကိုဗစ် -၁၉ ကပ်ရောဂါဟာ လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်နေတယ်လို့ သတိပေးပြောကြားခဲ့ပါတယ်။

## ကမ္ဘာတစ်ဝက်ကန့်သတ်မှုတွေလုပ်ဆောင်

ကန့်သတ်ပိတ်ဆို့မှုတွေကို ကမ္ဘာတစ်ဝန်းလုံးမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဧပြီ ၂ ရက်မှာ လူပေါင်း ၂ ဒသမ ၉ ဘီလီယံကျော် ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်လောက်ဟာ သူတို့ကိုယ်တိုင်သူတို့ ကန့်သတ်ပိတ်ဆို့လိုက်တယ်လို့ အေအက်ဖ်ပီရဲ့ စုစည်းဖော်ပြမှုအရ သိရပါတယ်။ အဲဒီတစ်ရက်တည်းမှာပဲ ကိုဗစ် -၁၉ ဖြစ်ပွားသူ တစ်သန်းကျော်လွန်ခဲ့ပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်




အထူးကြပ်မတ်ကုသဆောင်တွင် ကိုဗစ် -၁၉ ရောဂါသည်တစ်ဦး ကုသမှု ခံယူနေစဉ်။

ဟာ ကိုဗစ် -၁၉ ကူးစက်ခံခဲ့ရပြီး အထူးကြပ်မတ်ကုသဆောင်မှာ အဲဒီကပ်ရောဂါကို အဆုံးသတ်နိုင်ခဲ့ပါတယ်။ ဧပြီ ၂၉ ရက်မှာ အမေရိကန် လေယာဉ်ထုတ်လုပ်ရေး နာမည်ကြီးကုမ္ပဏီကြီးဖြစ်တဲ့ ဘိုးရင်းဟာ အလုပ်အကိုင်ပေါင်း ၁၆၀၀၀ ခန့်ကို လျှော့ချခဲ့ပါတယ်။ တခြား လေကြောင်းလိုင်းများ၊ ကားထုတ်လုပ်ရေးများ၊ ခရီးသွားကဏ္ဍများနဲ့ စတိုးဆိုင်တွေဟာလည်း အရှုံးတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး ဝန်ထမ်းတွေ လျှော့ချခဲ့ရပါတယ်။

## ဟိုက်ဒရောက်ဆီကလိုရိုကွင်း အရှုပ်တော်ပုံ

ငှက်ဖျားရောဂါအတွက် ဟိုက်ဒရောက်ဆီကလိုရိုကွင်းဆေးပြားကို အလားအလာရှိတဲ့ ကုသမှုအဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထောက်ခံမှုဟာ ကိုဗစ် -၁၉ ပြင်းထန်စွာဖြစ်ပွားနေတဲ့ ရောဂါသည်တွေကို ကုသတဲ့နေရာမှာ ထိရောက်မှုမရှိခဲ့ပါဘူးလို့ ဗြိတိန်သိပ္ပံပညာရှင်တွေက ဇွန် ၅ ရက်မှာ ပြောကြားခဲ့ပါတယ်။ ထရမ့်ဟာနောက်ပိုင်းမှာ ပြည်သူတွေကို ပိုးသတ်ဆေးထိုးဖို့ အကြံပြုခဲ့ပါတယ်။

## လက်တင်အမေရိကမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်လာ

ဇွန် ၇ ရက်မှာ ကိုဗစ် -၁၉ ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူဟာ လေးသိန်းကျော်လွန်လာခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု ပြီးတဲ့နောက်မှာ ဘရာဇီးနိုင်ငံဟာ ဒုတိယသေဆုံးမှု အများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုက ကိုဗစ် -၁၉ မကူးစက်ခင်မှာ ကိုဗစ် -၁၉ ကပ်ရောဂါကို မဖြစ်စလောက် တုပ်ကွေးအဖြစ် ပြောကြားခဲ့ပါတယ်။ နောက်ပိုင်းမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ကိုဗစ် -၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားခဲ့ပါတယ်။

## နှာခေါင်းစည်းတပ်ခြင်းနဲ့ နှာခေါင်းစည်း မတပ်ခြင်း

ကိုဗစ် -၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာခြင်းနဲ့အတူ ဥရောပနိုင်ငံများဟာ အများပြည်သူ သယ်ယူပို့ဆောင်ရေးတွေ၊ ကျောင်းတွေ၊ ဆိုင်တွေနဲ့ လမ်းပေါ်တွေမှာ နှာခေါင်းစည်း တပ်ဆင်ရမယ်လို့ ဆိုထားပါတယ်။

လန်ဒန်၊ ပဲရစ်နှင့် ရောမမြို့တွေမှာတော့ နှာခေါင်းစည်းမတပ်ဆင်ရေး ဆန္ဒပြမှုဖြစ်ပွားမှုနဲ့အတူ ဩဂုတ် ၂၉ ရက်က ဘာလင်မှာ ဆန္ဒပြမှုတွေ မုန်တိုင်းထန်ခဲ့ကြပါတယ်။

## စိတ်ပျက်ဖွယ်သမိုင်းမှတ်တိုင်များ

စက်တင်ဘာ ၂၈ ရက်မှာ ကမ္ဘာတစ်ဝန်းလုံး ကိုဗစ် -၁၉ ကြောင့် သေဆုံးသူအရေအတွက်ဟာ တစ်သန်းကျော်လွန်ခဲ့ပါတယ်။ အဲဒီရက်အတောအတွင်းမှာ ဥရောပမှာ ကိုဗစ် -၁၉ ကူးစက်မှုတွေ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ တခြားနိုင်ငံတွေမှာတော့ ကန့်သတ်ပိတ်ဆို့မှုအသစ်တွေနဲ့ ညမထွက်ရအမိန့်တွေ ချမှတ်ထားပါတယ်။ သို့သော်လည်း အဲဒီကန့်သတ်ပိတ်ဆို့မှုတွေကို နှစ်ကုန်အားလပ်ရက်မှာ ဖြေလျှော့ပေးခဲ့ပါတယ်။

ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားမှုဟာ အမေရိကန်ပြည်ထောင်စုမှာ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ သို့သော်လည်း သမ္မတရွေးကောက်ပွဲမှာတော့ အဲဒီ ကိုဗစ် -၁၉ ကို ဘယ်လိုကိုင်တွယ်မလဲဆိုတာကတော့ အဲဒီက ပြဿနာတစ်ခုဖြစ်ခဲ့ပါတယ်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှာတော့ ၂၄ နာရီအတွင်း ကိုဗစ် -၁၉ ကြောင့် သေဆုံးခဲ့သူ ၄၄၇၀ ရှိခဲ့ပါတယ်။ ဖေဖော်ဝါရီ ၂၃ ရက်မှာတော့ သန်းထက်ဝက်လောက် သေဆုံးခဲ့ပါတယ်။ အမေရိကန်သမ္မတသစ် ဂျိုးဘိုင်ဒင်ဟာ အမေရိကန်ရဲ့ ကိုဗစ် -၁၉ ကြောင့် သေဆုံးမှုနှုန်းဟာ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ ဗီယက်နမ်စစ်ပွဲတွေမှာ သေဆုံးခဲ့တဲ့ သေဆုံးမှုနှုန်းထက် ပိုများခဲ့တယ်လို့ ထောက်ပြပြောဆိုခဲ့ပါတယ်။

## အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်

ဗြိတိန်မှာ တွေ့ခဲ့တဲ့ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်ဟာ ပိုပြီး ကူးစက်နိုင်ခြေပိုများတယ်လို့ ယုံကြည်နေတဲ့အချိန်မှာ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဇန်နဝါရီ ၄ ရက်မှာ ကိုဗစ် -၁၉ ကန့်သတ်ပိတ်ဆို့မှုသစ်ကို ချမှတ်ခဲ့ပါတယ်။ တခြား အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်များကို တောင်အာဖရိကနဲ့ ဘရာဇီးနိုင်ငံတွေမှာ တွေ့ရှိခဲ့ပါတယ်။

လေးလမပြည့်မီမှာ ကိုဗစ် -၁၉ ကြောင့် သေဆုံးသူအရေအတွက်ဟာ နှစ်ဆမြင့်တက်လာခဲ့ပြီးတော့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှာတော့ နှစ်သန်းကျော်လွန်ခဲ့ပါတယ်။

## မျှော်လင့်ချက်ကို ယူဆောင်လာတဲ့ ကာကွယ်ဆေးများ

ကာကွယ်ဆေးထိုးခြင်း လှုပ်ရှားဆောင်ရွက်မှုတွေကို ဒီဇင်ဘာမှာ ဗြိတိန်၊ ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ စတင်ခဲ့ပြီးတော့ ၂၀၂၁ အစောပိုင်းမှာ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို အရှိန်မြှင့်တင်ခဲ့ပါတယ်။ သို့သော်လည်း ဖြန့်ဝေပို့ဆောင်ခြင်းမှာ ပြဿနာအချို့ ရှိခဲ့ပါတယ်။ အထူးသဖြင့် ဆွီဒင်၊ ဗြိတိန်ကာကွယ်ဆေး အက်စ်ထရာဇနီကာ ကာကွယ်ဆေး ထုတ်လုပ်ဖြန့်ဝေ ပို့ဆောင်ခြင်းလုပ်ငန်းစဉ်ဟာ ဥရောပမှာ နှောင့်နှေးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

မတ်လအစောပိုင်းမှာ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ် -၁၉ ကူးစက်မှုနှေးကွေးလာခဲ့ပါတယ်။ သို့သော်လည်း ဥရောပမှာ နောက်တစ်ကြိမ် ကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ လက်တင်အမေရိကမှာတော့ မတ် ၉ ရက်မှာ ကိုဗစ် -၁၉ ကြောင့် သေဆုံးသူဟာ ခုနစ်သိန်းကျော်လွန်ခဲ့ပါတယ်။

တစ်နေ့တည်းမှာပဲ ကမ္ဘာတစ်ဝန်းလုံးမှာ ကိုဗစ် -၁၉ ကာကွယ်ဆေးအလုံးရေ သန်း ၃၀၀ ကို ထိုးနှံပေးခဲ့ပါတယ်။ တချို့နိုင်ငံတွေဟာ သူတို့ရဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို စတင်ဖြေလျှော့မှုတွေ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

> “မတ်လအစောပိုင်းမှာ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ် -၁၉ ကူးစက်မှု နှေးကွေးလာခဲ့ပါတယ်။ သို့သော်လည်း ဥရောပမှာ နောက်တစ်ကြိမ် ကူးစက်မှု ပြန်လည် မြင့်တက်လာခဲ့ပါတယ်။ လက်တင်အမေရိကမှာတော့ မတ် ၉ ရက်မှာ ကိုဗစ် -၁၉ ကြောင့် သေဆုံးသူဟာ ခုနစ်သိန်းကျော်လွန်ခဲ့”

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၆-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၅-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၂၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၇) ဦးတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၁၅,၉၃၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၇၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၄၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၆-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၁၄၁၉၈၆ | ၂၂၂၈၆၈၀၁ | ၅၄၈၀၉၁ |
| ၂။ | ဘရာဇီး | ၁၁၅၂၅၄၇၇ | ၁၀၁၁၁၉၅၄ | ၂၇၉၆၀၂ |
| ၃။ | အိန္ဒိယ | ၁၁၄၁၀၇၆၉ | ၁၁၀၂၇၅၄၃ | ၁၅၈၉၀၂ |
| ၄။ | ရုရှား | ၄၄၀၉၄၃၈ | ၄၀၁၄၂၂၀ | ၉၂၉၃၇ |
| ၅။ | ဗြိတိန် | ၄၂၆၃၅၂၇ | ၃၅၂၆၇၁၅ | ၁၂၅၅၈၀ |
| ၆။ | ပြင်သစ် | ၄၀၇၈၁၃၃ | ၂၇၃၇၇၁ | ၉၀၇၆၂ |
| ၇။ | အီတလီ | ၃၂၃၈၃၉၄ | ၂၆၀၅၅၃၈ | ၁၀၂၄၉၉ |
| ၈။ | စပိန် | ၃၁၉၅၀၆၂ | ၂၈၅၇၇၁၄ | ၇၂၄၂၄ |
| ၉။ | တူရကီ | ၂၈၉၄၈၉၃ | ၂၇၁၆၉၆၉ | ၂၉၅၅၂ |
| ၁၀။ | ဂျာမနီ | ၂၅၈၆၆၂၇ | ၂၃၇၄၂၀၀ | ၇၄၁၅၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၁၆ – ၃ – ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၃၀၄၅၈ | ၁၂၅၇၆၆၃ | ၃၈၇၅၃ |
| ဖိလစ်ပိုင် | ၆၃၁၃၂၀ | ၅၆၀၇၃၆ | ၁၂၈၄၈ |
| မလေးရှား | ၃၂၆၀၃၄ | ၃၀၉၆၁၂ | ၁၂၁၈ |
| မြန်မာ | ၁၄၂၁၇၉ | ၁၃၁၇၄၈ | ၃၂၀၃ |
| စင်ကာပူ | ၆၀၁၂၈ | ၅၉၉၇၄ | ၃၀ |
| ထိုင်း | ၂၇၁၅၄ | ၂၆၂၉၉ | ၈၇ |
| ဗီယက်နမ် | ၂၅၆၀ | ၂၁၅၈ | ၃၅ |
| ကမ္ဘောဒီးယား | ၁၄၃၀ | ၈၁၈ | ၁ |
| ဘရူနိုင်း | ၁၉၉ | ၁၈၅ | ၃ |
| လာအို | ၄၈ | ၄၂ | ၀ |

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ နှစ်လဲသက်တမ်းတိုး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် အသိပေးကြေညာခြင်း

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁-၁၂-၂၀၂၀ ရက်နေ့မှစ၍ ကနဦး မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရုံးများအားလုံး၌ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ (COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီခွင့်ပြုချက်အရ နှစ်လဲသက်တမ်းတိုး ယာဉ်မှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများကို ၂၂-၃-၂၀၂၁ ရက် (တနင်္လာနေ့) မှ စတင်၍ ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

❖ မော်တော်ယာဉ် / မော်တော်ဆိုင်ကယ်များကို ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် လအလိုက် အောက်ပါ သတ်မှတ်ကာလအတွင်း သက်တမ်းတိုး မပျက်မကွက်လာရောက်ဆောင်ရွက်ရန်ဖြစ်ပါသည် –

(က) ယခင်ကျန်ရှိသည့် (၆/၂၀၂၀) လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များနှင့် (၉/၂၀၂၀)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၅-၂၀၂၁ ရက်နေ့အတွင်း၊

( ခ ) (၁၀/၂၀၂၀) လ နှင့် (၁၁/၂၀၂၀)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၀-၆-၂၀၂၁ ရက်နေ့အတွင်း၊

( ဂ ) (၁၂/၂၀၂၀) လနှင့် (၁/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၇-၂၀၂၁ ရက်နေ့အတွင်း၊

(ဃ) (၂/၂၀၂၁) လ နှင့် (၃/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၈-၂၀၂၁ ရက်နေ့အတွင်း။

❖ (၄/၂၀၂၁)လ မှ (၉/၂၀၂၁)လအတွင်း မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီသက်တမ်းတိုးရန် ဖြစ်ပါသည်။

❖ သတ်မှတ်ကာလအတွင်း အချိန်မီလာရောက်ဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည် ဖြစ်ပါသည်။ ၎င်းအပြင် အများပြည်သူသယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ ကျန်ယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

❖ ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးရန် ပျက်ကွက်ခြင်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ မှတ်ပုံတင်ဖျက်သိမ်းရတော့မည့်ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုး ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည် –

(က) သက်တမ်းကုန်ဆုံးရက် (၃၀-၆-၂၀၁၅)နှင့် (၃၀-၉-၂၀၁၅) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၅-၂၀၂၁ ရက်နေ့အတွင်း (၇/၂၀၁၅ လနှင့် ၈/၂၀၁၅ လ သက်တမ်းကုန်ဆုံးသည့်ယာဉ်များမပါ)၊

( ခ ) သက်တမ်းကုန်ဆုံးရက် (၃၁-၁၀-၂၀၁၅) ယာဉ်များနှင့် (၃၀-၁၁-၂၀၁၅) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၀-၆-၂၀၂၁ ရက်နေ့အတွင်း၊

( ဂ ) သက်တမ်းကုန်ဆုံးရက် (၃၁-၁၂-၂၀၁၅) ယာဉ်များနှင့် (၃၁-၁-၂၀၁၆) ယာဉ်များ သည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၇-၂၀၂၁ ရက်နေ့အတွင်း၊

(ဃ ) သက်တမ်းကုန်ဆုံးရက် (၂၉-၂-၂၀၁၆) ယာဉ်များနှင့် (၃၁-၃-၂၀၁၆) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၈-၂၀၂၁ ရက်နေ့အတွင်း၊

❖ သက်တမ်းကုန်ဆုံးရက် (၃၀-၄-၂၀၁၆)၊ (၃၁-၅-၂၀၁၆)၊ (၃၀-၆-၂၀၁၆)၊ (၃၁-၇-၂၀၁၆)၊ (၃၁-၈-၂၀၁၆) လနှင့် (၃၀-၉-၂၀၁၆) လ တို့တွင် သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီ သက်တမ်းတိုးရန်ဖြစ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ၁၁-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

**ရဲရဲတောက်ဂျာနယ် သတင်းဌာနမှ အယ်ဒီတာချုပ် ဦးနေလင်း**က စမ်းချောင်းမြို့တွင် ဆန္ဒပြတဲ့သူတွေက ထဘီပေါ်မှာ ဆရာတော်ကြီးရဲ့ ရုပ်ပုံကို ကပ်ပြီးတော့ ဆန္ဒပြပါတယ်၊ အဲဒီလိုဆန္ဒပြတဲ့အခါမှာ ၈၈ ရာခိုင်နှုန်းကျော်ရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေ စိတ်နှလုံးမချမ်းမမြေ့ဖြစ်ရပါတယ်၊ အဲဒီအချိန်မှာပဲ ပြည်ထဲရေးက တရားခံတွေကို ဖမ်းဆီးလိုက်တဲ့သတင်းထွက်လာတဲ့အခါမှာ ကျွန်တော်တို့ Facebook မှာကြည့်ရင် သိပါတယ်၊ နစက လက်ထက်မှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်ပုံကို လမ်းမှာခင်းပြီး တက်နင်းရင်တောင် ဘာမှ အရေးမယူဘဲနဲ့ ဆရာတော်ကြီးပုံကိုကပ်လို့ အရေးယူတယ်၊ ငါတို့သာသနာတော့ စိတ်အေးချမ်းသာရပြီ၊ အဲဒီလိုမျိုးရေးသားကြတယ်၊ ဆရာတော်ကြီးတွေ ကိုယ်တိုင်ကတော့ ဗုဒ္ဓဘာသာရဲ့ လွတ်လပ်တဲ့အချိန် ရောက်ပြီထင်တယ်၊ လူထုအနေနဲ့ အဲဒီလူတွေကို ဘယ်လိုအပြစ်ပေးပြီး အရေးယူထားပြီးပြီလဲဆိုတာကို သိချင်ပါတယ်၊ ဒါကြောင့်မို့လို့ အရေးယူခဲ့တယ်ဆိုရင်လည်း ပြတ်ပြတ်သားသား အရေးယူမယ်ဆိုတာကိုပဲ ကြားနေရပါတယ်၊ အဲဒီတော့ သူတို့ကိုဘယ်လို အရေးယူတယ်ဆိုတာ အခုအရေးပေါ်ကာလ နိုင်ငံတော်ကြီးက အရေးပေါ်ခုတင်ပေါ်မှာ ပက်လက်လန်နေတဲ့အချိန်မှာ အခုဥပဒေနဲ့ ပြတ်သားထိရောက်စွာ အပြစ်ပေးစေချင်ပါတယ်၊ ပြီးတော့လည်း အဲဒီဟာကို အရေးပေါ်ဥပဒေနဲ့အညီ အမြန်ဆုံးအရေးယူပြီးတော့ သတင်းထုတ်ပြန်တဲ့ အချိန်အတွင်းမှာပဲ ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာမျိုး ထုတ်ပြန်ရင် လူထုရဲ့သတင်းလိုအပ်ချက်လည်း အဆင်ပြေမယ်၊ နောက်ပြီးတော့ အရေးပေါ်ကာလ အရေးပေါ်ဖြစ်နေတဲ့ နိုင်ငံကြီးလည်း စည်းချက်မှန်မယ်၊ အဲဒီလိုအစီအစဉ်မျိုး အဲဒီလိုတရားခံရုံးမျိုးနဲ့ ဆောင်ရွက်လို့မရနိုင်ဘူးလား၊ ဆောင်ရွက်ဖို့အစီအစဉ်ရော မရှိဘူးလားဟု မေးမြန်းသည်။

**ဥပဒေစိုးမိုးမှုရရှိအောင်ဆောင်ရွက်သွားမည်**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ချက်ချင်း အရေးယူခြင်း ရှားပါကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များအရ လုပ်ပိုင်ခွင့်အနေဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ပြဋ္ဌာန်းနိုင်သော်လည်း စစ်အုပ်ချုပ်ရေးအမိန့်ပြဋ္ဌာန်းမှာမဟုတ်ကြောင်း၊ ပုဒ်မ ၄၁၉၊ ပုဒ်မ ၄၂၀ အရ ကန့်သတ်နိုင်သော်လည်း မလိုအပ်ဘဲ ကန့်သတ်မည်မဟုတ်ဘဲ လိုအပ်သလောက်သာ ဆောင်ရွက်နေပါကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့် ချက်ချင်းလုပ်၊ ချက်ချင်းတရားစီရင်ဆိုသည့်အခြေအနေမှာ စစ်အုပ်ချုပ်ရေးစနစ်မှသာ လုပ်ဆောင်လို့ရသည့် အခြေအနေဖြစ်ပါကြောင်း၊ မိမိယူဆရသလောက်ဆိုရလျှင် အဲဒီလောက်အခြေအနေမဆိုးသေးပါကြောင်း၊ မိမိတို့အနေဖြင့် ဆောင်ရွက်သည့်အခါတွင် အနည်းဆုံး မည်သည့်အမှုဖြင့် တရားစွဲဆိုထားသည်ဆိုသည့် အနေအထားလောက်တော့ ထုတ်ပြန်ပေးလို့ရကြောင်း၊ မည်သည့်အမှုဆိုလျှင် မည်မျှပြစ်ဒဏ်ချမှတ်နိုင်သည်ကိုတော့ တရားရုံးက စဉ်းစားရမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ထိရောက်စွာ ဟန့်တားနိုင်သည့် ဥပဒေစိုးမိုးမှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး ကျော်သီဟ**က စမ်းချောင်းမြို့နယ်မှာ သာသနာကိုညှိုးနွမ်းစေသည်အထိ ဆူပူဆန္ဒပြ ဦးဆောင်ခဲ့သည့် ခေါင်းဆောင် နှစ်ဦးကို စစ်ဆေးနေဆဲဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ထပ်မံကျူးလွန်သည့်လူရှိရင်လည်း



မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတိပေးတားမြစ်စဉ်။

**"မိမိတို့ဆောင်ရွက်နေတာသည် မည်သည့်ရပ်ကွက်ကိုမှ၊ မည်သည့်အဖွဲ့အစည်းကိုမှ အငြိုးအတေးနှင့် ဆောင်ရွက်နေသည်မဟုတ်ဘဲ ပဋိပက္ခတွေကို မြန်မြန်ငြိမ်းချမ်းနိုင်အောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုခံစားနေရသည့်ကိစ္စများနှင့်ပတ်သက်ပြီး အမြန်ဆုံး တည်ငြိမ်သွားနိုင်ဖို့အတွက် လုပ်ဆောင်ခြင်းဖြစ်"**

ဖော်ထုတ်ပြီး အမျိုးဘာသာ သာသနာအတွက် ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**ထာဝရငြိမ်းချမ်းရေး သတင်းကွန်ရက်မှ သတင်းထောက်ဦးဥက္ကာ**က ပထမဆုံးမေးချင်တာက အခု မိမိတို့ဆန္ဒထုတ်ဖော်မှုတွေ စတင်ဖြစ်ပေါ်စဉ်က လမ်းပေါ်မှာ လူတွေအများကြီးရောက်လာခဲ့ပြီး မိမိတို့ကို ထိန်းသိမ်းသည့်နေရာမှာ တော်တော်ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်နေခြင်းကို တွေ့မြင်ရကြောင်း၊ ဒါပေမယ့် မိမိတို့ အခု နောက်ပိုင်းမှာ ပစ်ခတ်ခြင်းများကို သိထားပါကြောင်း၊ ဒီလိုမျိုးအခြေအနေမှာ ဘာကြောင့် ပစ်ခတ်ရတာလဲဆိုတာ ပြောပေးလို့ရရင် ပြောပေးစေလိုပြီး သိချင်ပါကြောင်း မေးမြန်းသည်။

**အမြန်ဆုံးတည်ငြိမ်သွားနိုင်ဖို့**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပထမပိုင်းဆန္ဒပြမှုတွေသည် ငြိမ်းချမ်းစွာ ဆန္ဒပြနေတာဖြစ်သော်လည်း ဖေဖော်ဝါရီလ ၉ ရက်နေ့ကစတင်ပြီး ဆူပူဆန္ဒပြခဲ့ကြောင်း၊ ဆူပူဆန္ဒပြတယ်လို့ ဆိုတာကလည်း မိမိတို့က တစ်ဖက်သတ်စွပ်စွဲပြီး ဆူပူဆန္ဒပြနေတယ်လို့ ပြောတာမဟုတ်ကြောင်း၊ မှတ်တမ်းတွေ၊ သက်သေအထောက်အထားတွေ အများကြီးရှိပါကြောင်း၊ အချို့မီဒီယာများသည် တစ်ဖက်သတ်ဆန်ပြီး ရဲတပ်ဖွဲ့များ၏ လုပ်ဆောင်မှုတွေ မပြကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ မေတ္တာရပ်ခံပြီး ဆောင်ရွက်နေသည့် သတိပေးချက်တွေကို ပြသခြင်းမရှိကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မဖြစ်မနေ လုပ်ခဲ့ကြောင်း၊ ဘယ်လောက်ပဲ ဒေါသထွက်နေသည့်လူပဲဖြစ်ဖြစ် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မဖြစ်မနေလူစုခွဲပေးဖို့၊ သတိပေးဖို့လုပ်ခဲ့ကြောင်း၊ ဒါပြီးရင် ၎င်းတို့လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ရေကားနှင့် ဖျန်းခြင်း၊ မိုးပေါ်ထောင်ပြီး အသံပေးခြောက်လှန့်ခြင်း အဆင့်ဆင့်လုပ်ဆောင်ခဲ့ကြောင်း၊ ဒါတွေကို ပြသသည့်အဖွဲ့မရှိကြောင်း၊ သို့သော် ဒီဟာတွေကို လုပ်ဆောင်ပြီးမှ မဖြစ်သည့် အခြေအနေရောက်မှ လူစုလူဝေးကို ဖြိုခွဲရကြောင်း၊ နောက်ပိုင်းတွင် ဓားတွေ၊ တုတ်တွေ၊ ဂျင်ကလိတွေအပြင် လက်လုပ်ဗုံးတွေပါ တွေ့ရကြောင်း၊ ဘယ်သူ့အတွက်မှ မကောင်းကြောင်း၊ ဒါကြောင့် လူငယ်၊ လူရွယ်တွေကို လမ်းပေါ် ဆွဲမတင်ကြပါရန် ပြောချင်ပါကြောင်း၊ လူငယ်၊ လူရွယ်တွေအနေနှင့်လည်း မိမိတို့တိုင်းပြည်၏ အနာဂတ်တွေဖြစ်သည့်အတွက်ကြောင့် ပိုပြီးစဉ်းစားဆင်ခြင်ဖို့လိုကြောင်း၊ စမ်းချောင်းဖြစ်စဉ်တွင် ရပ်ကွက်ကို ပိတ်ဆို့တာ မဟုတ်ကြောင်း၊ ရပ်ကွက်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မည်သည့်အငြိုးအတေးမှ မရှိကြောင်း၊ စမ်းချောင်းတွင် ဆူပူအကြမ်းဖက်မှုခေါင်းဆောင်များ၊ ဆူပူအကြမ်းဖက်မှု လုပ်ဆောင်နေသည့်သူများ ခိုအောင်းနေသည်ဟု သတင်းရသဖြင့် မဖြစ်မနေရှာရမှာဖြစ်ကြောင်း၊ မိမိတို့ဖမ်းဆီးနေခြင်းသည် လူတိုင်းကို ဖမ်းဆီးနေတာ မဟုတ်ကြောင်း၊ သွေးထိုးလှုံ့ဆော်နေသည့် လူများ၊ ခေါင်းဆောင်များကို လိုက်လံ ဖမ်းဆီးနေတာဖြစ်ကြောင်း၊ သွေးထိုးလှုံ့ဆော်နေသည့် လူများ၊ ခေါင်းဆောင်လုပ်နေသည့် လူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့်သာ လူငယ်တွေသည် ရှေ့ကိုရောက်နေတာဖြစ်ကြောင်း၊ လူငယ်များ ထိုးကျွေးခံနေရတာဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်အနေနှင့် တရားဝင်ကြေညာပြီးမှ ရပ်ကွက်ထဲကို ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ ဒါတွေကို ဘယ်သူမှမဖော်ပြကြကြောင်း၊ လိုက်လံစစ်ဆေးသည့်အခါမှ ပြေးသည့်သူများ ပြေးကြကြောင်း၊ လူငယ်၊ လူရွယ်တွေ တော်တော်များများ နေပြည်တော်မှဖမ်းမိကြောင်း၊ ဆန္ဒပြပွဲမှမိသည့်အခါ ဝန်ခံကတိလက်မှတ်ထိုးပြီးမှ ပြန်လွှတ်လိုက်ကြောင်း၊ တချို့ နောက်နေ့ ဆန္ဒပြပွဲတွင် ပြန်ပါလာကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်အနေနှင့်လည်း ဒါတွေကိုသိကြောင်း၊ မိမိတို့ဆောင်ရွက်နေတာသည် မည်သည့်ရပ်ကွက်ကိုမှ၊ မည်သည့်အဖွဲ့အစည်းကိုမှ အငြိုးအတေးနှင့် ဆောင်ရွက်နေသည် မဟုတ်ဘဲ ပဋိပက္ခတွေကို မြန်မြန်ငြိမ်းချမ်းနိုင်အောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုခံစားနေရသည့်ကိစ္စများနှင့် ပတ်သက်ပြီး အမြန်ဆုံး တည်ငြိမ်သွားနိုင်ဖို့အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **ထာဝရငြိမ်းချမ်းရေး သတင်းအဖွဲ့၏ သတင်းထောက် ဦးဥက္ကာ**က အမေရိကန်အစိုးရကနေပြီး သူတို့ဆီမှာ NLD အစိုးရက အပ်နှံထားတဲ့ အမေရိကန်ငွေ ၁ ဘီလီယံရှိသည်လို့ သိရကြောင်း၊ အဲဒီငွေကြေးက ဘယ်လိုစီးဆင်းပြီး ရောက်ရှိသွားတာလဲဆိုတာ ပြောပြပေးနိုင်လား၊ မည်သို့ လုပ်ကိုင်ဆောင်ရွက်သွားမလဲ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဒီငွေရေးကြေးရေးကိစ္စသည် ထောက်ပံ့ဖို့ဖြစ်သည်ဟု အကြမ်းဖျင်းသိရကြောင်း၊ ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းတွေနှင့် ပတ်သက်ပြီး ပြန်လည်မေးမြန်းသိရှိရပါက အဖြေကို ပြန်ပြီးဖြေကြားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ပြည်ပသတင်းဌာန(CRI)မှ သတင်းထောက် Mr.Gao Jiayi** က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံဟာ တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းဖို့အတွက် မျှော်လင့်ပါတယ်ဆိုသည့်အကြောင်း ပြောချင်ပါကြောင်း၊ အထူးသဖြင့် သွေးယိုစီးမှုတွေ ထပ်ပြီးမဖြစ်ပွားစေဖို့၊ ညှိနှိုင်းဆွေးနွေးပြီး သဘောထားကွဲလွဲမှုတွေ အဖြေရှာဖို့အတွက် မျှော်လင့်ပါတယ်လို့ ပြောချင်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် မည်သည့်အစီအစဉ်တွေရှိပါသလဲ။ ရှေ့ဆက်ပြီးဆောင်ရွက်မည့် အစီအစဉ်တွေ ဘာတွေရှိမလဲဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**မင်းမဲ့စရိုက်များဖြစ်ပေါ်လာ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်ပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၏ သဘောထားပဲဖြစ်ဖြစ်၊ မိမိတို့အိမ်နီးနားချင်းနိုင်ငံ၏ သဘောထားနှင့်ပတ်သက်လာပါက အလေးအနက်ထားပြီး မှတ်သားထားပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့်လည်း ဖြစ်ပျက်နေသည့်အခြေအနေနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရပဲဖြစ်ဖြစ် ပြည်သူလူထုပဲဖြစ်ဖြစ် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ဖို့မျှော်လင့်ပါကြောင်း၊ ထို့ကြောင့် ဆန္ဒပြပွဲ ပထမဦးဆုံးဖြစ်ပေါ်လာသည့်အချိန်မှာ ငြိမ်းချမ်းစွာဆန္ဒပြနေသူတွေကို ဘာမှလုပ်ပိုင်ခွင့်မရှိပါကြောင်း၊ နောက်ပိုင်းဆူပူအကြမ်းဖက်မှုများ၊ မင်းမဲ့စရိုက်များဖြစ်ပေါ်လာသည့်အခါမှသာ မိမိတို့အနေနှင့် စတင်ပြီးအရေးယူခဲ့ခြင်းဖြစ်ကြောင်း၊ ဒီလို အရေးယူဆောင်ရွက်ခဲ့သည်မှာလည်း လုပ်ချင်လို့လုပ်တာ မဟုတ်ကြောင်း၊ မိမိအထောက်အထားနှင့် ပြောပြသွားမည်ဖြစ်ကြောင်း၊ နေ့စဉ်ဆန္ဒပြနေမှုနှင့် ပတ်သက်ပြီး လူဦးရေဘယ်လောက်ရှိကြောင်း၊ အရေအတွက်ဘယ်လောက်ရှိကြောင်းကို သုံးသပ်နိုင်အောင် ပြုစုထားပါကြောင်း၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် လူဦးရေအများဆုံးဆန္ဒပြသည့်နေ့မှာ ဖေဖော်ဝါရီလ ၂၂ ရက် ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဆန္ဒပြမှုတွေအနေနှင့် လူဦးရေ၏ ၁၅ ရာခိုင်နှုန်းတောင် မရှိပါကြောင်း၊ အားလုံးပေါင်းရင် သိန်းချီဆန္ဒပြခဲ့သော်လည်း အားလုံးဆန္ဒပြခဲ့တာ မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်သူလူဦးရေအများစုလို့ပြောနေသည်ထက် ပြည်သူလူထုအများစု မဟုတ်ကြောင်း၊ ဒါကိုတော့ မိမိအနေနှင့် အခိုင်အမာပြောလိုပါကြောင်း၊ သို့သော် အနည်းစုပဲဖြစ်ဖြစ်၊ အများစုပဲဖြစ်ဖြစ် မိမိတို့ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းအတိုင်း အများစု၏ဆန္ဒကိုလည်း လေးစားရမည်၊ အနည်းစုကိုလည်း လေးစားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ မူအတိုင်းပဲသွားတာဖြစ်ကြောင်း၊ ဆက်လက်ပြီး လုပ်ဆောင်သွားမည့်လမ်းကြောင်းသည် ပဋိပက္ခတွေ ငြိမ်းချမ်းသွားစေဖို့ အမြန်ဆုံး ပြေငြိမ်းစေရန်ဖြစ်ကြောင်း၊ ဒါကြောင့် သတင်းစာရှင်းလင်းပွဲများ လုပ်ရခြင်းဖြစ်ကြောင်း၊ မဲစာရင်း မှားယွင်းမှု၊ မဲမသမာမှု၊ မဲလိမ်မှုများကို ဖြေရှင်းခဲ့ဖို့ပြောသည်ကို မဖြေရှင်းခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်တာဝန်ကို ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ပထမဦးဆုံး မဲစာရင်း၊ မဲမသမာမှုများကို ဖော်ထုတ်ပြမည်ဖြစ်ပြီး UEC တာဝန်ရှိသူများမှလည်း ရှင်းပြမည်ဖြစ်ပါကြောင်း၊ ယခုမဲစာရင်းတွေကိုလည်း လာကြည့်၍ရပါကြောင်း၊ မြေပြင်တွင် မိသည့်မဲလက်မှတ်များ၌ မည်သည့်ပါတီကို တံဆိပ်တုံးနှိပ်ထားသည်ဆိုတာကို ကြည့်ရင်ပေါ်လိမ့်မည်ဖြစ်ပါကြောင်း၊ သက်သေပြရသည့် အကြောင်းရင်းသည် ဆန္ဒပြမှုများနှင့် ပတ်သက်ပြီး လျော့နည်းသွားစေပြီး အမှန်တရားကို သိစေချင်သည့်အတွက် လုပ်ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေနှင့် ပဋိပက္ခပဲဖြစ်ဖြစ်၊ ထိပ်တိုက်ရင်ဆိုင်ရတာပဲဖြစ်ဖြစ် ဆန္ဒပြမှုတွေ လျော့နည်းသွားအောင် အစွမ်းကုန်လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ သို့သော် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မလိုအပ်ဘဲ အင်အားသုံးခြင်း လုပ်ဆောင်မှာ မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကိစ္စနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုရှိပြီး ငြိမ်းချမ်းရေးကိုလိုလားသည့်အတွက် မိမိတို့အနေနှင့် ဝမ်းသာပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပြည်ပသတင်းဌာန(CRI)မှ သတင်းထောက် Mr.Gao Jiayi** က သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို လာမည့်မတ်လ ၁၅ ရက်တွင် ကြားနာစစ်ဆေးမည်ဟု ကြားသိရကြောင်း၊ ရှေ့ကကြားနာမှု နှစ်ကြိမ်ပြုလုပ်သည့်အခါမှာ နှစ်ဦးလုံးက ရှေ့နေတွေကို ခေါ်ယူမှုမှာ အသိသက်သေရှေ့နေဖြစ်ဖြစ်၊ ခေါ်ယူခဲ့ခြင်းမရှိကြောင်းကို သိခဲ့ရပါကြောင်း၊ တတိယအကြိမ် စစ်ဆေးမည့်ကြားနာမှုအတွက် သတင်းအချက်အလက်များ ဘာတွေများရှိမလဲဆိုတာ သိချင်ပါကြောင်း မေးမြန်းခဲ့သည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မိမိတို့ပြောနိုင်သည်မှာ ခေါ်ချင်သည့် ရှေ့နေတွေကို ခေါ်ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ရှေ့နေတွေကိုခေါ်နိုင်ရေး ပါတီအနေနှင့် ရွေးချယ်ရန် လုပ်ဆောင်နေသည်ဟု ကြားသိရကြောင်း၊ ရွေးချယ်နိုင်ဖို့အတွက် သဘောကျသည့်လူကို ရွေးချယ်ဖို့ရှိသည်ဆိုတာကို သိရကြောင်း ပြန်လည်ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က နိုင်ငံတကာ မီဒီယာများတွင် ရေးသားနေသည့် အစ္စရေးကလော်ဘီငှားထားသည်ဟု သိရပါကြောင်း၊ ထိုအဖွဲ့ကို ငှားရမ်းခ ဒေါ်လာ ၂သန်းပေးရသည်ဟု သိရပါကြောင်း၊ မစ္စတာဖန်း ဖြေကြားထားသည်မှာ တရုတ်အစိုးရကိုမှီခိုမှု လျှော့ချပြီး အမေရိကန်နိုင်ငံနှင့် နီးစပ်စေလိုသောကြောင့် လော်ဘီဖန်းကို ငှားရမ်းထားသည်ဟု အချို့က ပြောကြပါကြောင်း၊ အဘယ့်ကြောင့် ဒီလိုလုပ်ဖို့ လိုအပ်ပါသလဲ၊ လော်ဘီဖန်းကို ဒေါ်လာ ၂ သန်း ပေးရသည်မှာ ဟုတ်မဟုတ် သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က အစ္စရေးကလော်ဘီ ငှားရမ်းထားသည်မှာ ဟုတ်ပါကြောင်း၊ ငှားရမ်းရခြင်းမှာ နံပါတ်တစ်အနေနှင့် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး အနောက်နိုင်ငံများ၏ အခြေခံယူဆချက်နှင့် အတွေးအခေါ်များကို မိမိတို့အနေဖြင့် မှန်ကန်မှုမရှိဟု ထင်ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အကြောင်းအရာများ မှန်မှန်ကန်ကန်သိရှိရန် လိုအပ်နေပါကြောင်း၊ ထို့ကြောင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဒေါ်လာ ၂ သန်းပေးရသည်မှာ မှန်ကန်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး အစိုးရတစ်ရပ်အနေဖြင့် သုံးစွဲပိုင်ခွင့်ရှိသည့် အထဲမှ သုံးစွဲခြင်းဖြစ်ပါကြောင်း၊ တရုတ်နှင့်ကိစ္စသည် မိမိတို့ပြောသည့်အထဲတွင် မပါဝင်ပါကြောင်း၊ လော်ဘီကုမ္ပဏီနှင့် မီဒီယာများ၏ သဘောထားသာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ဆန္ဒပြပွဲများ ဖြိုခွင်းသည့်အခါ ဗိုလ်ချုပ်တို့ ရှင်းသွားသည်မှာ ကျည်အစစ်နှင့် မသုံးပါဟု ပြောထားပါကြောင်း၊ တကယ်တမ်း မြေပြင်တွင် သေဆုံးမှု ၅၀ ခန့် ရှိပြီဖြစ်ပါကြောင်း၊ ဥပဒေနှင့် ရှင်းသွားမယ်ဟုလည်းပြောထားကြောင်း၊ မိမိတို့ထံတွင် ရရှိထားသည့် video များ၊ လူမှုကွန်ရက်တွင် တွေ့နေရသည့် video များအရဆိုလျှင် အချို့ အဖမ်းခံရသည့်လူများကို အင်အားသုံးပြီး မညှာမတာ ရိုက်နှက်နေတာ တွေ့ရပါကြောင်း၊ ထိုသို့ ရိုက်နှက်နေသည့်သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့များကို သက်ဆိုင်ရာအာဏာပိုင်များက မည်သို့ညွှန်ကြားထားပါသလဲ၊ ရိုက်နှက်ခြင်းနှင့် ပတ်သက်ပြီး မည်သို့ တာဝန်ယူဖြေရှင်းပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

> **“ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြထားသည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိပြောလိုသည်မှာ ပြည်သူလူထုကဖြစ်စေ၊ တက်ကြွနေကြသည့်၊ လှုပ်ရှားနေကြသည့် Generation-Z ဆိုသည့် လူငယ်များဖြစ်စေ၊ မိမိတို့ဆောင်ရွက်နေတာသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်အောင် ဆောင်ရွက်နေသည့် လမ်းကြောင်းကို အားလုံးပူးပေါင်းဆောင်ရွက်ကြပါ”**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က နံပါတ်တစ်အနေနှင့် မီဒီယာများသည် ရဲတပ်ဖွဲ့ဝင်များ၏ သတိပေးနှိုးဆော်ခြင်းများကို ရိုက်ကူးထားခြင်း မရှိကြောင်း၊ မိမိတို့ဘက်မှလည်း ပြသနိုင်ပါကြောင်း၊ နေ့စဉ်ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ ဆန္ဒပြမှုများနှင့် ပတ်သက်ပြီး လူစုလူဝေးခွဲရန် ပြောကြားသည့် မှတ်တမ်းဓာတ်ပုံများ ရဲတပ်ဖွဲ့တွင် အမြဲတမ်းရှိကြောင်း၊ ရဲတပ်ဖွဲ့တွင် မည်သည့်လုပ်ငန်းမဆို လုပ်ကိုင်ပါက မှတ်တမ်းထားရှိကြောင်း၊ ယခုဖြစ်ပွားနေသည့်ကိစ္စများကိုလည်း ပြသနိုင်ပါကြောင်း၊ ဘယ်အရာမဆိုဖြေရှင်းသည့်အခါ ပထမဆုံး အော်ဟစ်သတိပေးကြောင်း၊ သူ့အဆင့်အတိုင်း ဆောင်ရွက်ပါကြောင်း၊ ခြွင်းချက်တစ်ခုအနေနှင့် သတိပေးအော်ဟစ်လုပ်နေသည့်အချိန်တွင် ဖြုန်းခနဲပေါ်လာပြီး လက်နက်များနှင့် ပစ်ခတ်ခြင်းများ၊ တိုက်ခိုက်လာခြင်းများ ဖြစ်လာပါက လျှပ်တစ်ပြက်အနေနှင့် ဖြစ်ကောင်းဖြစ်သွားနိုင်ပါကြောင်း၊ တစ်ဖက်သတ်ရိုက်ပြနေသည့် အထဲတွင်သာ သက်သေအထောက်အထားနှင့် ပြောရမည်ဆိုပါက မီဒီယာများအနေဖြင့် တရားမျှတမှုမရှိဘူးဟု ပြောလိုပါကြောင်း၊ နံပါတ်နှစ် အချက်အနေနှင့် ရိုက်နှက်မှုများလည်း ရှိကောင်းရှိနိုင်ပါကြောင်း၊ ရှိကောင်းရှိ နိုင်တယ်ဆိုသည်မှာ မြေပြင်အခြေအနေအရ ကြုံတွေ့နေရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ဘက်ကရိုက်ထားသည့် video မဟုတ်ဘဲ အခြားဘက်က ရိုက်ထားသည့် ဖိုင်များထဲတွင် မခံချင်အောင်ပြောဆို၊ ဆဲဆိုနေခြင်းများ၊ ဒေါသ မဖြစ်ဖြစ်အောင် ဆွနေခြင်းမျိုးများ တွေ့နိုင်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး ပြောလိုသည်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ လုပ်ထုံးလုပ်နည်း နှင့်အညီ အတတ်နိုင်ဆုံးလုပ်နေသည်ဟု မြင်ပါကြောင်း၊ တစ်ဦးချင်းစီ၏ Emotion အရ လုပ်ဆောင်ချက်များ ရှိကောင်းရှိနိုင်ပါကြောင်း၊ အတတ်နိုင်ဆုံး တားမြစ်သွားမည်ဖြစ်ပြီး စောင့်ထိန်းနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ** က ဆန္ဒပြသည့်သူ တချို့သည်လည်း ဗီနိုင်းများတွင် R2P ဝင်ရန် တောင်းဆိုမှုများ ရှိပါကြောင်း၊ ပြည်ပရောက်အဖွဲ့များမှလည်း R2P ဝင်ရန် တောင်းဆိုမှုများ တွေ့ရသည့်အတွက် R2P နှင့် ပတ်သက်ပြီး လက်ရှိပြင်ဆင်ထားမှုအခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မြန်မာနိုင်ငံသည် R2P ဝင်နိုင်သည့် ပြစ်မှုမျိုး ကျူးလွန်နေသည့် နိုင်ငံမဟုတ်သဖြင့် ဘာမှပြင်ဆင်မထားကြောင်း၊ ဘာမှလည်း R2P ဝင်စရာမလိုကြောင်း ပြန်လည်ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ** က ဗိုလ်ချုပ် ပြောသွားသည်မှာ တစ်နိုင်ငံလုံး ဆန္ဒပြသည့် အင်အားက တစ်နိုင်ငံလုံးလူဦးရေ ၏ ၁၅ ရာခိုင်နှုန်း၊ ၂၀ ပုံတစ်ပုံ၊ ၁၅ ပုံတစ်ပုံခန့်ဟု ပြောသွားသည့်အတွက် ဥပမာ အကယ်၍ မြန်မာနိုင်ငံ၌ရှိသည့် လူဦးရေ၏ ရာခိုင်နှုန်းမည်မျှခန့် တောင်းဆိုလာပါက ၎င်းတို့တောင်းဆိုချက်များကို ဗိုလ်ချုပ်တို့အနေနှင့် စဉ်းစားပေးနိုင်ခြေရှိမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီး ဘယ်လောက်လူစုနိုင်မလဲဟု ပြန်လည် မေးမြန်းသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က မိမိက ထိုအလုပ်မလုပ်ကြောင်း၊ လူတွေသိလိုသည့် မေးခွန်းဖြစ်သည့်အတွက် မေးပေးရခြင်းဖြစ်ကြောင်း ပြန်လည်မေးမြန်း ပြောကြားသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီးအနေဖြင့် မည်သည့်ရည်ရွယ်ချက်နှင့် မေးမြန်းပါသလဲဟု ပြန်လည်မေးမြန်းသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ရည်ရွယ်ချက်မရှိပါကြောင်း၊ ဗိုလ်ချုပ်ပြောသည့် အပေါ်မှာသာ လူတွေသိလိုသည့်အချက်ကို ပြန်မေးပေးခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**ဒီမိုကရေစီအစစ်ဟုမခေါ်ဆိုနိုင်**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဘယ်လောက်ရာခိုင်နှုန်းထွက်ပြမှ၊ ဘယ်လောက်ရာခိုင်နှုန်းပြပါဟု မိမိတို့မပြောလိုကြောင်း၊ မိမိတို့သွားနေသည့် လမ်းကြောင်းသည် စည်းမဲ့ကမ်းမဲ့၊ စည်းပျက်ကမ်းပျက် ဒီမိုကရေစီမဟုတ်ပါကြောင်း၊ အာဏာရှင်ဆန်နေသည့် ဒီမိုကရေစီမဟုတ်ကြောင်း၊ ခုနကပြခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ဗီဒီယိုဖိုင်ကိုကြည့်မည်ဆိုပါက ဒီမိုကရေစီစနစ်တွင် လွတ်လွတ်လပ်လပ်လုပ်ရမည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့တွင်ပင် လွတ်လွတ်လပ်လပ် မလုပ်နိုင်သည်ကို တွေ့ရကြောင်း၊ ထိုအရာကို ဒီမိုကရေစီအစစ်ဟု မခေါ်နိုင်ကြောင်း၊ မိမိတို့ပြောနေသည့်စကား မဟုတ်ကြောင်း၊ ဗီဒီယိုဖိုင် Soft Copy ပေးလိုက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို အတင်းအကျပ် ထွက်ဆိုခိုင်းခြင်း ဟုတ်/မဟုတ်၊ မျက်နှာအနေအထားနှင့် ပုံပန်းသဏ္ဌာန်အနေအထားကိုကြည့်ပြီး တွေ့နိုင်ကြောင်း၊ စည်းကမ်းမှန်၊ စည်းမှန်လမ်းမှန်၊ စည်းကမ်းတကျ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြထားသည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိပြောလိုသည်မှာ ပြည်သူလူထုကဖြစ်စေ၊ တက်ကြွနေကြသည့်၊ လှုပ်ရှားနေကြသည့် Generation-Z ဆိုသည့် လူငယ်များဖြစ်စေ၊ မိမိတို့ဆောင်ရွက်နေတာသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်အောင် ဆောင်ရွက်နေသည့်လမ်းကြောင်းကို အားလုံးပူးပေါင်းဆောင်ရွက်ကြပါလို့ ပြောလိုပါကြောင်း ဖြေကြားသည်။

**သူရိယနေဝန်းသတင်းဌာနမှ ဦးမိုးဟိန်း**က ယခုလူမှုကွန်ရက်ပေါ်မှာ ပျံ့နှံ့နေသည့် ဒေါက်တာဆာဆာနှင့် CRPH လွှတ်တော်ကိုယ်စားပြုကော်မတီသည် ဘယ်လိုဆက်စပ်ပြီး ဖြစ်ပေါ်နေသလဲ၊ ဒေါက်တာဆာဆာ ဆိုသည်မှာ ဘယ်သူလဲ၊ ကျွန်တော်တို့လည်း မသိကြောင်း၊ ကျွန်တော်တို့ ဒေါက်တာ သက်နှင်းဦးကို သိကြောင်း၊ ၁၉၈၈ ခုနှစ်မှာဆိုလျှင် ဒေါ်အောင်ဆန်းစုကြည် ဆိုတာသည် ဗိုလ်ချုပ်အောင်ဆန်းသမီး၊ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်တို့သိကြောင်း၊ ဒေါက်တာဆာဆာဆိုသည်ကို ကျွန်တော်တို့လည်း မသိကြောင်း၊ နောက်တစ်ခုသည် တရားဝင်အစိုးရ လွှတ်တော်လို၊ တရားဝင်အစိုးရတစ်ရပ်လို အမိန့်ပေး ခန့်အပ်မှုများ ဖြစ်ပေါ်နေကြောင်း၊ ဒီအခါမှာ ကျွန်တော်တို့နားလည်ထားခြင်းသည် အစိုးရတစ်ရပ်က အချုပ်အခြာအာဏာသုံးရပ်ကို ၂၁ ရက် အပိုင်အနိုင်ကျင့်သုံးနိုင်လျှင် တစ်ကမ္ဘာလုံးက အဲဒီအစိုးရကို အစိုးရတစ်ရပ်လို့ သတ်မှတ်တယ်ဆိုသည့် နိယာမကို တရားဝင်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ၂၁ ရက် နိုင်ငံတစ်နိုင်ငံကို အချုပ်အခြာအာဏာသုံးရပ် ကျင့်သုံးနိုင်သည်ဆိုလျှင် အစိုးရ တစ်ရပ်အထမြောက်ကြောင်း၊ ဒီနေ့ နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီ အစိုးရသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစပြီး ဒီအာဏာသုံးရပ်ကို ပြဋ္ဌာန်းခြင်းသည် ရက်ပေါင်း ၄၁ ရက်ရှိပြီဖြစ်ခြင်းကြောင့် တရားဝင်အစိုးရတစ်ရပ်ဖြစ်ပေါ်နေကြောင်း၊ လက်ရှိတရားဝင်အစိုးရတစ်ရပ်ကို ဆန့်ကျင် ပုန်ကန်သည့်သဘောနှင့် စင်ပြိုင်လွှတ်တော်၊ စင်ပြိုင်အစိုးရဆောင်ရွက်နေမှုများ၊

*စာမျက်နှာ ၁၈ သို့*



## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ကချင်ပြည်နယ်အတွင်းမှ မြန်မာအလုပ်သမားများအား တွေ့ဆုံအားပေး

**မြစ်ကြီးနား မတ် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်ဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံရပ်ခြား၌ ပိတ်မိဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့ကြရာ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ကချင်ပြည်နယ်အတွင်းမှ ဒေသခံတိုင်းရင်းသားများအား မတ် ၁၅ ရက် နံနက် ၈ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တွေ့ဆုံအားပေးသည်။

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ဒေသခံတိုင်းရင်းသားများအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစီအစဉ်ဖြင့် နိုင်ငံရပ်ခြားမှ မိမိတို့နေထိုင်ရာ ကချင်ပြည်နယ်သို့ ယခုလို ကျန်းကျန်းမာမာဖြင့် ပြန်လည်ရောက်ရှိလာကြသည့်သား သမီးတစ်ယောက်စီတိုင်းကို နွေးထွေးစွာ ကြိုဆိုကြောင်း၊ ရှေ့ဆက်ပြီး မိမိတို့ဘဝခရီးကို ဖြတ်သန်းရာတွင် မိသားစုနှင့်အတူ အကောင်းမွန်ဆုံးနှင့် ရိုးသားကြိုးစားစွာ နေထိုင်သွားကြရန်လိုကြောင်း အားပေးပြောကြားသည်။

ယင်းနောက် မလေးရှားနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် ဒေသခံများကိုယ်စား ဦးအာန်ဂျုံးပန်ကယခုလို နိုင်ငံတော်၏ အစီအမံဖြင့် မလေးရှားနိုင်ငံမှ တစ်ဆင့် မိမိတို့နေရပ်အထိ အဆင့်ဆင့်ပို့ဆောင်ပေးခဲ့ကြမှုကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များက နေရပ်ပြန်လည်ရောက်ရှိလာသည့် ဒေသခံတိုင်းရင်းသားများနှင့်အတူ နံနက်စာကို အတူတကွ ရင်းရင်းနှီးနှီးစားသောက်ကြသည်။

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အဆိုပါ မလေးရှားနိုင်ငံမှ နေရပ်သို့ပြန်လည်ရောက်ရှိလာသည့် ဒေသခံတိုင်းရင်းသား ၁၀ ဦးတို့အား ၎င်းတို့၏ နေရပ်ဒေသများဖြစ်သည့် ပူတာအို၊ မိုးကောင်း၊ ဝိုင်းမော်၊ ဖားကန့်နှင့် မြစ်ကြီးနားမြို့တို့ရှိ နေအိမ်များအရောက် လမ်းခရီးတွင် နေထိုင်စားသောက်မှုကုန်ကျစရိတ်များ ပံ့ပိုးကူညီ၍ မြို့နယ်အလိုက် တာဝန်ရှိသူများက ပို့ဆောင်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**





အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ


### ယနေ့စျေးကွက်ပေါက်စျေးများ

၁၆ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်စျေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်စျေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | | လက်လီစျေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်စျေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်စျေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | 8400 | 8400 | 91 | 764400 |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာမှု အနုလက်ရာ ကျောင်းတော်ကြီးများ(၃)

ကိုကျော်စွာ(ကျိုက်ပိ)

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် စေတီပုထိုး၊ ဘုရား၊ ကျောင်း၊ ကန် အလွန်ပေါများလှပါသည်။ ခေတ်အဆက်ဆက်က တည်ဆောက်ခဲ့သော ကျောင်းတော်ကြီးတွေလည်း အများအပြားပင်ရှိပါသည်။ "ကျောင်း"ဟုဆိုရာ၌ ဘုန်းတော်ကြီးကျောင်းအပါအဝင် "ကျောင်း" ဟု အမည်တပ်၍ အမှတ်သညာပြုသည့် အခြားသော အဆောက်အအုံများကိုပါ ထည့်သွင်းဆိုလိုခြင်းဖြစ်ပါသည်။ စာရေးသူသည် ကျောင်းတော်ကြီးများ အကြောင်းကို ရေးသားတင်ပြခဲ့ဖူးသော်လည်း ရှေးဟောင်းအနုပညာလက်ရာများပါဝင်သည့် ကျောင်းကြီးများသည် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် တည်ရှိနေသောကြောင့် လေ့လာ၍မကုန်နိုင်သလို ရေးသား၍လည်း ကုန်နိုင်မည်မထင်ပေ။ ယခုလည်း မြန်မာမှုအနုပညာလက်ရာ ကျောင်းတော်အချို့ကို ဆက်လက်၍ ရေးသားဖော်ပြပါဦးမည်။

**သင်္ဂဇာသစ်သားကျောင်းတော်ကြီး**

မြန်မာနိုင်ငံသည် အနုပညာလက်ရာယဉ်ကျေးမှု အထွန်းကားဆုံးနေရာတစ်ခုဟု ဆိုနိုင်ပါသည်။ အနုပညာဆိုင်ရာ ရှေးလက်ရာများကို လေ့လာမည်ဆိုပါက လေ့လာ၍ မကုန်နိုင်ပေ။ ရှေးဟောင်း သစ်သားကျောင်းတော်ကြီးတွေ များစွာရှိသည့် အနက် သင်္ဂဇာသစ်သားကျောင်းတော်ကြီးလည်း အပါအဝင်ဖြစ်ပါသည်။ သင်္ဂဇာကျောင်းတိုက်ဟု ဆိုလိုက်သည်နှင့် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်ကြားသော သင်္ဂဇာဆရာတော်ကြီးကို လူတိုင်းသိကြပေလိမ့်မည်။ သင်္ဂဇာပုံပြင်များဆို လူသိများလှပါသည်။ သင်္ဂဇာကျောင်းတော်ကြီး သည် မန္တလေးမြို့ ဒေးဝန်းအနောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်တွင် တည်ရှိပြီး သင်္ဂဇာ ချောင်း၏ အရှေ့ဘက်တွင် တည်ရှိပါသည်။

ရှေးဟောင်း ကျောင်းတော်ကြီးများသည် အနုပညာလက်ရာက ထူးခြားလှသလို အခြား ထူးခြားသော အရာတစ်ခုလည်းရှိပါသည်။ ယင်း ထူးခြားချက်က ကျောင်းတော်အတွင်းမှာ ပိဋကတ် တိုက်ကိုပါ ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ် သည်။ ယခု သင်္ဂဇာကျောင်းတော်ကြီးမှာလည်း ပိဋကတ်တိုက်ပါ ထည့်သွင်းတည်ဆောက်ထား သည်မှာ ထူးခြားမှုတစ်ခုဟု ဆိုရပေမည်။ သင်္ဂဇာ ကျောင်းတော်ကြီးသည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုတော်ဖြစ် သည်။ ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်း တရားကြီးသည် မန္တလေးမြို့ကို တည်ပြီးနောက် သက္ကရာဇ် ၁၂၂၃ ခုနှစ်တွင် ဆောက်လုပ်၍ သင်္ဂဇာဆရာတော်ကြီးအား လှူဒါန်းတော်မူခဲ့ ကြောင်း သိရသည်။

မြန်မာမှု အနုလက်ရာကျောင်းတော်ကြီးဖြစ်၍ သံတော်ဆင့် မိုင်းခိုင်မြို့စား မင်းလှသီရိဇေယျ သူ၊ သစ်တောအခွန်မင်းကြီး မဟာမင်းကျော် မင်းလှစည်သူ၊ ပြည်လုံးအံ့လှော်ကား ထောင်ကဲမင်း မင်းလှဇေယျကျော်သူတို့က ကွပ်ကဲတည်ဆောက်ခဲ့ ကြသည်ဟုသိရသည်။ ကျောင်းတော်ကြီးကို ကျွန်း တိုင်များဖြင့် ထုပ်လျှောက်ခံကာ တည်ဆောက်ထား သည်ဟု သိရပါသည်။ ကျောင်းဝင်းအတွင်း၌ အနုပညာလက်ရာ အပြောက်အမွမ်းပန်းခက်များ ကိုကျွန်းသစ်များပေါ်တွင် ထွင်းထုထားသည်ကို လေ့လာနိုင်ပါသည်။ ကျောင်းတော်ကြီးကို ဘုံခုနစ် ဆင့်ဖြင့် တည်ဆောက်ထားပါသည်။ သင်္ဂဇာ ကျောင်းကြီး၏ တံခါးရွက်များကို ပန်းပုရုပ်တုရုပ်ကြွ လက်ရာများဖြင့် ပုံဖော်ထားသည်ဟု ဆိုပါသည်။



အရိယဝံသကျောင်း

အဆောင်ပတ်လည် အကာအရံများ၊ ကျောင်း ပြာသာဒ်နှင့် ဘုရားဆောင် အတွင်းပိုင်းခန်းမများ တွင် ဇာတ်တော်လာ ပန်းပုရုပ်ကြွများဖြင့် တန်ဆာ ဆင်ထားပါသည်။ ထို့အပြင် ခံ့ထည်သော သရက် ကင်း လှေကားငါးစင်းရှိပြီး ပိဋကတ်တိုက်ကိုမူ ထူးခြားစွာ အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ထား သည်ဟု သိရပါသည်။ ကျောင်းတိုက်ကြီး၏ အတွင်းတွင် ဘုရားပလ္လင်များနှင့် ရတနာပုံ ခေတ်ရုပ်ပွားတော်များ၊ စာတိုက်ဗီရိုများနှင့် ရှေးခေတ်အနုပညာ လက်ရာအမွမ်းများကိုလည်း တွေ့မြင်နိုင်ပါသည်။

**စစ်ကိုင်းမြို့ အရိယဝံသချောင်မှ ရုပ်စုံကျောင်း တော်ကြီး**

"အရိယဝံသချောင်"ဟု ခေါ်ဆိုရခြင်းမှာ သည် ချောင်မှာ သီတင်းသုံးတော်မူတဲ့ အရှင်အရိယဝံသ ဆရာတော်ကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။ အရိယဝံသဆရာတော်သည် ပါဠိအဋ္ဌကထာဋီကာ ကျမ်းဂန်များအား ကိုယ်ဝန်ဆောင်မိန်းမ တစ်ရွက် ခန့်ကို နှုတ်တက်အာဂုံဆောင်နိုင်သည်အထိ ကျမ်း ဂန်တတ်သည်ဟု ဆိုပါသည်။ အရှင်အရိယဝံသ သည် ဋီကာလက်သန်းအဖွင့် မဏိသာရမဉ္ဇူကျမ်း ကို စီရင်ကြောင်းကိုလည်း မှတ်သားရပါသည်။ ထို့အပြင် မဏိဒီပကျမ်း၊ ဂန္ဓာဘရဏကျမ်း၊ မဟာနိဿယကျမ်း၊ ဇာတကဝိသောဓနကျမ်း များကိုလည်း ရေးသားတော်မူခဲ့ပါသည်။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကို လက်သန်းအဋ္ဌကထာဟု ဆိုသည်။ ထိုအဋ္ဌကထာ၏အဖွင့်ကို ဋီကာ လက်သန်းဟု ဆိုပါသည်။ ထိုဋီကာသည် အဖွင့် အပြ သိသာခြားနားလှသောကြောင့် ဋီကာလှဟု ရှေးသူဟောင်းတို့ ခေါ်ကြသည်။ ထိုဋီကာကို သင်ရာတွင် အရှင်အရိယဝံသသည် ကျမ်းဂန်တတ် လေသောကြောင့် ရှင်မဟာအရိယဝံသမှစ၍ ဋီကာကျော်ဟု ခေါ်ဆိုခဲ့ရာ ယခုတိုင်ပင်ဖြစ်ပါသည်။

အရိယဝံသကျောင်းတော်ကြီးကို ရေငုံဆရာ တော်ထံတွင် ပညာသင်ကြားနေသော ဆရာတော် အရှင်အရိယဝံသ၏ ကျမ်းဂန်တတ်မြောက်မှုကို ကြည်ညိုသည့်အနေဖြင့် အင်းဝဘုရင် ဒုတိယ မင်းခေါင်က ကျောင်းဆောက်လှူဒါန်းခြင်း ဖြစ်ပါ သည်။ ရေငုံဆရာတော်ဟူသည် ပုညစေတီ၏ မြောက်ဘက်တွင် ကျမ်းဂန်အလွန်တတ်သော ရေငုံဆရာတော်တစ်ပါး ဖြစ်ပါသည်။ စကားများများ မပြောလိုသောကြောင့် ရေကိုငုံ၍ နေလေ့ရှိသဖြင့် ရေငုံဆရာတော်ဟု ခေါ်ခြင်းဖြစ်ပါသည်။

အရိယဝံသရုပ်စုံကျောင်း၏ ဘေးပတ်လည်တွင် အုတ်အင်္ဂတေများဖြင့် တံတိုင်းသဖွယ် ပတ်ထား ပါသည်။ ရုပ်စုံကျောင်းဟု ခေါ်ဆိုရခြင်းမှာ ကျောင်း အတွင်း ဇာတ်ကြီးဆယ်ဘွဲ့၊ နိပါတ်တော်လာ ဇာတ်ရုပ်တွေကို စုံလင်စွာထည့်သွင်းတည်ဆောက် ထားသောကြောင့် ဖြစ်ပါသည်။ ပြာသာဒ်ဘုံ အဆင့်ဆင့်တွင် အပြောက်အမွမ်းများဖြင့် တန်ဆာ ဆင်ထားပါသည်။ အရိယဝံသရုပ်စုံကျောင်းတော် ကြီးသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၇၀၀ ခန့်ရှိသည်ဟု ဆိုပါသည်။ ရုပ်စုံကျောင်းကြီး၏ တည်ရှိရာနေရာသည် စစ်ကိုင်းတောင်ဆင်းလမ်း အရိယဝံသချောင်ဖြစ်ပါသည်။

**ပခန်းငယ်ကျောင်းတော်ကြီး**

ရေစကြိုမြို့ရှိ ပခန်းရွာနှင့် ပတ်သက်၍ ပခန်း ငယ်နှင့် ပခန်းကြီးဟူ၍ နှစ်မျိုးရှိကြောင်း သိရ သည်။ စာရေးသူသည် ပခန်းကြီးအတွင်းရှိ ရှေး ဟောင်းကျောင်းတော်ကြီးအကြောင်းကို ရေးသားခဲ့ ပြီး ဖြစ်ပါသည်။ ယခု ပခန်းငယ်ရွာအတွင်းက ပခန်း ငယ်ကျောင်းတော်ကြီးအကြောင်းကို လက်လှမ်းမီ သလောက် ရေးသားဖော်ပြချင်ပါသည်။ ပခန်းကြီး နှင့်ပခန်းငယ်သည် ရေစကြိုမြို့နယ်အတွင်း တည်ရှိပါသည်။ ပခန်းငယ်သည် ပခန်းကြီး၏ အရှေ့ဘက်တွင် တည်ရှိသည်ဟု သိရပါသည်။

ပခန်းငယ်ကျောင်းဟု ခေါ်ရခြင်းမှာ ရေစကြိုမြို့ ပခန်းငယ်ရွာတွင် တည်ရှိသောကြောင့်ဟုသာ ဆိုရ ပေမည်။ ပခန်းငယ်ရွာအတွင်းရှိ ပခန်းငယ်ကျောင်း သည် နှစ်ဧကခန့်ကျယ်ဝန်းပြီး ကုန်းဘောင် ခေတ်နှောင်း မြန်မာ့ဘုန်းတော်ကြီးကျောင်းများ တွင် အကြီးဆုံးဟု ဆိုပါသည်။ ပခန်းငယ်ကျောင်း တော်ကြီးကို မင်းတုန်းမင်းသည် ပခန်းမြို့ကို အပိုင်စားရသော ငယ်ဆရာ ဦးဝိသုဒ္ဓတစ်ဖြစ်လဲ ဦးရန်ဝေးက သက္ကရာဇ် ၁၈၆၄ ခုနှစ်တွင် သူ၏ ငယ်ဆရာတော်အားရည်စူး၍ ပခန်းငယ်ရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကိုဆောက် လုပ် လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

ပခန်းငယ်ကျောင်းသည် ကျွန်းသားဘုန်းတော် ကြီးကျောင်းဟု သိရသည်။ ဗိသုကာပညာရှင်မှာ ပခန်းငယ်ရွာမှ ဦးသာကြီးဖြစ်၍ ကျောင်းတော်ကြီး ပြီးမြောက်ရန် ခုနစ်နှစ်ကြာသည်ဟု သိရှိရပါသည်။ ကျောင်းတော်ကြီး၏ အမြင့်မှာ ပေ ၇၀ ခန့်ရှိပြီး ကျွန်းတိုင်ကြီးများမှာ ပေ ၂၀ မှ ပေ ၆၀ အထိ ရှိပါသည်။ ကျွန်းတိုင်အလုံးရေ စုစုပေါင်းမှာ ၃၃၂ တိုင်ရှိသည်ဟု ဆိုပါသည်။ ယခုအခါ ယိုယွင်း ပျက်စီး၍ တိုင်လုံးများသာ ကျန်ရှိကြောင်း သိရ သည်။ တိုင်းတစ်တိုင်၏ လုံးပတ်မှာ ၆ ပေ ၄ လက်မ မှ ၆ ပေ ၈ လက်မ အထိရှိသည်ဟု ဆိုပါသည်။

ကျောင်းကြီးရှိ တိုင်များ၏ အမြင့်နှင့်လုံးပတ်ကို ကြည့်ခြင်းအားဖြင့် ကျောင်းကြီး၏ ကြီးမားထည် ဝါပုံကို စိတ်မှန်းဖြင့်ပင် သိနိုင်ပါသည်။ ကျောင်းကြီး တွင် ကျောင်းဦးပြာသာဒ်၊ အဆောင်မနှင့် ဘောဂ ဆောင်ဟူ၍ အဓိကအဆောင်ကြီး သုံးခုရှိခဲ့ပါသည်။ ကျောင်းဦးပြာသာဒ်တွင် ပလ္လင်တစ်ခု၊ ကျောင်း၏ နံရံများတွင် သစ်သားပန်းပုများရှိပြီး ကျောင်း၏ အဆောင်မကြီးမှာ သုံးဆင့်လည်ပေါ်မိုး ဖြစ်ပါသည်။ မြေပြင်ကနေ ကျောင်းတော်ကြီး၏ အောက်ကြမ်း ခင်းအထိ ၁၀ ပေမြင့်သည်ဟု ဆိုပါသည်။ ကြမ်းခင်း ပျဉ်ပြားကြီးများ၏ ထုမှာ တစ်လက်မခွဲရှိပြီး ဗျက်မှာ ၁၂ လက်မရှိသည်ဟု ဆိုပါသည်။ ကျောင်းခါးပန်းကို စွဲထားသည့် သံမှိုကြီးများမှာ ၆ လက်မခန့် အဝန်းရှိသည်ဟုလည်း သိရပါသည်။

ယခုအခါတွင် ရာသီဥတုဒဏ်နှင့် လူတို့၏ ဒဏ် ကြောင့် ယိုယွင်းပျက်စီးနေပြီဖြစ်သည်။ ယခု အခါတွင်မူ တိုင်လုံးများနှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် အုတ်လှေကားကြီး ရှစ်ခုသာ တွေ့မြင်နိုင်တော့သည်ဟု ဆိုပါသည်။ အလွန်ပင် နှမြောစရာကောင်းလှပါသည်။ ယခုခေတ်တွင် ထိုကဲ့သို့သော ရှေးဟောင်းယဉ်ကျေးမှုအနုလက်ရာ ကျောင်းတော်ကြီးမျိုးကို တည်ဆောက်ဖို့ရာ မလွယ်ကူတော့ပေ။ ထို့ကြောင့် ဝိုင်းဝန်းထိန်းသိမ်း သင့်ပါသည်။

**မုန်တိုင်ရွာ အုတ်ကျောင်းတော်ကြီး**

စာရေးသူတို့နိုင်ငံ၏ နေရာအနှံ့အပြားတွင် မြန်မာမှုလက်ရာကျောင်းတော်ကြီးများစွာ ရှိပါ သည်။ တချို့သော ကျောင်းကြီးများကို အုတ်၊ အင်္ဂတေတို့ဖြင့်လည်းကောင်း၊ တချို့သော ကျောင်းတော်ကြီးများကိုမူ သစ်များဖြင့် လက်ရာ မြောက်စွာ တည်ဆောက်ထားခဲ့ကြပါသည်။ ထို ကျောင်းများစွာထဲတွင် မုန်တိုင်ဘုန်းတော်ကြီး ကျောင်းလည်း အပါအဝင်ဖြစ်ပါသည်။ မုန်တိုင်ရွာ သည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ်မှ အနောက် ဘက် ၁၀ မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ မုန်တိုင် ရွာရှိ အုတ်ကျောင်းတော်ကြီးသည် မိတ္ထီလာ ကျောက်ပန်းတောင်း ကားလမ်းဘေးတွင် တည်ရှိ သည်ဟု ဆိုပါသည်။ ထိုအုတ်ကျောင်းတွင်ပိဋ ကတ်တော်များကို ထိန်းသိမ်းထားသည့် ပိဋကတ် တိုက်လည်းရှိသည်ဟု သိရသည်။

မုန်တိုင်ရွာသည် ကုန်းဘောင်ခေတ်တွင် တည် ထောင်ဟန်ရှိကြောင်းဆရာမောင်သာ (ရှေးဟောင်း

*စာမျက်နှာ ၂၁ သို့*

**"ရှေးဟောင်းကျောင်းတော်ကြီးများသည် အနုပညာလက်ရာက ထူးခြားလှသလို အခြားထူးခြားသော အရာတစ်ခုလည်းရှိပါသည်။ ယင်းထူးခြားချက်က ကျောင်းတော်အတွင်းမှာ ပိဋကတ်တိုက်ကိုပါ ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်သည်။ ယခုသင်္ဂဇာကျောင်းတော်ကြီးမှာလည်း ပိဋကတ်တိုက်ပါ ထည့်သွင်းတည်ဆောက်ထားသည်မှာ ထူးခြားမှုတစ်ခုဟု ဆိုရပေမည်"**

# ညောင်ဦးမြို့နယ် ကျေးလက်မြစ်ရေတင်စီမံကိန်းလုပ်ငန်းနှင့် ကျေးလက်ရေရရှိရေး ၁၀ နှစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**ညောင်ဦး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နတ်သမီးကမ်းပါးမြစ်ရေတင်စီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရေဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးလွင်ထံမှ သိရသည်။

အဆိုပါ စီမံကိန်းတွင် တောင်ဇင်းနှင့် စက်စက်ယိုရေပိုက်လိုင်းနှစ်လိုင်းရှိသည်။ တောင်ဇင်းရေပိုက်လိုင်းသည် ပိုက်လိုင်းအရှည် ၂၉ မိုင်ရှိပြီး ရေစက်ရုံငါးရုံ၊ ရေလှောင်ကန်ခြောက်ကန်ဖြင့် နေ့စဉ် ရေဂါလန် ၃ ဒသမ ၉၅ သိန်းခန့်ကို အဆင့်ဆင့်ရေတွန်းတင်၍ တိုက်ရိုက်ရေပေးဝေသည့် ကျေးရွာ ၃၂ ရွာနှင့်တစ်ဆင့် ရေပေးဝေသည့် ကျေးရွာ ၁၆ ရွာ စုစုပေါင်းကျေးရွာ ၄၈ ရွာရှိသည်။ အိမ်ခြေပေါင်း ၉၀၀၀ ကျော်၊ လူဦးရေ ၅၃၀၀၀ ကျော်အား အကျိုးပြုရေပေးလျက်ရှိကြောင်း သိရသည်။

စက်စက်ယိုကျေးရွာ ရေပိုက်လိုင်းသည် ပိုက်လိုင်းအရှည် ၃၆ မိုင်ရှိပြီး ရေစက်ရုံ ခုနစ်ရုံ၊ ရေလှောင်ကန် ၁၃ ကန်ဖြင့် နေ့စဉ်ရေဂါလန် ၃ ဒသမ ဝ၅ သိန်းခန့်ကို အဆင့်ဆင့်ရေတွန်းတင်၍ တိုက်ရိုက်ရေပေးဝေသည့် ကျေးရွာ ၃၅ ရွာနှင့် တစ်ဆင့်ကျေးပေးဝေသည့် ကျေးရွာ ၂၂ ရွာ၊ စုစုပေါင်း ကျေးရွာ ၅၇ ရွာရှိ အိမ်ခြေ ၁၄၀၀၀ ကျော်၊ လူဦးရေ ၆၁၀၀၀ ကျော်ကို ရေပေးဝေလျက်ရှိသည်။

မြစ်ရေတင်စီမံကိန်းတစ်ခုအနေဖြင့် ပိုက်လိုင်းအရှည် ၆၅ မိုင်ရှိပြီး ရေစက်ရုံပေါင်း ၁၂ ရုံ၊ ရေလှောင်ကန် ၁၉ ကန်ဖြင့် နေ့စဉ် ရေဂါလန် ခုနစ်သိန်းခန့် ရေဖြန့်ဝေပေးလျက်ရှိရာ တိုက်ရိုက်ရေပေးဝေသည့် ကျေးရွာ ၆၇ ရွာ၊ ထပ်ဆင့်ရေပေးဝေသည့် ကျေးရွာ ၃၈ ရွာ စုစုပေါင်းကျေးရွာ ၁၀၅ ရွာရှိ အိမ်ခြေပေါင်း ၂၃၀၀၀ ကျော်နှင့် လူဦးရေပေါင်း ၁၁၄၀၀၀ ကျော်အား ရေပေးဝေအကျိုးပြုလျက်ရှိကြောင်း အဆိုပါကျေးရွာများကို ရေတစ်ယူနစ်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးကာ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးလွင်က ရှင်းပြသည်။



ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ရှိရေပေးဝေရေးစနစ်အား စနစ်နှစ်မျိုးဖြင့် ရေတွန်းတင်ဆောင်ရွက်လျက်ရှိရာ Pontoon မှ ရေတင်ခြင်းနှင့် ရေယူအဆောက်အအုံအတွင်းမှ ရေတင်ခြင်းတို့ဖြစ်ပြီး Pontoon ပေါ်တွင် 100-HP Pump နှစ်လုံးဖြင့် တစ်နာရီလျှင် ဂါလန် ၃၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေယူအဆောက်အအုံအတွင်းမှ 83-HP Sewage Submersible Pump ဖြင့် တစ်နာရီလျှင် ဂါလန် ၇၀၀၀၀ နှုန်းဖြင့်လည်းကောင်း ရေတွန်းတင်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြစ်ရေအမှတ်ကျဆင်း၍ ရေယူအဆောက်အအုံအတွင်း ရေဝင်ရောက်မှုနည်းပါးသောကြောင့် Pontoon အပေါ်ရှိ 100-HP Pump နှစ်လုံးဖြင့် နေ့စဉ် ရေတွန်းတင်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ညောင်ဦးမြို့ နတ်သမီးကမ်းပါးမြစ်ရေတင်စီမံကိန်းလုပ်ငန်း ရေအလေအလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် တက်သိမ်းရပ်ကွက်လူနေအိမ်ခြေအောက်သို့ ရောက်ရှိနေသော တောင်ဇင်းရေပိုက်လိုင်းကို ပိုက်လိုင်းလမ်းကြောင်းပြောင်းလဲသွယ်တန်းနိုင်ရန် ၁၀လက်မအချင်း Black Steel (B.S)ပိုက် အရှည်ပေ ၂၅၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်စေရန်အတွက် ကျေးလက်ရေရရှိရေး ၁၀ နှစ် စီမံကိန်းကိုလည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၃၀- ၂၀၃၁ ဘဏ္ဍာနှစ်အထိ ရေးဆွဲထားလျက်ရှိကြောင်းလည်း သိရသည်။ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂၀ နှင့် အိမ်ခြေ ၂၀ နှင့်အထက် တဲတိုက်ပေါင်း ၈၀ တို့ရှိ လက်ရှိရေသုံးစွဲမှုအခြေအနေကို ကွင်းဆင်းစိစစ်၍ ရေမရရှိနိုင်သော ကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသောသောက်သုံးရေမရရှိသော ကျေးရွာနှင့် ပြုပြင်ထိန်းသိမ်းပေးရန် လိုအပ်သောကျေးရွာများအဖြစ် ခွဲခြားကာ တဲတိုက်များကိုလည်း ဦးစားပေးအဆင့် ဆောင်ရွက်ပေးရန်လိုအပ်သော ကျေးလက်ရေပေးရေးလုပ်ငန်းများအား ပထမငါးနှစ်နှင့် ဒုတိယငါးနှစ်ဟူ၍ ကာလအပိုင်းအခြားနှစ်ခု ပိုင်းခြားအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် Pilot Project အဖြစ် စီမံကိန်းရေးဆွဲပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျန်မြို့နယ်များတွင်လည်း ကျေးလက်ရေရရှိရေး ၁၀ နှစ်စီမံကိန်းကို ရေးဆွဲလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

*စာမျက်နှာ ၂၀ မှ*

သုတေသန)၏ မုန်တိုင်အုတ်ကျောင်းဆောင်းပါးတွင် ဖော်ပြထားပါသည်။ ဆောင်းပါးတွင် ပါရှိသည့် အနည်းငယ်မျှ ကိုးကားဖော်ပြချင် ပါသည်။ တောထန်းပင်ရိုင်းများ ပေါက်နေသည့် မုန်တိုင်ပင်ထန်းတောကို ခုတ်ထွင်ရှင်းလင်းကာ ရွာတည်ထားသဖြင့် မုန်တိုင်ရွာဟု အမည်တွင်သည်ဟု ဆိုပါသည်။ မုန်တိုင်ပင်သည် "ဆဲလပ်စတြေးစီအီး" မျိုးရင်းတွင်ပါဝင်၍ ရုက္ခဗေဒအမည်မှာ "လိုဖိုပက်တလမ် ဝေါလီချီး" ဟု ခေါ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားပါသည်။ မိုးနည်းသောဒေသတွင် ပေါက်ရောက်ပြီး အမြင့် ၃၅ ပေမှ ၄၅ ပေအထိ ရှိပါသည်။ ပင်စည်လုံးပတ်မှာ ၄ ပေ ၅ ပေအထိ ရှိပါသည်။ ထန်းရိုင်းပင်ဟု စာရေးသူယူဆမိပါသည်။ မုန်တိုင်ရွာ၏ အရှေ့ဘက်၊ တောင်ဘက်နှင့် အလယ်တွင် ကုန်းဘောင်ခေတ် ရှေးဟောင်းစေတီ ၇၆ ဆူ ရှိသည်ဟု ဆိုပါသည်။ ထိုရှေးဟောင်းအမွေအနှစ်များထဲတွင် မုန်တိုင်အုတ်ကျောင်းလည်း အပါအဝင်ဖြစ်ပါသည်။

မုန်တိုင်အုတ်ကျောင်းကြီးသည် မုန်တိုင်ရွာ၏ မြောက်ပိုင်း မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း၏ မြောက်ဘက်ခြမ်းတွင် တည်ရှိ၍ အလျား ၁၁၆ ပေ၊ အနံ ၈၃ ပေနှင့် အမြင့် ပေ ၈၀ ရှိပြီး အထပ်သုံးထပ်ရှိသည်ဟု ဆိုပါသည်။ မုန်တိုင်အုတ်ကျောင်းကြီးကို အင်းဝမဟာ ဓမ္မရာဇာဓိပတိမင်းလက်ထက် ခရစ်နှစ် ၁၇၄၉ ခုနှစ်တွင် အလှူရှင် ဦးပန်းရနှင့် ဒေါ်စိန်တာတို့က တည်ဆောက်ခဲ့ကြောင်း ယာယီသတ်မှတ်ထားသည်ဟု ဆိုပါသည်။ အုတ်ကျောင်း၏ ပန္နက်နှင့် ဥမင်လိုဏ်တည်ထားပုံသည် ပုဂံခေတ်တွင် စတင်တည်ဆောက်ခဲ့ဟန်ရှိကြောင်းကို ဆရာဦးထွဏ်းလွင်က သုံးသပ်ခဲ့ကြောင်း ဆောင်းပါးတွင် ဖော်ပြထားပါသည်။ ထိုသုံးသပ်ချက်ကြောင့် အင်းဝခေတ်က အလှူရှင်ကို ယာယီသတ်မှတ်ထားခြင်းဖြစ်မည်ဟု စာရေးသူ ယူဆမိပါသည်။ ပုဂံခေတ်က စတင်တည်ဆောက်ခဲ့သည်ဟူသော သုံးသပ်ချက်အရ ပုဂံခေတ်က အလှူရှင်ကို မသိရသေးသောကြောင့် အလှူရှင်ကို ယာယီသတ်မှတ်ထားခြင်းဟု စာရေးသူ ယူဆမိပါသည်။

**အဖိုးထိုက်လှပေ**

အထပ်သုံးထပ်ရှိပြီး မြေညီထပ်လေးဖက်တွင် မုခ်ပေါက် ၅၀ ရှိကြောင်း သိရသည်။ အပေါ်ဆုံးထပ်တွင် အုတ်ကျောင်းကြီး၏ အပေါ်သို့ တက်နိုင်ရန် ကျဉ်းမြောင်း၍ မတ်စောက်သော အုတ်လှေကားတစ်ခုရှိပြီး အကျယ် ၂ ပေခွဲနှင့် အမြင့် ၅ ပေခွဲရှိပါသည်။ အုတ်ကျောင်းတော်ကြီးတွင် ပိဋကတ်ပေစာထုပ်ပေါင်း ၁၆၅ ထုပ်ရှိသည်ဟု ဆိုပါသည်။ ပိဋကတ်တိုက်တစ်ခုသည် မြန်မာစာပေအတွက် လွန်စွာ တန်ဖိုးကြီးမားလွန်းပါသည်။ ထို့ကြောင့် မုန်တိုင်ရွာအုတ်ကျောင်းတော်ကြီးသည်လည်း မြန်မာ့အနုလက်ရာ ယဉ်ကျေးမှုအတွက် တန်ဖိုးကြီးမားလှသလို ဘာသာစာပေအတွက်လည်း အဖိုးထိုက်လှပေသည်။

နိဂုံးချုပ်အနေဖြင့် ရှေးမြန်မာတို့၏ ရှေးဟောင်းကျောင်းတော်ကြီးများသည် ပန်းဆယ်မျိုးဆိုင်ရာ အနုပညာလက်ရာဆန်းများကတော့ ရှိစမြဲဖြစ်ပါသည်။ ဒါသည်ပင် မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာ ဖြစ်ပါသည်။ ရှေးက မြန်မာလူမျိုးတို့၏စေတနာသဒ္ဓါတရားကိုဖော်ပြနေသလို ထိုကျောင်းတော်ကြီးများမှ အံ့မခန်းအပြောက်အမွမ်း အနုလက်ရာများကိုလေ့လာပါက မြန်မာတို့၏ အနုပညာဖန်တီးနိုင်စွမ်းကို ရင်သပ်ရှုမောဖွယ်ရာ မြင်တွေ့ရမည်သာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကျောက်ဆည်မြို့ရှိ ကြက်သွန်စိုက်တောင်သူများ ဈေးမကောင်းသဖြင့် အရှုံးနှင့် ရောင်းချနေရ

**ကျောက်ဆည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆည်၊ မြောင်း၊ ချောင်း၊ ကန် ပေါများသဖြင့် တောင်သူအများစုသည် ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး ကြက်သွန်၊ ငရုတ်၊ နှမ်း၊ ငှက်ပျောစသည့်သီးနှံများလည်းစိုက်ပျိုးကြကြောင်း သိရသည်။

ယခုအခါ ကြက်သွန်သီးနှံ လှိုင်လှိုင်ပေါ်ချိန်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု ကောင်းမွန်ခြင်းမရှိသောကြောင့် ကြက်သွန်ဈေးနှုန်းများ ကျဆင်းလျက်ရှိကာ တောင်သူများအနေဖြင့် ကြက်သွန်တစ်ပိဿာငွေကျပ် ၂၅၀ ဖြင့် အရှုံးခံကာ ရောင်းချနေရသည်။

ကြက်သွန် စိုက်ပျိုးရာတွင် အပင်စိုက်နှင့် ဥစိုက်နှစ်မျိုးရှိပြီး ဥစိုက်သည် အထားမခံသည့်အတွက်တူးဖော်ပြီး ရသည့်ဈေးဖြင့် ရောင်းချရကြောင်း အပင်စိုက်သည် အထားခံသည့်အတွက် တူးဖော်ပြီး ကြိုက်ဈေးမရပါက မရောင်းချဘဲ လှောင်၍ ထားနိုင်ကြောင်း သိရသည်။ ယမန်နှစ်က ကြက်သွန်တစ်ပိဿာ ငွေကျပ် ၁၀၀၀ ကျော် ရောင်းချရချိန်တွင် ယခုနှစ် ကြက်သွန်တစ်ပိဿာ ငွေကျပ် ၂၅၀ ပေါက်ဈေးသာရှိသောကြောင့် လှောင်မထားနိုင်သည့် တောင်သူများ အရှုံးဖြင့် ရောင်းချနေရပြီး ငွေကြေးပြည့်စုံသည့် တောင်သူအနည်းငယ်သာ လှောင်ထားနိုင်ကြောင်း ရွာသာအေးကျေးရွာမှ ကြက်သွန်စိုက်တောင်သူဦးကြည်စိုးက ပြောသည်။

ကြက်သွန်တစ်ဧက စိုက်ပျိုးမည်ဆိုပါက မြေပိုင်၊ ယာပိုင်မိသားစုဖြစ်ပြီး လုပ်အားထည့်ဝင်နိုင်ပါက ငွေကျပ်ခုနစ်သိန်းခန့် ကုန်ကျကြောင်း ထွက်နှုန်းအနေဖြင့် တစ်ဧကပိဿာ ၃၀၀၀ နှင့် ၃၅၀၀ အကြား ထွက်ရှိကြောင်း သိရပြီး ကျောက်ဆည်မြို့နယ်တွင် ကြက်သွန်းစိုက်ဧက တစ်သောင်းကျော် စိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ကျုံမငေးမြို့ အတုလဗုဒ္ဓ မြတ်စွယ်တော်

မောင်တင်လှိုင် (ဟိုတယ် / ခရီး)

**ဧရာဝတီတိုင်းဒေသကြီးသည် ရေခံ၊ မြေခံအလွန်ကောင်းသည့်ဒေသဖြစ်ပါသည်။ ထိုဒေသ၌ ရှေးယခင်ကပင် မှီတင်းနေထိုင်ကြသော လူအပေါင်းတို့သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသဖြင့် ဆန်ရေစပါးပြည့်စုံကြွယ်ဝပါသည်။ ခရီးသွားလာမှုတွင် ကုန်းလမ်း၊ ရေလမ်းဖြင့် အလွယ်တကူသွားလာနိုင်ပါသည်။ ဗုဒ္ဓဘာသာ သာသနာ ထွန်းကားရာ ပဋိရူပဒေသလည်း ဖြစ်ပါသည်။ ရှေးကပင် ဆပွဒမထေရ် စသောဘုရားသားတော် အာဇာနည်ပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းရာဒေသ ဖြစ်ပါသည်။**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့မှာ ယခုအခါ အစစအရာရာ တိုးတက်နေပြီး ယင်းမှာ ဌာနဆိုင်ရာများ၏ တာဝန်ကျေပွန်မှု၊ မြို့ခံများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့်ဖြစ်ပါသည်။ သာသနိက အဆောက်အအုံများကို များစွာကြည်ညိုဖွယ် တွေ့မြင်ရပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ကျက်သရေဆောင် မဟာသကျမုနိဘုရားကြီးကို အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်သလို ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ အုန်းပင်ကျေးရွာတွင် ရှေးနှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော မဟာသကျမုနိဘုရားကြီးကိုလည်း သွားရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက မွန်လူမျိုးတို့သည် "ကြုင်မငေး" (ကရုံမငေး) ဟူ၍ (ကြုင် - ချောင်း၊ မငေး - လုံခြုံရာအရပ်)၊ လှိုင်းလေလုံခြုံသော ချောင်း၊ ဘေးရန်လုံခြုံသောချောင်းဟူ၍ ချောင်း၏ တစ်ဖက်ကမ်းကို ကျုံမငေးဟုလည်းကောင်း၊ ချောင်းအောက်ဘက်ကမ်းကို အုန်းပင်ဟူ၍လည်းကောင်း သတ်မှတ်ခေါ်ဝေါ်၍ ရွာတည်ကာ နေထိုင်ခဲ့ကြသည်။

မိဘများ၏ဇာတိ၊ စာရေးသူ၏ ဇာတိချက်မြှုပ်မြေဖြစ်သော ကျုံမငေးမြို့မှာ သာသနာ့အရောင်ထွန်းလင်းပြောင်၍ အစစအရာရာ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ရသဖြင့် များစွာဝမ်းမြောက်ပီတိဖြစ်ရပါသည်။

**ရှေးကျုံမငေးသားများ၏ အမြော်အမြင်ကြီးမား**

စာရေးသူသည် ကျုံမငေးမြို့သို့ မကြာမီက အလည်အပတ်ခရီးသွားရောက်၍ ဘုရားများဖူးမြော်ရင်း သာသနာတော်စည်ပင်သာယာနေသည်များကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ကျုံမငေးမြို့အား တည်ထားခဲ့သော ရှေးမြန်မာများ၏ အမြော်အမြင်ကြီးမားပုံကို စာရေးသူအနေဖြင့် အကြိမ်ကြိမ်လေးစားပြီး ရှိခိုးဦးတင်မိပါသည်။

အကြောင်းကား ကျုံမငေးမြို့တည်နေပုံကား ကြည်နူးဖွယ်ကောင်းလှပါသည်။ သာသနာ့အရောင်ထွန်းလင်းပြောင်စေရန် တည်ထားခဲ့သည်ဟု ဆိုနိုင်ပါသည်။ ရွာစွန်ရွာဖျား အရပ်ရှစ်မျက်နှာတွင် ဘုရားကျောင်းကန်စေတီ၊ ပုထိုးများတည်ထားကိုးကွယ်ခဲ့သည်ကား အံ့မခန်းဖြစ်မိပါသည်။ ပြန်မလေ့မြစ် ရေပြင်၏ အလှနှင့် ပန်းရ တင့်တယ်နေသော ကျုံမငေးမြို့ဖြစ်ပါသည်။

**ကျုံမငေးမြို့ အတုလဗုဒ္ဓ မြတ်စွယ်တော် ဘုရားပွဲတော်ကျင်းပမည်**

၂၄-၃-၂၀၁၂ ရက်နေ့ မှ ၃၁-၃-၂၀၁၂ ရက်နေ့



သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) ကန္ဒီမြို့မှ သစ္စာအဓိဋ္ဌာန်ပြုခြင်းဖြင့် အလိုအလျောက်တိုးပွားလာသော ဗုဒ္ဓ၏သရီရဓာတ်တော် မြတ်စွယ်တော်။



ပုဂံပြည့်ရှင်မင်းမြတ် အနော်ရထာ နန်းဦးပြာသာဒ်၌ ကိုးကွယ်ပူဇော်ခဲ့သော သစ်ကနက်နတ်သစ်ရုပ်ပွားတော်မြတ်။

အထိ [၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်နေ့မှ တပေါင်းလဆုတ် ၄ ရက်အထိ ] ဘုရားပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း သိရပါသည်။

**သာသနာ့အရောင်ထွန်းလင်းပြောင်**

ယခုအခါ ကျုံမငေးမြို့၌ စက်ရုံဓမ္မရိပ်သာ အုန်းပင်ပရိယတ္တိစာသင်တိုက်ကြီးများ၊ မဟာစည်သာသနာ့ရိပ်သာ၊ ဈေးကျောင်းပရိယတ္တိစာသင်တိုက်၊ ရန်ကုန်ပရဟိတကျောင်း၊ မြစိမ်း စသောပရိယတ္တိရိပ်သာများ စည်ပင်တိုးပွားနေပါသည်။ ကျုံမငေးမြို့သည် လောကီအတွက်သာ အရေးပါသည်မဟုတ်၊ သာသနာအတွက်လည်း အားတက်ဖွယ်ကောင်းသော ဒေသဖြစ်ပါသည်။

ဗုဒ္ဓသာသနာ တိုးတက်စည်ပင်မှုသည် သာသနာ့ဦးသျှောင် ရဟန်းသံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ အားပေးမှုပေါ်မှာလည်း တည်နေပါသည်။ ကျုံမငေးမြို့နယ်၌ ဗုဒ္ဓသာသနာတော်စည်ပင် ထွန်းကားနေခြင်းသည် ရဟန်းတော်များ အပတ်တကုတ် ကြိုးစားအားထုတ်မှုနှင့် ဒါယကာ၊ ဒါယိကာမများ အားပေးမှုကြောင့် ဖြစ်ကြောင်း ထင်ရှားပါသည်။

ကျုံမငေးမြို့နယ်သူ မြို့နယ်သားများသည် ရိုးသား၍ အကျင့်စာရိတ္တ ကောင်းမွန်ကြပါသည်။ ဧည့်သည်များအပေါ် အထူးဧည့်ဝတ်ကျေပွန်ကြပါသည်။ ဒေသထွက်ကုန်အနေဖြင့် ငါးခြောက်၊ ပုစွန်ခြောက်၊ ပေါ်ဆန်းဆန် စသည်တို့ ထွက်ရှိပါသည်။ မုန့်ဟင်းခါး ဟင်းရည်ကို ပုစွန်ဥဖြင့် ချက်ထားသည့် မုန့်ဟင်းခါး၊ ဆန်ခေါက်ဆွဲများကို စားရသည်မှာ အလွန်အရသာ ရှိလှပါသည်။

ရှေးအခါက မိမိတို့အိမ်ရှေ့၌သန့်ပြန့်သော လင်ပန်းပေါ်တွင် ကြံပန်းခိုင်များ၊ ကြံများ၊ မုန့်စလင်းတောင်ကြော်များ၊ တောင်းများတွင် မာလကာသီးများ ထည့်၍လည်းကောင်း၊ ဇလုံထဲတွင် မုန့်လုံးကြီးများ ထည့်၍လည်းကောင်း ရောင်းချရာတွင် တစ်ခု၊ တစ်လုံးဝယ်ယူလျှင် တစ်ပဲဟု စာကပ်ပြီး ရောင်းကြသည်။ ရောင်းသူမရှိ၊ ငွေကိုင်မရှိ အိမ်ရှေ့တွင် ရောင်းချခြင်းဖြစ်သည်။ ဝယ်သူများကလည်း ကျသင့်သည့် အဖိုးငွေ တစ်ပဲကို ချထားခဲ့ပြီး တစ်ခုကိုသာ ယူသွားကြသည်။ ပို၍ မယူ။ ရောင်းသူဝယ်သူများမှာ ရိုးသားကြသည်။ ဧရာဝတီသားများပီပီ အကျင့်စာရိတ္တကောင်းကြသည်။ လယ်ယာစိုက်ပျိုးရေးကို ကြိုးစားလုပ်ကိုင်ကြသည်။ အလုပ်ကို ရိုးသားကြိုးစားလုပ်ကိုင်ကြသူများဖြစ်ခြင်းကြောင့် ရိုးသား ကြိုးစား ဧရာဝတီသားဟု ခေါ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

**ကျုံမငေးမြို့မြတ်စွယ်တော်**

ကျုံမငေးမြို့ မြတ်စွယ်တော်သည် ဓာတုစေတီ စွယ်တော်ပွားဖြစ်ပါသည်။ ကျုံမငေးမြို့ရှိ ဗုဒ္ဓလက်ဝဲတော်စွယ်တော်ပွား သမိုင်းအကျဉ်းအား လေ့လာပူဇော်ခဲ့ရပါသည်။ မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်တွင် ပခုက္ကူမြို့လေးထပ်တိုက် ဦးစီးဥက္ကဋ္ဌနာယက ဆရာတော်ဦးဥတ္တမသည် ပခုက္ကူမြို့တွင် သီတင်းသုံးနေထိုင်ရင်း ဆရာတော် ဦးကြည်၊ ရသေ့ဦးရွှေပ၊ ကပ္ပိယဦးဖေစိုးတို့နှင့်တကွ လင်္ကာဒီပကျွန်း (သီရိလင်္ကာနိုင်ငံ)သို့ စွယ်တော်မြတ် ဖူးမြော်ရန် သွားရောက်ခဲ့ကြပါသည်။

ဆရာတော်သည် စွယ်တော်မြတ်အား မပြတ်ပူဇော်ဆည်းကပ်ခွင့်ရပါသော်လည်း တင်းတိမ်အားရသည်မရှိ။ စေတနာသဒ္ဓါတရားတို့ ပွားသည်ထက် တိုးပွားလာကာ စွယ်တော်တာဝန်ခံ အမတ်ကြီးအား စွယ်တော်ပွားတစ်ဆူပင့်ယူရန် အထပ်ထပ်အခါခါ တောင်းဆိုပါတော့သည်။ စွယ်တော်စောင့်အမတ်ကြီးသည် စွယ်တော်မြတ်လေးဆူအနက် ဤနေရာတွင် တစ်ဆူသာ ကိန်းဝပ်ကြောင်း အရှင်ဘုရား သိတော်မူပါသည်။ သို့ရာတွင် ဘုရင်အနော်ရထာသည် တရုတ်ပြည်မှ မြတ်စွယ်တော်အား အကြိမ်ကြိမ်ပင့်ဆောင်သော်လည်း မကြွရောက်သဖြင့် နောက်ဆုံးသစ္စာဓိဋ္ဌာန်ပြုရာတွင် စွယ်တော်တစ်ဆူ ရရှိခဲ့ဖူးပါသည်။ ယခုလည်း အရှင်မြတ် သစ္စာဓိဋ္ဌာန်ပြုပါက အရှင်မြတ်၏ သစ္စာစွမ်းပကားကြောင့် စွယ်တော်မြတ်ပွားရရှိနိုင်ကြောင်း လျှောက်ထားသဖြင့် ခုနစ်ရက်မျှ သစ္စာဓိဋ္ဌာန် အကြိမ်ကြိမ် ပြုလေသည်။ ဆရာတော်၏ သစ္စာဓိဋ္ဌာန် ခိုင်ကျည်ကာ ဖွဲ၊ လုံ့လ ကြီးမားထက်သန်မှုကြောင့် စွယ်တော် ကိန်းဝပ်ရာရတနာရွှေကြုတ်ကို ဖွင့်လှစ်ကြည့်ရှုလိုက်သောအခါ အံ့ဩမကုန် မယုံကြည်နိုင်လောက်အောင် နဝရတ်ကိုးပါး စီခြယ်ထားသော ရွှေကြုတ်အတွင်း၌ ဗုဒ္ဓရောင်ခြည်တော်များ ကွန့်မြူးနေသော စွယ်တော်မြတ်နှစ်ဆူကို တစ်ပြိုင်နက် ဖူးတွေ့ရလေသည်။

ဆရာတော်ဦးဥတ္တမသည် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း)မှ ရန်ကုန်သို့ ပြန်လည်ကြွရောက်လာစဉ် ကျုံမငေးမြို့မှ သာသနာ့အကျိုးတော်ဆောင်များ၏ ပင့်ဆောင်တောင်းပန်မှုကြောင့် ကျုံမငေးမြို့သို့ ဆရာတော်နှင့်အတူ စွယ်တော်မြတ်ကို နှစ်စဉ် တပေါင်းလတွင် ပူဇော်ပွဲများကျင်းပရာ ၁၃၆၅ ခုနှစ်တွင် (၇၅) နှစ်မြောက် စိန်ရတုပွဲတော်အဖြစ် ပူဇော်ခွင့်ရရှိခဲ့ရာ ယခုနှစ်တွင်လည်း ဆက်လက်ကျင်းပမည် ဖြစ်သည့်အတွက် လာရောက် ဖူးမြော်နိုင်ကြပါသည်။

ကျုံမငေးမြတ်စွယ်တော်သို့ အနယ်နယ်အရပ်ရပ်မှ မော်တော်ကားများ၊ စက်တပ် ရေယာဉ်များဖြင့် သွားလာနိုင်ကြပါသည်။ ရန်ကုန်မြို့မှ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်ကြီးများဖြင့်လည်း သွားလာနိုင်ပါသည်။

ကျုံမငေးမြို့ စွယ်တော်မြတ်သည် မြတ်စွယ်တော်မြတ်ပူဇော်ပွဲ အခါသမယတွင်သာ အပြင်သို့ ထုတ်၍ အပူဇော်ခံခွင့်ရခြင်းဖြစ်သည်။ ဘုရားပွဲတော်ကျင်းပသည့်အခါသာ ဖူးမြော်နိုင်သည်။ အခြားအချိန်များတွင် မျက်ဝါးထင်ထင်ဖူးမြော်နိုင်ခွင့်မရရှိခဲ့ပါ။ သို့ဖြစ်ရာ ကျုံမငေးမြို့ မြတ်စွယ်တော် ဗုဒ္ဓပူဇနီယပွဲတော်ကို သွားရောက်ဖူးမြော်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**"ကျုံမငေးမြို့ စွယ်တော်မြတ်သည် မြတ်စွယ်တော်မြတ်ပူဇော်ပွဲ အခါသမယတွင်သာ အပြင်သို့ ထုတ်၍ အပူဇော်ခံခွင့်ရခြင်းဖြစ်သည်။ ဘုရားပွဲတော်ကျင်းပသည့်အခါသာ ဖူးမြော်နိုင်သည်။ အခြားအချိန်များတွင် မျက်ဝါးထင်ထင် ဖူးမြော်နိုင်ခွင့် မရရှိခဲ့ပါ။ သို့ဖြစ်ရာ ကျုံမငေးမြို့ မြတ်စွယ်တော် ဗုဒ္ဓပူဇနီယပွဲတော်ကို သွားရောက်ဖူးမြော်ကြစေလို"**

## ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဇွဲကပင်ဇီဝိတဒါနဆေးခန်းကို ပြင်ပလူနာဌာနအဖြစ်ဖွင့်လှစ်

**ဘားအံ မတ် ၁၆**

ဘားအံမြို့ရှိ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် အတွက် တပ်မတော်သား ဆရာဝန်များ၊ သူနာပြုများနှင့် CDM တွင် ပါဝင်ခြင်းမရှိသော ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဇွဲကပင်ဇီဝိတဒါန ဆေးခန်းကြီးကို ပြင်ပလူနာဌာနအဖြစ် ဖွင့်လှစ်သည့် အခမ်းအနားကို ယမန်နေ့က အဆိုပါ ဇီဝိတဒါန ဆေးခန်း အပေါ်ထပ်၌ ကျင်းပသည်။



အခမ်းအနားကို ဇွဲကပင်တောင် ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရောဘဒ္ဒန္တကဝိဓဇနှင့် ဆရာတော် သံဃာတော်များ၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊ လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကာ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက ထာဝရဆေးပဒေသာပင်များ ဆက်ကပ်လှူဒါန်းရာ ဇွဲကပင်တောင်ဆရာတော်က လက်ခံယူပြီး သာဓုအနုမောဒနာ ချီးကျူး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇွဲကပင်ဇီဝိတဒါနဆေးခန်းကြီးကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပြင်ပလူနာဌာန၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်း သားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး နေသည့် အခြေအနေများကို ကြည့်ရှု အားပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် မတ် ၁၆**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၈ခုနှစ် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုဝတ္ထုတိုပေါင်းချုပ် ပထမဆုရ “နန္ဒာခင်(သက္ကလမြေ)” ရေးသားသည့် “မျိုးနှင့်အခြားရသစာစုများ”စာအုပ်ကို ၂၀၂၁ ခုနှစ် မတ်လအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း -၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၁ ခုနှစ် မတ်လထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် မတ် ၁၆**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် “ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ” မျက်နှာဖုံး ဆောင်းပါးကြီးများပါဝင်သော သုတပဒေသာစာစောင် (မတ်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် မတ်လထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ဒေါက်ထွေး(ဆေး/မန်း)၊ ဒေါက်တာမြင့်သန်း(အမျိုးသားစာပေဆုရ)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ “ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ” မျက်နှာဖုံး ဆောင်းပါးများ၊ နေမျိုးနိုင်၊ မောင်ပေါ်ထွန်း၊ ထင်ဇော်မှူးသင်၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ မြင့်မြတ်သီတာတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဆောင်းဝင်းလတ်၊ စိုးနိုင်ထွန်း(ကနီ)တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ လဲ့လဲ့ဝင်း(သတ္တာဗေဒ)၊ လင်းထက်သော်တာတို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ချိုးငှက် (သံတွဲ)၊ ထီလာစိုးမြင့်ထယ်၊ ဒေါက်တာစန်းဦးတို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ရှင်စောဖြူ၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဝင်းထွဋ်ဦး၊ မြတ်လေးမြင့်တို့၏ မူးယစ်နှင့်ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ကြည်လွင်ဦး (ရေနံ)၊ ပါမောက္ခဦးသိန်းလှိုင်၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ နိုင်သောင်းထွဋ်၊ ခင်မောင်ခြိမ့်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉ -၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇန်းမောက်မြို့နယ် ညောင်ခြေထောက်-ဘူးတောင်းလမ်းအဝင် ခေါ်ပုတ်ချောင်းကူးတံတား တည်ဆောက်လျက်ရှိ

**ဇန်းမောက် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် လေးသီကျေးရွာအနီး ညောင်ခြေထောက်- ဘူးတောင်းလမ်းမပေါ်ရှိ ခေါ်ပုတ် ချောင်းကူးတံတားကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၆ ရက် က ပန္နက်တင်ခဲ့ပြီး ၂၉ ရက်မှ စတင်၍ တည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၄၂ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးသန်းမင်ဇော်က တာဝန်ယူတည်ဆောက်နေသည့် အရှည်ပေ ၁၅၀၊ အကျယ် ၁၂ ပေ၊ ရေလယ်ကင်းလွတ်အမြင့် ပေ ၂၀၊ ကမ်းကပ်ခုံနှစ်ခု၊ ရေလယ်တိုင် နှစ်တိုင်ရှိ နှစ်လွှာတစ်ထပ် ဘေလီတံတားဖြစ်ပြီး ဇူလိုင်လ အကုန်အပြီး တည်ဆောက်သွားရန် မြို့နယ်နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူအဖွဲ့တို့က မတ် ၁၂ရက်က တံတားကြီး အချိန်မီပြီးစီးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

“လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက ဒီခေါ်ပုတ်ချောင်းကူး တံတား တည်ဆောက်ပေးဖို့ ဒီဒေသက ကျေးလက်နေပြည်သူတွေက မျှော်လင့်နေကြတာလို့ သိရတယ်။ အခုတော့ တံတားကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဆိုတာ သိကြရတော့ ဝမ်းသာနေကြပါတယ်” ဟု ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး က ပြောသည်။

မိုးရာသီရောက်ပါက ခေါ်ပုတ်ချောင်းသည် ရေကြီးရေလျှံမှုများ နှစ်စဉ် ဖြစ်ပေါ်လျက်ရှိသောကြောင့် လူနှင့်ဆိုင်ကယ်များ ဖြတ်သန်း သွားလာနိုင်ရန် ကိုယ့်အားကိုယ်ကိုး အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် သစ်သားတံတား တစ်စင်းကို တည်ဆောက်ပေးထားပြီး လူနှင့် ဆိုင်ကယ်များ သွားလာရေး အဆင်ပြေ လာကြသော်လည်း ကားကြီး၊ ကားငယ်များမှာ ချောင်းရေအကျကို စောင့်ဆိုင်းနေကြရသဖြင့် အချိန်ကြန့်ကြာမှု ရှိခဲ့ပြီး သွားလာရေး အခက်အခဲများစွာရှိကြသည်။

ယခုအခါ ခေါ်ပုတ်ချောင်းကူး နှစ်လွှာတစ်ထပ် ဘေလီတံတားကြီးကို တည်ဆောက်နေပြီဖြစ်၍ အဆိုပါတံတားကြီး တည်ဆောက် ပြီးစီးသွားပါက လူ၊ ဆိုင်ကယ်၊ ကားငယ်များနှင့် တန် ၂၀ တင်ဆောင်နိုင်သည့် ကားကြီးများပါ သွားလာနိုင်တော့မည်ဖြစ်၍ ဇန်းမောက်မြို့နယ် မြောက်ပိုင်း မံထုံဒေသစိတ်ရှိ ကျေးရွာပေါင်း ၅၀ တို့သို့ ကုန်စည်စီးဆင်းမှုသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် အချိန်တိုအတွင်း သွားလာရေးလွယ်ကူချောမွေ့ ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဘွား**
**(ဇန်းမောက်)**



# တွံတေးမြို့၏ အသွင်ဆန်း အမြင်ဆန်း ရိုးရာအိုးလုပ်ငန်းများနှင့် မြေရေစစ်အိုးများ

မျိုးလှိုင် (တွံတေး)



မြန်မာနိုင်ငံ၌ အိုးလုပ်ငန်းဟုဆိုလျှင် အထက်မြန်မာပြည်ရှိ နွယ်ငြိမ်းကျေးရွာ၊ အောက်မြန်မာပြည် တွံတေးမြို့အိုးလုပ်ငန်းကို လူသိများကြသည်။ အိုးဆိုလျှင် ဒေါင်ဒေါင်မြည်တဲ့ အိုးမှခိုင်ခံ့သည်။ တွံတေးမြို့သည် တစ်ချိန်က ရှေးဟောင်းအိုးမြို့တော် ဖြစ်ခဲ့ဖူးသည်ဟု ပညာရှင်အများစုက လက်ခံထားကြသည်။ တွံတေးမြို့၏ အိုးလုပ်ငန်းသည် ရှေးနှစ်ပေါင်းများစွာကပင် မိဘဘိုးဘွားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အစဉ်အဆက် လုပ်ကိုင်လာကြကြောင်း သိရသည်။

ယခုအခါ ရိုးရာအိုးလုပ်ငန်းများ ပြန်လည်တစ်ခေတ်ဆန်းသစ်လာသည်ကို တွေ့ရသည်။ အိုးတစ်လုံးဖြစ်ရန် အိုးလုပ်သားတို့ အဆင့်ဆင့် လုပ်ကိုင်ရသည်။ ပထမဦးစွာ အိုးလုပ်ရန်လိုအပ်သော ရွှံ့စေးမြေ (မြေနက်) ကို တူးရသည်။ ရရှိလာသော ရွှံ့စေးမြေကို ပိုမိုမာကြောလာစေရန်အတွက် တောင်မြေ (ခေါ်) မြေနီဖြင့် ရောစပ်ရပြီးနောက် ထိုမြေနှစ်မျိုးစလုံးကို အမှုန့်ကြိတ်ရသည်။

**အိုးပုံကြမ်း ဖန်တီး**

တောင်မြေနှင့် ရွှံ့စေးမြေကို အချိုးကျကျ ရောစပ်ရသည်။ တောင်မြေအမှုန့် ရှစ်တောင်ကို မြေစေး ၃၅ တုံးစာအား ခေါအသုံးပြု၍ လှီးဖြတ်ရသည်။ ထို့နောက်ရေနှင့် ရောစပ်ကာ တစ်နာရီကြာအောင် ခြေထောက်ဖြင့်နင်းရသည်။ ထိုသို့ ပြုလုပ်သည်ကို မြေနယ်သည်ဟု ခေါ်ကြသည်။ ထို့နောက် အိုးတစ်လုံးစာအတွက် ရွှံ့တောင့်များ ပြုလုပ်ရသည်။ ရှေးဦးစွာ အိုးထိန်းစက်ပျဉ်ပြားပေါ်တွင် ပြာခံ၍ ကတာတင်ရသည်။ ပြာခံရခြင်းမှာ အိုးဖင်ကတာနှင့် အိုးထိန်းစက် မကပ်စေရန် ဖြစ်သည်။ ထို့နောက် အတောင့်ပြုလုပ်ထားသည့်ရွှံ့ကို ကတာပေါ် အခွေလိုက်တင်ရသည်။ ထိုသို့ အခွေတင်စကပင် အိုးလုပ်သားငယ်က အိုးထိန်းစက်ကို တဖြည်းဖြည်း လှည့်ရသည်။ ရွှံ့ခွေတင်ပြီးမှ အိုးထိန်းစက်ကို အမြန်လှည့်ရသည်။ အိုးဆရာက လက်နှစ်ဖက်ကို အသုံးပြု၍ အိုးပုံကြမ်းပေါ်လာအောင် ဖန်တီးယူရသည်။ အိုးပုံကြမ်းပေါ်လာမှ အိုးအတွင်း အပြင် မျက်နှာပြင်ချောမွတ်သွားအောင် ယောက်သွားခွံကို အသုံးပြုရသည်။ မိနစ်ပိုင်းအတွင်း အိုးထိန်းစက်ပေါ်၌ အိုးပုံထွက်ပေါ်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

အိုးလုပ်သားတို့၏ ကျွမ်းကျင်မှု၊ လက်ဆမှန်ကန်မှုကြောင့် အိုးတစ်လုံးနှင့် တစ်လုံး တစ်ရွယ်တည်းထွက်ပေါ်လာသည်ကို တွေ့မြင်ရမည်။ ထို့နောက် လက်နှီးစကို အသုံးပြု၍ အိုးနှုတ်ခမ်းလုံးခြင်း၊ တွန့်ခြင်းများ ဆောင်ရွက်ရသည်။ အကြမ်းထည်အိုးများပြုလုပ်ပြီးသည့်အခါ အနီထည်ဖြစ်အောင် နေပူအခြောက်ခံရသည်။ ထို့နောက်အိုးဖုတ်သော မီးဖိုထဲတွင်ထည့်၍ မီးပျော့ပျော့ဖြင့် ငါးရက်ခန့် မီးဖုတ်ရသည်။ မီးဖုတ်ပြီးလျှင် တစ်ပတ်ခန့် အိုးများကို အအေးခံရသည်။

ပြီးလျှင် လိုအပ်သောအိုးများ ရရှိမည်ဖြစ်သည်။ ၂၅ ပိဿာအိုး (အစိတ်ဝင်အိုး)၊ ၁၀၀ ပိဿာဝင်အိုး (ရာဝင်အိုး) များ ပြုလုပ်သည့်အခါ တစ်ဝက်စီပြုလုပ်ပြီးမှ ဆက်ယူရကြောင်း သိရသည်။ စဉ့်အိုးမဟုတ်သော သောက်ရေအိုး၊ ဘုရားပန်းအိုး၊ လက်ဆေးအင်တုံ၊ ငရုတ်ဆုံ၊ ကလေးကစားစရာအိုးပုတ်၊ စဘူး၊ ပန်းအလှစိုက်အိုး၊ ရေဘုံဘိုင်၊ အတာအိုး၊ ဆီမီးခွက် စသည့်အိုးအမျိုးမျိုးကိုလည်း ပြုလုပ်ရောင်းချလျက်ရှိသည်။

ယခုအခါ ရိုးရာအိုးလုပ်ငန်းအပြင် ပြောင်းလဲလာသော ရာသီဥတုအခြေအနေကြောင့် မြေရေစစ်အိုးများကိုလည်း ပြုလုပ်လျက်ရှိပြီး မြန်မာပြည်အနှံ့ရောင်းချလျက်ရှိသည်။ ရိုးရာအိုးလုပ်ငန်းများလုပ်ကိုင်ရာမှ နာဂစ်မုန်တိုင်းအပြီး ရေသန့်လိုအပ်ချက်ကြောင့် နည်းပညာကို အသုံးချကာ မြေရေစစ်အိုးများ ထုတ်လုပ်လာခြင်းဖြစ်သည်။

မြေရေစစ်အိုးကို သက်ရင့်မြေ ၃၃ ဒသမ ၄ ကီလိုဂရမ် ၊ သက်နုမြေ ၂၂ ဒသမ ၄ ကီလိုဂရမ်၊ စပါးခွံ ၉ ဒသမ ၄ ကီလိုဂရမ်နှင့် ရေ ၂၂ လီတာတို့ကို အချိုးအစားအတိုင်း ရောစပ်ရသည်။ ဤအချိုးအစားသည် မြေရေစစ်အိုး ၁၂ လုံးစာဖြစ်သည်။ ထိုသို့ ရောစပ်ထားသော မြေကိုကြိတ်စက်တွင် ထပ်မံကြိတ်ပြီး စေးပိုင်သော မြေရရှိမှသာ မြေစေး ၇ ဒသမ ၈ ကီလိုဂရမ် ချိန်တွယ်၍ လုံးဝိုင်းပြီး ၁၀ တန် ဖိအားရှိသော ဟိုက်ဒရောလစ်ရိုက်စက်တွင် ဖိလိုက်သည့်အခါ မြေရေစစ်အိုးရရှိလာမည်ဖြစ်သည်။ ရရှိလာသော မြေရေစစ်အိုးများကို အခြောက်ခံပြီးမှ အပူချိန် ၇၀၀ ဒီဂရီစင်တီဂရိတ်ရှိ အိုးဖိုကြီးထဲ၌ ခုနစ်နာရီကြာအောင် မီးဖုတ်ရသည်။ မီးကျက်ပြီး အိုးများကို အအေးခံဖော်ယူပြီးမှ ရေကန်၌ ၁၂ နာရီကြာအောင် ရေပြန်စိမ်ရသည်။ ရေစိမ်ရခြင်းမှာ အိုးများတွင် ပါရှိသည့် စပါးခွံများ မီးလောင်ကျွမ်းပြီး ပြာမှုန်များ ဖြစ်နေ၍ ပြာများ သန့်စင်ကာ လေအိတ်များဖြစ်သွားစေရန် ဖြစ်သည်။ ရေစိမ်ပြီးလျှင် အိုးများကို ရေကျနှုန်း တိုင်းတာရသည်။ စံချိန်မီ ရေကျနှုန်းမှာ တစ်နာရီလျှင် ၁ ဒသမ ၅ လီတာ မှ အများဆုံး ၄ ဒသမ ၅ လီတာခန့်သည် အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**ငွေကုန်ကြေးကျမှုမရှိ**

မြန်မာပြည်တစ်လွှားတွင် ရေသန့်မျိုးစုံရှိပြီး ထိုရေသန့်မျိုးစုံတို့သည် မြို့ပြတွင်သာ လွယ်လင့်တကူ ဝယ်ယူရနိုင်သော်လည်း ကျေးလက်ဒေသသို့ ရောက်ရှိရန် ခက်ခဲလှသည်။ တွံတေးမြို့မှ ပြုလုပ်သော မြေရေစစ်အိုးများမှာ အိမ်တိုင်းသုံးစွဲနိုင်သော သဘာဝရေသန့် မြေစစ်အိုးများ ဖြစ်ပါသည်။ ရေသန့်ဘူးဝယ်သောက်ရန်မလို၊ မိမိတစ်အိမ်သားလုံး ရေစစ်အိုးမှထွက်ရှိလာသော ရောဂါပိုးကင်းစင်သည့် ရေသန့်များကို ငွေကုန်ကြေးကျမှုမရှိဘဲ သောက်သုံးနိုင်သည်။

အထူးသဖြင့် ရေရှားပါးသော ကျေးလက်ဒေသများတွင် မြေရေစစ်အိုးများကို သုံးစွဲရန် အထူးသင့်လျော်ပြီး တွံတေးမြို့မှ ထွက်ရှိသော မြေရေစစ်အိုးတစ်စုံလျှင် ငွေကျပ် ၂၁၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်သည်။ ယခုအခါ တွံတေးမြို့မှထွက်ရှိသော အိုးအမျိုးမျိုး၊ မြေရေစစ်အိုးများကို မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ဒေသအသီးသီးသို့ ရေလမ်း၊ ကုန်းလမ်းများဖြင့် တင်ပို့ရောင်းချနေသည်သာမက နိုင်ငံတကာဈေးကွက်သို့ပါ တင်ပို့ရောင်းချလာသဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာပြီး ဝင်ငွေများရရှိနေပြီဖြစ်သည်။

---

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နွေနှမ်းစိုက်တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေမရသဖြင့် အခက်ကြုံနေ

**နေပြည်တော် မတ် ၁၆**

ယခုကာလသည် နွေနှမ်းစတင်စိုက်ပျိုးသည့် ရာသီချိန်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နွေနှမ်းစိုက်တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ မရသဖြင့် အခက်ကြုံနေကြောင်း ဒေသခံများထံမှ သိရသည်။

“နှမ်းကြဲဖို့က အချိန်ရောက်နေပြီ။ တောင်သူတွေ လက်ထဲငွေမရှိဘူး။ ရေတင်ဖို့အတွက် ဆီဖိုး၊ စိုက်ပျိုးစရိတ်တွေ အခက်အခဲ ဖြစ်နေပါတယ်။ အရင်က ဒီအချိန်ဆို ကုမ္ပဏီတွေကနေ ချေးငွေ ထုတ်ပေးနေကျ အချိန်ပါ။ အခုစိုက်ရာသီမှာတော့ ချေးငွေ မထုတ်ပေးဘူး။ တောင်သူတွေကတော့ အတော်လေးအခက်အခဲဖြစ်နေတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရေထွက်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးလှဝင်းဆွေက ပြောသည်။

ယခင်နှစ်များကမူ စိုက်ပျိုးရေးချေးငွေ ချပေးသည့် ကုမ္ပဏီများမှ နှစ်စဉ်မိုးစပါး စိုက်ပျိုးစရိတ်နှင့် နွေနှမ်းစိုက်ပျိုးစရိတ်တို့ကို တစ်ကြိမ်စီ ထုတ်ချေးပေးကြောင်း သိရသည်။

“ဟိုရက်ကတင် စပါးအတွက်ချေးငွေကို ပြန်ဆပ်ထားရတော့ ပိုဆိုးသွားတာပါ။ လက်ထဲမှာ ငွေမရှိတော့ဘူး။ စပါးအတွက်ဆပ်ပြီးမှ နှမ်းအတွက် ထုတ်ချေးနေကြဆိုတော့ လက်ထဲရှိတာလေး ဆပ်လိုက်တာပေါ့။ အခုကျတော့ ချေးငွေက မရလာဘူး။ ဒီချေးငွေလေးကို အားထားပြီး နွေနှမ်းစိုက်ရတာပါ။ တချို့ကုမ္ပဏီတွေကတော့ နွေနှမ်းအတွက် ချေးငွေထပ်မချပေးတော့ပေမယ့် မိုးစပါးချေးငွေကို ပြန်မဆပ်သေးဘဲ နေခိုင်းတော့ ခံသာတာပေါ့။ မိုးစပါးချေးငွေကို ပြန်ဆပ်ပြီးမှ နွေနှမ်းအတွက် ချေးငွေကို မရတဲ့သူတွေကသာ နစ်နာသွားတာပါ” ဟု နှမ်းစိုက်တောင်သူ ဦးမြင့်ဇော်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးရေးမှာ စုစုပေါင်းစိုက်ဧက၏ ၅၁ ဒသမ ၃ သန်းနှုန်းရှိသည့် အနက် နှမ်းသည် စိုက်ဧက အများဆုံး ဆီထွက်သီးနှံအမျိုးအစားတစ်ခုဖြစ်သည်။

**နန်းထက်ထက်ချစ်**

---

## နေပြည်တော်၌ ၂၀၂၁ မိုးကြို စိုက်ပျိုးရေးစရိတ်ချေးငွေ ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် မတ် ၁၆**

နေပြည်တော် ပြည်ထောင်စုနယ်မြေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများတွင် တောင်သူများအား ၂၀၂၁ မိုးကြို စိုက်ပျိုးရေးစရိတ်အတွက် ကျေးရွာ အုပ်စု ၂၃ အုပ်စုရှိ တောင်သူ ၄၉၁ ဦးသို့ နွေစပါး ဧက ၇၄၀၊ ချက်ကြံ ၁၅၆၅ ဧကအတွက် ငွေကျပ်သန်း ၂၆၇ ဒသမ ၅၀ ကို ထုတ်ချေးပေးလျက်ရှိပြီး ၂၀၂၁ မိုးကြို စိုက်ပျိုးရေးစရိတ်ချေးငွေအား မတ်၃၁ ရက်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မိုင်းဆတ်မြို့၌ ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားလုပ်ငန်းများ စစ်ဆေး

**မိုင်းဆတ် မတ် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

"၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေကျပ် ၃၇၇ ဒသမ ၅ သန်းနဲ့ ဝမ်ကောင်း-ပါမူကျေးရွာချင်းဆက်လမ်း အရှည် သုံးမိုင်မှာ ကျန်နှစ်မိုင်အပြီးသတ် ကျောက်ခင်းခြင်း၊ အဲဒီလမ်းပေါ်မှာပဲ အရှည် ၁၀ ပေကွန်ကရစ်တံတား တစ်စင်းနဲ့ ငါးပေ ရေထုတ်ပြွန် လေးစင်းကို တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေတာပါ။ လုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးနေပါပြီ။ လုပ်ငန်းတွေကို သတ်မှတ်စံချိန်စံညွှန်းတွေနဲ့အညီ အချိန်မီပြီးစီးရေးအတွက် လိုအပ်တာတွေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

အဆိုပါလမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဝမ်ကောင်း၊ မာမူအဲ၊ ဟားကွယ်၊ နားခုမ်း၊ ပါမူ၊ ထူးကွေနှင့်မယ်တေးကျေးရွာရှိ အိမ်ခြေ ၂၀၂ အိမ်၊ လူဦးရေ ၁၁၇၉ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာပြီး ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော် (မိုင်းဆတ်)**



## ခေါဇမြို့ ကိုးမိုင်ကျေးရွာ၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်

**ခေါဇ မတ် ၁၆**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို ယမန်နေ့က မွန်ပြည်နယ် ခေါဇမြို့ ကိုးမိုင်ကျေးရွာ၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများအခမဲ့ ဖြန့်ဝေပေးခြင်းကို ကိုးမိုင်ကျေးရွာ နယ်မြေခံတပ်ရင်းမှ အရာရှိ စစ်သည်များ၊ ကိုးမိုင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်း၊ ကျေးလက် ကျန်းမာရေးဌာနခွဲမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူ့စစ် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့ဝင်များ ပူးပေါင်း၍ ရေး-ထားဝယ် ကားလမ်းအတိုင်း ဖြတ်သန်းသွားလာလျက် ရှိသောပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးပေးခြင်းနှင့် နှာခေါင်းစည်းအခုရေ ၃၀၀ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**ညီညီချမ်း(ပြန်/ဆက်)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။

လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် အရှက်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၆**

ဘုန်းကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)



အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက်မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၊ မိုင်းဖြတ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ခြောက်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၂ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ် ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၊ ကောင်းမှုလှျံဘုန်းကြီးကျောင်း၊ ဆိုက်ခေါင်ဘုန်းကြီးကျောင်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့၊ တောင်ညိုတောရ စာသင်တိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများကို ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၊ ဇီးကုန်းမြို့နှင့် သာယာဝတီမြို့တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား မတ် ၁၃ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အဖွင့်အမှာစကားပြောကြားပြီး တစ်ဦးချင်းစီ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ယနေ့တွင်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း) လေးမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၆**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀) မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၉၅ ဦးကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အနာဂတ်ကမ္ဘာသာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာေးတိုက်နယ် ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက် ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်



သာစည်မြို့နယ်ဆေးရုံ၌ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ပြည်သူများအား ဆေးဝါးကုသပေးစဉ်။

သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေး စောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ ဆူပူအကြမ်းဖက်သူလူအုပ်စုက မီးသတ်တပ်ဖွဲ့ဝင် ၄ ဦးကို ဖမ်းဆီး၍ နယ်မြေမီးသတ်စခန်းကို ဖျက်ဆီး

**နေပြည်တော် မတ် ၁၆**

မရမ်းကုန်းမြို့နယ်၌ ဆူပူအကြမ်းဖက်သူလူအုပ်စုက မီးသတ်တပ်ဖွဲ့ဝင် ၄ ဦးကို ဖမ်းဆီး၍ နယ်မြေမီးသတ်စခန်းကို ဖျက်ဆီးခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက်ရှိ သမိုင်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် ၄ ဦးသည် မတ် ၁၅ ရက် ည ၈ နာရီ ၄၅ မိနစ်က တိုင်းမီးသတ်ဦးစီးရုံးတွင် တာဝန်ထမ်းဆောင်ရန်အတွက် မီးသတ်ယာဉ် ဏ/၅၈၂၈ ဖြင့် အင်းစိန်လမ်းမကြီးအတိုင်း ထွက်ခွာခဲ့ရာ မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံအရောက်၌ ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၂၀၀ ခန့်က မီးသတ်ယာဉ်ကို တားဆီးကာ ကားသော့၊ ကင်မရာ၊ စကားပြောစက်တို့ကို ယူဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင် ၄ ဦးတို့အား ကြိုးဖြင့် ချည်နှောင်ကာ ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်သွားခဲ့ကြောင်း၊ အဆိုပါသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဖမ်းဆီးခံထားရသူများကို ပြန်လည်ရရှိနိုင်ရေး လိုက်လံရှာဖွေခဲ့ရာ ည ၁၀ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အထက်ဗဟိုလမ်း "စွယ်စုံ" ချေးငွေလုပ်ငန်းဆိုင်ရှေ့အရောက်၌ မီးသတ်ယာဉ်ကို လည်းကောင်း၊ ပေါ်တော်မူဘုရားအနီးအရောက်၌ ဖမ်းဆီးခံထားရသည့် မီးသတ်တပ်ဖွဲ့ဝင် ၃ ဦး အားလည်းကောင်း ပြန်လည်တွေ့ရှိခဲ့ကြောင်း။

ဆက်လက်၍ ကျန်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင် ၁ ဦးအား ဆူပူဆန္ဒပြသူများက ခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် ထပ်မံရှာဖွေရန် ထွက်ခွာလာစဉ် ပေါ်တော်မူ (၂) လမ်း အရောက်၌ ဝေလင်းစိုး၊ (၃၄) နှစ် (ဘ) ဦးကြည်စိုး၊ (၂) ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူပါ ဆူပူအကြမ်းဖက်သူ ၄ ဦးက ဓား၊ လေးခွ၊ သံတုတ်နှင့် ဒိုင်းများအသုံးပြု၍ ရန်ပြုတိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။



(ဝဲမှယာ) တရားခံ အောင်ထက်၊ ဝေလင်းစိုး၊ မျိုးကိုကို၊ စောနိုင် (ခ) ကြားကြီး




ဆူပူအကြမ်းဖက်သူများ၏ ဖျက်ဆီးမှုကြောင့် ရှေ့လေကာမှန်ကွဲသွားသည့် မီးသတ်ယာဉ်ကို တွေ့ရစဉ်။

ည ၁၀ နာရီ ၃၅ မိနစ်တွင် ကျန်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင် ၁ ဦးမှာ ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက် ဖမ်းဆီးရိုက်နှက်မှုကြောင့် အပေါ်သွား ၃ ချောင်းကျိုး၊ မျက်နှာဖူးရောင် ဒဏ်ရာများဖြင့် သမိုင်းမီးသတ်စခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ ဖျက်ဆီးမှုကြောင့် သမိုင်းမီးသတ်စခန်း အဆောက်အဦ ရှေ့မှန် ၃ ချပ်ကွဲအက်၍ မီးသတ်ယာဉ် ရှေ့လေကာမှန်ကွဲ၊ ရှေ့ဘန်ပါ ပိန်ချိုင့်ပျက်စီးခဲ့ပြီး ဖမ်းဆီးရမိသည့် ဆူပူအကြမ်းဖက်သူ ဝေလင်းစိုး (၃၄) နှစ် (ဘ) ဦးကြည်စိုး၊ စောနိုင် (၄၃)နှစ် (ဘ) ဦးမိုးစိန်၊ မျိုးကိုကို (၂၈)နှစ် (ဘ) ဦးမျိုးဝင်း၊ အောင်ထက် (၃၀)နှစ် (ဘ) ဦးအောင်လင်းတို့ ၄ ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လက်ရှိအချိန်ကာလသည် ပူပြင်းခြောက်သွေ့သော အချိန်ကာလဖြစ်ပြီး ဆူပူအကြမ်းဖက်သူများ အနေဖြင့် မီးလောင်စေရန်ဖန်တီးခြင်း၊ မီးလောင်ပါက မီးသတ်ယာဉ်များ သွားလာ၍မရအောင် ပိတ်ဆို့တားဆီးခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်တို့ကို အကြမ်းဖက်ဖမ်းဆီးခြင်းနှင့် ဖျက်ဆီးခြင်း၊ လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံများ မီးလောင်မှုဖြစ်စဉ်တွင် အကြမ်းဖက်သမားများက စက်ရုံ/အလုပ်ရုံများတွင် ပစ္စည်းများ ဝင်ရောက်လုယက်ခြင်း စသည်ဖြင့် မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက် လုပ်ငန်းများ ပြုလုပ်နေကြသည်ကို တွေ့မြင်ရသဖြင့် လုံခြုံအေးချမ်းစွာ နေထိုင်လိုသူများအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်စေလိုသည့် သဘောထားများ ရှိကြကြောင်း သိရသည်။


**သတင်းစဉ်**

# သပိတ်ကျင်းမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူစုလူဝေးဖြင့် အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ရန် ပြုလုပ်ခဲ့မှုမှ ဆက်စပ်တရားခံ ၈ ဦးဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

သပိတ်ကျင်းမြို့နယ်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များကို လူစုလူဝေးဖြင့် အကြမ်းဖက် ဖမ်းဆီးသတ်ဖြတ်ရန် ပြုလုပ်ခဲ့မှုမှ ဆက်စပ်တရားခံ ၈ ဦးကို ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့မှ မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့တွင် တွဲဖက်တာဝန် ထမ်းဆောင်နေသော အရာရှိ ဦးစီးလုံခြုံရေး တပ်ဖွဲ့ဝင် ၈ ဦးသည် မတ် ၁၅ ရက် နံနက်ပိုင်းက လက်နက်/ခဲယမ်း ၈ လက်နှင့်အတူ အရပ်ဝတ် ဝတ်ဆင်ကာ Light Truck ယာဉ်ဖြင့် မိုးကုတ်မြို့မှ စဉ့်ကူးမြို့သို့ ပြန်လည်ထွက်ခွာလာစဉ် နံနက် ၁၁ နာရီကျော်ခန့်တွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ မရောက်မီ ရပ်တော်မူဘုရားရှေ့အရောက်တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၄၀၀ ခန့်က တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ကာ တပ်ဖွဲ့ဝင်များ လိုက်ပါလာသော မော်တော်ယာဉ်ကို တားဆီးပြီး ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ယာဉ်ကို ရပ်တန့်ထားခဲ့ပြီး တပ်ဖွဲ့ဝင်များသည် မန္တလေး-မိုးကုတ် ကားလမ်းအရှေ့ဘက် ၁ မိုင်ခန့်အကွာ တောင်ပေါ်သို့ တိမ်းရှောင်ခဲ့ရကြောင်း။



သဇင်မိုးလက်ဖက်ရည်ဆိုင်အတွင်းမှ ပြန်လည်သိမ်းဆည်းရမိသည့် သေနတ် နှစ်လက်နှင့် ပစ္စည်းများ။

ဖြစ်စဉ်ဖြစ်ပွားခဲ့သော နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်း၍ သွားရောက်ရှာဖွေခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် တပ်ဖွဲ့ဝင် ၆ ဦးနှင့် ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင် ၁ ဦး၊ စုစုပေါင်း ၇ ဦးကို ပြန်လည်တွေ့ရှိခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ ကျန်တပ်ဖွဲ့ဝင် ၁ ဦးကို ညနေ ၆ နာရီ ၁၅ မိနစ်တွင် ထပ်မံတွေ့ရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သေနတ် ၂ လက်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် အကြမ်းဖက်လူအုပ်စု အတွင်းပါဝင်သူ ချောင်းကြီးကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူ အမျိုးသား ၂ ဦး(စိစစ်ဆဲ)ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များ ကျန်ရှိခဲ့သည့် Light Truck ယာဉ်မှာ ဆူပူအကြမ်းဖက်လူအုပ်စု၏ ဖျက်ဆီးခြင်းခံခဲ့ရကြောင်း။

ဖြစ်စဉ်တွင် ပျောက်ဆုံးလျက်ရှိသည့် သေနတ် ၂ လက် ပြန်လည်သိမ်းဆည်းရရှိရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်ရှာဖွေခဲ့ရာ ယနေ့ နံနက် ၂ နာရီတွင် စိုးမင်း (ခ) မင်းမင်း (တိမ်းရှောင်) (၄၈) နှစ် (ဘ) ဦးအုန်းမောင်၊ အမှတ် (၃) ရပ်ကွက် ချောင်းကြီးကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူ၏ "သဇင်မိုး" လက်ဖက်ရည်ဆိုင်ကို မသင်္ကာသဖြင့် ဝင်ရောက်စစ်ဆေးရှာဖွေရာ ဆိုင်ဝင်ပေါက်အနီးရှိ လက်ဖက်ရည် ဖျော်ခုံအောက်၌ ပျောက်ဆုံးနေသော သေနတ် ၂ လက်ကို ပုဆိုးဖြင့်ပတ်လျက် ပြန်လည် ရှာဖွေတွေ့ရှိခဲ့ပြီး ဆက်စပ်တရားခံ ၈ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိ အချိန်ကာလတွင် နေရာအနှံ့အပြား၌ သာမန်ဆူပူမှုအသွင်မှ အကြမ်းဖက်အဖွဲ့အစည်းပုံစံကဲ့သို့ ကူးပြောင်းလုပ်ဆောင်လာနေသဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ မျက်နှာကို ထောက်ရှုကာ အရေးယူဆောင်ရွက်မှုများကို ပိုမိုထိရောက်ပြတ်သားစွာ ဆောင်ရွက်ရမည့် အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြန်လည်တွေ့ရှိခဲ့သည့် ကျည်များနှင့် ဆက်စပ်ပစ္စည်းများ။

# လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိစစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် COVID-19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ ခန္တီးခရိုင်နှင့် ချင်းပြည်နယ် ဟားခါး၊ တီးတိန်၊ ဖလမ်း၊ တွန်းဇံ၊ ထန်တလန်မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်



သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့ရှိ မြဝတီဘဏ်နှင့် ကနီမြို့နယ်၊ မိုးကောင်းကျေးရွာရှိ Mytel တာဝါတိုင်တို့ကို အကြမ်းဖက်လူအုပ်စုများက ဖျက်ဆီးမှုများပြုလုပ်

**နေပြည်တော် မတ် ၁၆**

မြန်မာနိုင်ငံအတွင်း၌ အချို့မြို့ကြီးများတွင် ဆူပူဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိပြီး နိုင်ငံတော် တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မလိုလားသော အကြမ်းဖက်ရမ်းကားသည့် လူအုပ်စုများသည် အချို့မြို့ကြီးများရှိ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းကြောင်းများတွင် အတားအဆီးများချထား ပိတ်ဆို့ခြင်း၊ တာယာကွင်းများစုပုံ၍ မီးရှို့ခြင်း၊ အထိတ်တလန့်ဖြစ်စေရန် အသံပေးလက်လုပ်ဗုံးများ ပစ်ခတ်ခြင်း၊ ငြာသံပေး အော်ဟစ်ခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အဦနှင့် မော်တော်ယာဉ်များအား ဖျက်ဆီးခြင်း၊ ဘဏ်အချို့ရှိ ATM ငွေထုတ်စက်များကို ဖျက်ဆီး၍ ငွေများလုယူခြင်းစသည့် မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်မှုများကို နေ့စဉ်ရက်ဆက် လုပ်ဆောင်လာခဲ့သည်။



ထိုသို့ လုပ်ဆောင်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဗန္ဓုလလမ်း၊ ခရစ်ယာန်ဘာသာရေးကျောင်းဘေးရှိ မြဝတီဘဏ်အား ဆူပူဆန္ဒပြ အကြမ်းဖက်သူများက မတ် ၁၄ ရက် ညနေပိုင်းတွင် ကျောက်ခဲ၊ လေးခွတို့ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ရာ ဘဏ်ခြံစည်းရိုးရှိ မီးသီးများ၊ ပြတင်းပေါက်မှန်များ၊ အလှစိုက်ပန်းအိုးများနှင့် ဘဏ်ရှေ့တွင် ရပ်ထားသည့် Fielder အမျိုးအစား မော်တော်ယာဉ်ရှိ မှန်များ ကြေကွဲပျက်စီးခဲ့ကြောင်း သိရှိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ မိုးကောင်းကျေးရွာ၏ မြောက်ဘက် မိုးကောင်း-တပုန်းသွားကားလမ်းဘေးတွင် စိုက်ထူထားရှိသည့် Mytel Tower တိုင်ကိုလည်း ယနေ့ နံနက် ၄ နာရီခန့်တွင် မသမာသူ အကြမ်းဖက်သမားများက ရေနံဆီများ၊ သစ်ကိုင်းခြောက်များဖြင့် မီးရှို့ဖျက်ဆီးခဲ့သောကြောင့် Mytel Installation Cabinet ပုံး၊ Breaker AC/DC ပုံးနှင့် Power Meter ပုံးများ မီးလောင်ပျက်စီးခဲ့ကာ (ဝဲပုံ) မိုးကောင်း ကျေးရွာအနီးတစ်ဝိုက်၌ Mytel တယ်လီဖုန်းလိုင်းများ ပြတ်တောက်လျက် ရှိကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်များနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် တရားဥပဒေအရအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းဆက်စပ်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁) မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၆**

လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁) တွင် မီးလောင်မှုဖြစ်ပွား၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ဆောင်ရွက်ခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁) ၌ ယနေ့



လှိုင်သာယာ
စက်မှုဇုန်(၁)
မီးလောင်မှု
ဖြစ်စဉ်၌
ဖမ်းဆီး
ရမိသူ
ဇော်လွင်

မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် စက်ရုံများမီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ လှိုင်သာယာမြို့နယ် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် ၂ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီး၊ စက်မှုဇုန် (၁) သီးသန့် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် ၁ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီးတို့ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင် မီးလောင်ပြင်သို့ရောက်ရှိခဲ့ပြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁) ဦးထွန်းညိုလမ်း အကွက်အမှတ် ၈၁ ရှိ Winco Bag Industrial Co.,Ltd ကျောပိုးအိတ်စက်ရုံ၏ ပေ ၁၂၀x၈၀ သွပ်မိုး၊ အုတ်ကာ၊ Steel Structer ၂ ထပ် အဆောက်အဦတွင် ရှို့မီးဟုယူဆရသည့် မီးလောင်မှုဖြစ်ပွားနေသည့်အတွက် စက်ရုံအဆောက်အဦဘေးရှိ လူနေအဆောင်များနှင့် အခြားစက်ရုံများသို့ မီးကူးစက်မှုမရှိစေရန် မီးငြှိမ်းသတ်ဆောင်ရွက်ခဲ့ရကြောင်း။

အဆိုပါ မီးလောင်ပြင်သို့ မြောက်ပိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်ယာဉ် ၂ စီးထပ်မံရောက်ရှိပြီး စုစုပေါင်း မီးသတ်ယာဉ် ၇ စီး၊ သန္ဓေ ၃၀၊ အရန် ၁၀ ဦးတို့ဖြင့် မီးငြှိမ်းသတ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီ ၂၃ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၅ နာရီ မိနစ် ၄၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



လှိုင်သာယာစက်မှုဇုန် (၁) တွင် မီးလောင်မှု ဖြစ်ပွားစဉ်။

# CDM လှုပ်ရှားမှုမှာ မပါဝင်ဖြစ်တာက ကျွန်မအဘိုးရဲ့ အသိပေးဆုံးမစကားများကြောင့်လို့ ပြောရမှာပဲ၊ တကယ်တော့ ဘယ်အစိုးရပဲတက်တက် ကျွန်မတို့က ဝန်ထမ်းဟာ ဝန်ထမ်းပါပဲ

ဒေါ်သူဇာမြင့်

အင်တာဗျူး – ကောင်းကင်မေ

**နိုင်ငံတစ်ဝန်းပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ခဲ့သော CDM ( Civil Disobedience Movement) လှုပ်ရှားမှုသည် ယခုအခါ တစ်လခွဲခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုအချိန်အခါတွင် CDM လှုပ်ရှားမှု၌ ပါဝင်ခဲ့သော ဝန်ထမ်းအများစုမှာ ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခြင်း ခံနေကြရပြီဖြစ်သည်။ နိုင်ငံရေးအမြတ်ထုတ်သူ လူတစ်စုကြောင့် ယနေ့ဝန်ထမ်းထုဘဝမှာ ထင်မှတ်မထားဘဲ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲ နေကြရပြီ။ CDM လှုပ်ရှားမှုတွင် တကယ်နိုင်ငံရေး ခံယူချက်ပြင်းသူများအနေဖြင့် ဝန်ထမ်းဘဝကို စွန့်လွှတ်လိုက်ရသည်မှာ စိတ်မကောင်းဖြစ်မိရုံမှတစ်ပါး အခြား မရှိသော်လည်း ရောယောင်ကာ ပတ်ဝန်းကျင်ရဲ့ ဖြားယောင်းမှုကြောင့် လိုက်ပါရရှာသော ဝန်ထမ်းများမှာမူ သူတို့မြတ်နိုး တန်ဖိုးထားသော ဝန်ထမ်းဘဝကို အပြီးအပိုင် ဆုံးရှုံးလိုက်ရ၍ တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုတစ်ရပ်ဟုပင် ခံစားနေကြရ၊ နိုင်ငံရေးခံယူချက်မရှိဘဲ တချို့နေစရာပင် အခက်အခဲဖြစ်နေသော ဝန်ထမ်းများမှာ ယခုအခါ ခဏတာ စိတ်ခံစားမှုကြောင့် တစ်ဘဝစာ ပေးဆပ်လိုက် ရတော့သည်။ CDM လှုပ်ရှားမှု ဂယက်ကြောင့် လတ်တလော ပေးဆပ်လိုက်ရသော နိုင်ငံ့ဝန်ထမ်းထုအကြား ကြုံတွေ့ခံစားနေမှုများနှင့် ပတ်သက်၍ ဝန်ထမ်းအချို့၏ ရင်တွင်းစကားသံများကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်–**

> **“CDM လှုပ်ရှားမှုတွင် တကယ်နိုင်ငံရေး ခံယူချက်ပြင်းသူများအနေဖြင့် ဝန်ထမ်းဘဝကို စွန့်လွှတ်လိုက်ရသည်မှာ စိတ်မကောင်းဖြစ်မိရုံမှတစ်ပါး အခြားမရှိသော်လည်း ရောယောင်ကာ ပတ်ဝန်းကျင်ရဲ့ ဖြားယောင်းမှုကြောင့် လိုက်ပါရရှာသော ဝန်ထမ်းများမှာမူ သူတို့မြတ်နိုးတန်ဖိုးထားသော ဝန်ထမ်းဘဝကို အပြီးအပိုင် ဆုံးရှုံးလိုက်ရ၍ တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုတစ်ရပ်ဟုပင် ခံစားနေကြရ”**

**ဝန်ထမ်းထုကြား နိုင်ငံရေးဝါဒ မှိုင်းမိ**

“ဒီနေ့ ရုံးတက်ရတာ ရင်ထဲအတော်လေးကို စိတ်မကောင်းဖြစ်မိတယ်။ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေ အတော်များများ အလုပ်ထုတ်ခံကြရတယ်။ လုပ်သက်နည်းတဲ့သူတွေရော များတဲ့သူတွေပါ အလုပ်ကအနားပေးခံလိုက်ရတယ်။ အရင်ကတည်းက CDM လှုပ်ရှားမှုမှာပါတဲ့ ဝန်ထမ်းတွေကို ဝန်ထမ်းဥပဒေနဲ့အညီ အရေးယူခံရမယ်ဆိုတာ သိတော့သိထားတယ်။ ဒီကနေ့ ရုံးချုပ်က ရုံးမိန့်စာကို တကယ့်လက်တွေ့မြင်လိုက်ရတော့မှ ရင်ထဲဆို့နစ်သွားတာ။ ပြီးခဲ့တဲ့အပတ် အရာရှိအဆင့်တွေ အလုပ်ကအနားပေး အရေးယူခံရတုန်းက စိတ်မကောင်းဖြစ်မိပေမယ့် ဒီလောက်ထိ မခံစားရဘူး။ ကျွန်မတောင် ဒီလောက်နဲ့မြောပြီး စိတ်မကောင်းဖြစ်မိတာ သူတို့ဆို ဘယ်လောက်ထိ ဝမ်းနည်းကြေကွဲမလဲ။ တကယ်တော့ ဒီ ၂၀၂၁ ခုနှစ်ရဲ့ နိုင်ငံရေးဆူပူမှုဖြစ်တဲ့ CDM လှုပ်ရှားမှုဟာ ဝန်ထမ်းထုများ အကြား အတော်လေးကို ပူဆွေးသောက တွေပေးတာ တွေ့ရတယ်။ တချို့ဆို အလုပ်လက်မဲ့ ဖြစ်ရတဲ့အပြင် နေစရာတောင် အခက်တွေ့နေကြရတာတွေ အများကြီးပဲ။ ဒါပေမယ့် အဲဒီလိုဖြစ်နေလို့ သူတို့ကို ကိုယ်ချင်းစာနာကြင်နာတဲ့ စိတ်မျိုးနဲ့ သွားမပြောနဲ့။ သူတို့က လုံးဝမကြိုက်ဘူး။ သူတို့လုပ်ရပ်က မှန်တယ်ဆိုတဲ့ တရားသေစွဲကိုင်မှု၊ အတ္တကြီးမှု၊ အစွန်းရောက်မှု၊ နိုင်ငံရေးဝါဒ မှိုင်းတိုက်မှုတွေက ဖုံးလွှမ်းနေတော့ တချို့ဆို ဒီအခြေအနေအထိ ဖြစ်နေတာတောင် CDM လှုပ်ရှားမှုကို လုံးဝ စိတ်မလျှော့သေးဘူး။ တလွဲဆံပင်ကောင်းလို့ ပြောရမလား။ သူငယ်ချင်းတစ်ယောက်ဆို နင်တို့လို အရှက်မရှိဘဲ ရုံးတက်မယ့်အစား ငါတို့ကတော့ ရုံးမတက်ဘဲ အိမ်မှာပဲ ရေသောက်ဗိုက်မှောက်အိပ်လိုက်မယ်တဲ့။ ဘယ်လောက်ထိတောင် ဝန်ထမ်းထုကြား နိုင်ငံရေးဝါဒ မှိုင်းမိနေသလဲဆို။

**နိုင်ငံရေးကြောင့် ပေးဆပ်လိုက်ရတဲ့ သူ့ဘဝ**

ကျွန်မ ဒီ CDM လှုပ်ရှားမှုမှာ ဘာလို့ မပါလဲဆိုရင် ကျွန်မ ဆယ်တန်းအောင်တော့ ကျွန်မ အဘိုးက ငွေမြေးဘာ ဆက်လုပ်မှာလဲ မေးတယ်။ ကျွန်မက လည်း ဘွဲ့တစ်ခုခုယူပြီး ကြွန်ေ့ရတဲ့ အစိုးရဝန်ထမ်း တစ်ခုခုဝင်လုပ်ရင် ကောင်းမလား အဘိုးဆိုတော့ အေးကောင်းတယ်၊ ကောင်းတယ်တဲ့။ တစ်ခုပဲ အဘိုးမှာချင်တာက ဘဝကို အေးအေးချမ်းချမ်းနဲ့ တည်ဆောက်မယ်လို့ ဆုံးဖြတ်ထားရင် ဘယ်တော့မှ နိုင်ငံရေး စိတ်မဝင်စားမိစေနဲ့တဲ့။ အဘိုးကို ချစ်တယ်ဆိုရင် အဲဒါတော့ ကတိပေးပါတဲ့။ နောက်ဆုံးထွက်သက်အထိ အဘိုးက သူလိုနိုင်ငံရေးသမားဖြစ်မှာ၊ လမ်းမှားလိုက်မိမှာကို စိုးရိမ်ဟန်တူတယ်။ အဘိုးသာ နိုင်ငံရေးနဲ့ ပတ်သက်လို့ အဲဒီလို ဆုံးမ/ပြောဆိုခဲ့ခြင်း မရှိဘူးဆိုရင် ကျွန်မလည်း သူငယ်ချင်းတွေလို ရောယောင် မမှားဘူးလို့ မပြောနိုင်ဘူးလေ။ တကယ်တော့ အဘိုးက ပညာတတ်တစ်ယောက် မဟုတ်ပေမယ့် ကျွန်မဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းစေချင်လို့ ပြောတာ ဆိုတာ နားလည်လိုက်တယ်။ ပြောရရင် ကျွန်မဝန်ထမ်းဖြစ်ပြီးတော့ သူများတွေလို CDM လှုပ်ရှားမှုမှာ မပါဝင်ဖြစ်တာက ကျွန်မအဘိုးရဲ့ အသိပေးဆုံးမ စကားများကြောင့်လို့ ပြောရမှာပဲ၊ တကယ်တော့ ဘယ်အစိုးရပဲတက်တက် ကျွန်မတို့က ဝန်ထမ်းဟာ ဝန်ထမ်းပါပဲ” ဟု ဝန်ကြီးဌာနတစ်ခုတွင် ဒုတိယဦးစီးမှူး တာဝန်ထမ်းဆောင်နေသော ဒေါ်သူဇာမြင့် (နာမည်လွှဲ)က CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ သူ့အမြင်ကို ပြောသည်။

**ဝန်ထမ်းဘဝ စွန့်လွှတ်လိုက်ရပြီ**

CDM လှုပ်ရှားမှုကြောင့် ယခုရက်ပိုင်းအတွင်း သူတန်ဖိုးထားရာ ဝန်ထမ်းဘဝကို ဝန်ထမ်းဥပဒေနှင့်အညီ စွန့်လွှတ်လိုက်ရပြီဖြစ်သော ဌာနဆိုင်ရာတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော မောင်ဖိုးဖော်ကလည်း “တကယ်တော့ ကျွန်တော် လမ်းမှားကြီးကို လုံးဝ လျှောက်မိခဲ့ပြီ။ ကျွန်တော့်အနေနဲ့ ၈၈ အရေးအခင်းကို ကောင်းကောင်း မမီခဲ့ပေမယ့် ၂၀၀၇ ရွှေဝါရောင် အရေးအခင်းကိုတော့ ကောင်းကောင်းမီခဲ့တယ်။ ခု ၂၀၂၁ ခုနှစ် CDM လှုပ်ရှားမှုကိုတော့ ကောင်းကောင်း မီခဲ့တဲ့အပြင် အမြတ်တနိုးထားတဲ့ ဝန်ထမ်းဘဝကိုပါ စွန့်လွှတ်လိုက်ရပြီလေ။ အမှန်အတိုင်းပြောရရင် ဝမ်းနည်းတာပေါ့။ ဒါပေမယ့်လည်း ဘယ်တတ်နိုင်တော့မှာလဲ။ အဖေဆို စိတ်မကောင်းဖြစ်ပြီး ထမင်းကောင်းကောင်း မစားတာ နှစ်ရက်တောင်ရှိပြီ။ ကျွန်တော်ရတဲ့ လစာထက် ငါတို့မျက်ကွယ် မပြုခင် မင်းကို တည်တည်ငြိမ်ငြိမ်နဲ့ ဝန်ထမ်းလေးလုပ်နေတာကို မြင်ချင်တာတဲ့လေ။ ဟုတ်ပါတယ်၊ တကယ်တော့ ကုမ္ပဏီတွေ လုပ်ရတာ စိတ်ညစ်လာပြီပြောလို့ အဖေက သူ့သူငယ်ချင်း အကူအညီတောင်းပြီး အစိုးရဝန်ထမ်းဘဝဖြစ်ရေးကို ကြိုးပမ်းပေးခဲ့တာပါ။ ပြောရရင် ရာထူးတိုးတာ သိပ်မကြာသေးပါဘူး။ လပိုင်းပဲ ရှိသေးတယ်။ အခုတော့ CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့သူတွေ အားလုံးကို ဌာနက ဖြုတ်လိုက်တဲ့စာ တစ်နေ့ကပဲ ရလိုက်တယ်။ တချို့ ဝန်ထမ်းအိမ်ရာမှာနေတဲ့ သူငယ်ချင်းတွေဆို ခုရက်ပိုင်းပဲ ဖယ်ပေးရတော့မယ် ကြားတယ်။ သူတို့က နေစရာ အခက်အခဲ အမှန်တကယ် ဖြစ်နေတဲ့သူတွေလေ။ ကိုယ့်ကိုယ်ကိုယ်လည်း မရှုနိုင်မကယ်နိုင်ဖြစ်နေရတဲ့ အချိန်မှာ သူတို့အတွက်လည်း ထပ်ပြီးစိတ်မကောင်းဖြစ်ရပြန်တယ်။

**CDM လှုပ်ရှားမှုထဲ မပါပါအောင်တိုက်တွန်း**

“တကယ်တော့ သူတို့ထက် အများကြီးကျူးလွန်တာက ကျွန်တော်။ သူတို့က CDM လှုပ်ရှားမှုမှာ ပါဝင်ဖို့ အရင်စိတ်ကူးမရှိဘူးလေ။ ကျွန်တော်နဲ့လည်း အတော်လေးရင်းနှီးကြတော့ ကျွန်တော်ကိုယ်တိုင်ကပဲ သူတို့ကို CDM လှုပ်ရှားမှုထဲ မပါပါအောင် တိုက်တွန်းခဲ့တာ။ ဒီ CDM လှုပ်ရှားမှုမှာ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့သူ တော်တော်များကတော့ ပါလာကြတယ်။ တချို့ကလည်း အမြင်မှန်ရပြီး အလုပ်ပြန်ဝင်နေတာရှိတယ်။ အများစုကတော့ CDM လှုပ်ရှားမှုထဲ ပါပေမယ့် လမ်းမပေါ်ထွက် အော်ဟစ်ဆန္ဒပြတာတွေ မလုပ်ကြဘူး။ ရုံးမသွား၊ အလုပ်မဆင်းတာလောက်ပါပဲ။ ဌာနအကြီးအကဲတွေကတော့ ဖုန်းခဏခဏ ဆက်တယ်ဗျ။ အဲဒီ CDM လှုပ်ရှားမှု လုပ်နေတဲ့ ရက်တွေတုန်းကပေါ့။ ဒါပေမယ့် ကျွန်တော်တို့က ညှိထားကြတယ်လေ။ ရုံးက ဖုန်းလာရင် အားလုံးမကိုင်ကြဖို့နဲ့ လစာလာထုတ်ကြပါဆိုရင်လည်း လုံးဝ သွားမထုတ်ဖို့ အားလုံးကို ပြောထားကြတော့ တစ်ယောက်မှ ဖုန်းလည်းမကိုင်၊ လစာလည်း သွားမထုတ်၊ ရုံးစည်းကမ်းအရ သွားရောက်ဖြေရှင်းတာလည်း မလုပ်တော့ ဌာနနဲ့ ကင်းကွာဆိုပြီး အားလုံးကို အခုလို အလုပ်ဖြုတ်လိုက်တာပါ။ တကယ်တော့ အမှန်အတိုင်းပြောရရင် နိုင်ငံရေးခံယူချက် ကျွန်တော့်မှာ အဲဒီလောက်ထိ မရှိပါဘူး။ ခုဟာက အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက် ဆိုသလို အားလုံးဝမ်းနည်းပူဆွေးကြရပြီ”ဟု ဝန်ထမ်းဘဝကို စွန့်လွှတ်ခဲ့ရသူ တစ်ဦးက ပြောသည်။

## တန့်ယန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတုတ္ထနေ့အဖြစ် ဆက်လက်ထိုးနှံပေး

**တန့်ယန်း မတ် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းမှ စတင်၍ အမှတ်(၂)ရပ်ကွက် ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ထိုးနှံပေးသည်။


အဆိုပါ ကာကွယ်ဆေးထိုးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ နယ်မြေခံ အမှတ်(၃) တပ်မတော်ဆေးရုံ (ခုတင်–၂၅)မှ ဆရာဝန်နှင့် သူနာပြု ၁၅ ဦးတို့က ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား ထိုးနှံပေးကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**



# ပုံစံကောင်းရရှိနေတဲ့ ချယ်ဆီး အေတီမက်ကို ထပ်မံအသာစီးရယူနိုင်မလား

# အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်တဲ့ ဘိုင်ယန်ကို ကျော်ဖြတ်ဖို့ မလွယ်ကူတဲ့ လာဇီယို





■ မိုးဇက်-စုစည်းသည်

## ချယ်ဆီး VS အေတီမက်

ပထမအကျော့ရလဒ် အေတီမက် ၀-၁ ချယ်ဆီး

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ချယ်ဆီးအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ပွဲစဉ်ကို မတ် ၁၈ ရက် နံနက် ၂ နာရီခွဲမှာ ချယ်ဆီးအိမ်ကွင်း၌ ကျင်းပသွားမှာဖြစ်ပါတယ်။ ချယ်ဆီးအသင်းက နည်းပြသစ်တူချယ်လက်အောက်မှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးပါဘူး။ ဒ့ါအပြင် ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ မန်ယူအသင်းကို သရေကစားနိုင်ပြီး လီဗာပူး၊ အဲဗာတန်အသင်းတို့ကို အနိုင်ရရှိအောင် ကစားထားနိုင်တာကြောင့် ချယ်ဆီးအသင်းရဲ့ ခြေစွမ်းကောင်းမွန်နေပါတယ်။ အေတီမက်အသင်းက ပြီးခဲ့တဲ့လေးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိပါဘူး။ လာလီဂါ အမှတ်ပေးဇယားမှာ အေတီမက်အသင်းက ၂၇ ပွဲကစားပြီး ၆၃ မှတ်နဲ့ ဦးဆောင်ထားပါတယ်။

### ခံစစ်အကောင်းဆုံးအသင်း

အေတီမက်အသင်းအနေနဲ့ ယခုနှစ်ရာသီ လာလီဂါ ၂၇ ပွဲမှာ ပေးဂိုးက ၁၈ ဂိုးသာ ရှိတာကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုး ၅၀ အထိ ရယူထားတာကြောင့် ဘာစီလိုနာအသင်းပြီးရင် ဒုတိယတိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေတာဖြစ်ပါတယ်။ ချယ်ဆီးအသင်းကလည်း ကစားပုံကျစ်လျစ်နေတာကြောင့် ယခုပွဲစဉ်က ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ပထမအကျော့မှာ ချယ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပေမယ့်လည်း ပြတ်သားမှုမရှိခဲ့တာကြောင့် ယခုဒုတိယအကျော့ အဆုံးအဖြတ်ပွဲစဉ်မှာ ဘယ်အသင်းက အသာရသွားမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ယနေ့ပွဲစဉ်မှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ချယ်ဆီးအသင်းမှ ဂိုးသမား မန်ဒီနဲ့ အေတီမက်အသင်းမှ အော့ဘလက်တို့ ဖြစ်ပါတယ်။ မန်ဒီက ချန်ပီယံလိဂ်မှာ ခြောက်ပွဲပါဝင်ကစားခွင့်ရရှိထားပြီး ဂိုးမပေးရအောင် ငါးပွဲအထိ စွမ်းဆောင်ထားနိုင်ပါတယ်။ အော့ဘလက်က ခုနစ်ပွဲပါဝင်ကစားခွင့်ရထားပြီး ဂိုးမပေးရအောင် နှစ်ပွဲသာ စွမ်းဆောင်ထားနိုင်ပါတယ်။ အကြိတ်အနယ်ရှိမယ့်ပွဲကောင်းတစ်ပွဲဖြစ်ပြီး အေတီမက် နောက်တစ်ဆင့် တက်မယ်။

## ဘိုင်ယန်မြူးနစ် VS လာဇီယို

ပထမအကျော့ရလဒ် လာဇီယို ၁-၄ ဘိုင်ယန်မြူးနစ်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနဲ့ လာဇီယိုအသင်းတို့ပွဲစဉ်ကို မတ် ၁၈ ရက် နံနက် ၂ နာရီခွဲတွင် ဘိုင်ယန်မြူးနစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ လာဇီယိုအိမ်ကွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဒါကြောင့် ယနေ့ပွဲစဉ်မတိုင်မီ နောက်တစ်ဆင့်တက်ရောက်မယ့်အသင်းအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းကို ထင်ကြေးပေး ပြောဆိုနေတာဖြစ် ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ လက်ရှိခြေစွမ်းက ပြီးခဲ့တဲ့ လေးပွဲမှာ လေးပွဲစလုံး ဂိုးပြတ်အနိုင်ရရှိထားတာကြောင့် ထက်မြက်နေပါတယ်။

### တိုက်စစ်ပိုင်း အထူးကောင်းမွန်

ဒ့ါအပြင် ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဘွန်ဒက်စ်လီဂါမှာ ၂၅ ပွဲကစားပြီး ၅၈ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ အဆိုပါ ၂၅ ပွဲမှာ ရဂိုးက ၇၄ ဂိုးအထိရှိတာကြောင့် တိုက်စစ်ပိုင်းအထူးကောင်းမွန်နေတာကို တွေ့ရတယ်။ လာဇီယိုအသင်းရဲ့ ခြေစွမ်းက ပြီးခဲ့တဲ့ လေးပွဲမှာ တစ်ပွဲနိုင်ပြီး သုံးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ စီးရီးအေ အမှတ်ပေးဇယားမှာ ၂၆ ပွဲ ကစားပြီး ၄၆ မှတ်နဲ့ အဆင့် (၇) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ယနေ့ပွဲစဉ်မှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ဘိုင်ယန်မြူးနစ်အသင်းမှ လီဝမ်ဒေါ်စကီးနှင့် လာဇီယိုအသင်းမှ အင်မိုဘိုင်းတို့ရှိနေပါတယ်။ လီဝမ်ဒေါ်စကီးအနေနဲ့ ဘွန်ဒက်စ်လီဂါ ၂၄ ပွဲမှာ ၃၂ ဂိုးအထိ သွင်းယူပေးထားနိုင်တာကို တွေ့ရတယ်။ အင်မိုဘိုင်းက စီးရီးအေ ၂၄ ပွဲမှာ ၁၄ ဂိုးသွင်းယူထားပါတယ်။ မည်သို့ပင်ဆိုစေ ပထမအကျော့ ရလဒ်အရရော၊ လက်ရှိခြေစွမ်းအရပါ လာဇီယိုအသင်းအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းကို မယှဉ်သာတာကို တွေ့ရတယ်။ ဒါပေမယ့် လာဇီယိုအသင်းအနေနဲ့ တိုက်စစ်အားပြုကစားရင် နိုင်ဖွယ်ရာရှိသော်လည်း နောက်တစ်ဆင့်ကို ဘိုင်ယန်မြူးနစ်အသင်း တက်မယ်။

## နောက်ဆုံးရ သတင်းတိုများ

- ချယ်ဆီးအသင်းသည် ဒေ့ါမွန်အသင်းမှ နော်ဝေတိုက်စစ်ကစားသမား ဟာလန်း (၂၀နှစ်) ကို နွေရာသီတွင် စတန်းဖို့ဒ်ဘရစ် သို့ ခေါ်ယူနိုင်ရန်အတွက် အသင်းမှ အသက် (၂၅နှစ်) အရွယ် တီမို ဝါနာကို အလိုက်ပေးကမ်းလှမ်းရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- နယ်သာလန် ကွင်းလယ်ကစားသမား ဗန်ဒီဘိခ် (၂၃နှစ်) သည် မန်ယူအသင်းမှ ထွက်ခွာချင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဗန်ဒီဘိခ်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၁၃ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသေးသည်။
- ချယ်ဆီးအသင်းသည် ယခုနှစ် နွေရာသီတွင် ကျင်းပမည့် ယူရို ပွဲစဉ်များမတိုင်မီ စာချုပ်သစ်နှင့်ပတ်သက်ပြီး အသင်းမှ ရူဒီဂါ (၂၈နှစ်) နှင့် သဘောတူညီမှုရရှိရန် မျှော်လင့်နေကြောင်း သိရသည်။


### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ မြို့မအနောက်ရပ်မှ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် ပ-၃၀၄၂၉ ၊ ဒေါ်အေးအေးမော် ၉/ပမန(နိုင်) ၀၀၁၂၁၂ (ဘ)ဦးဘကြွယ် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မြင့်မြင့်ဌေး ၁၂/တမန(နိုင်)၀၀၆၀၉၉ (ဘ)ဦးမြင့်(ခ)ဦးတင်ရွှေ မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၄/၂၀၂၀ တင်ပြ၍ ဒေါ်မြင့်မြင့်ကြွယ် ၁၂/တမန(နိုင်)၀၀၆၀၉၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ မြို့မမြောက်ရပ်မှ မြေဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ မြေကွက်အမှတ် ပ-၁၆၂၇ ၊ ဦးစိုးနိုင် ၁၂/သကတ(နိုင်)၀၅၅၁၃၉ (ဘ)ဦးသန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးအောင်ကိုဦး ၉/ ပဘန(နိုင်)၁၅၁၀၄၅ (ဘ)ဦးမုန်း မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၄၄/၂၀၁၈ တင်ပြ၍ ဒေါ်နှင်းနုနုနွေး ၉/စကတ(နိုင်)၀၇၉၄၃၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘ၀နတ်ထံပျံလွန်တော်မူခြင်း
## ဝါဆိုတောင် ဆရာတော်ကြီး အရှင်တေဇိန္ဒ(ထားဝယ်)
### သက်တော်(၁၀၀)၊ သိက္ခာတော်(၄၀)

မှော်ဘီမြို့၊ စန္ဒကူးမြိုင်သာသနာ့ရိပ်သာ၊ နာယကဆရာတော် ဝါဆိုတောင် ဆရာတော်ကြီး အရှင်တေဇိန္ဒ (ထားဝယ်) သည် ၁၅-၃-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ဘ၀နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၅-၃-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပူဇော်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ ၊ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ(ကိုယ်စား)**
**စန္ဒကူးမြိုင် သာသနာ့ရိပ်သာ ဆရာတော်**
**အရှင်ပညာဝံသ (ဒေါက်တာဖေဉာဏ်)**

## ဘ၀နတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပဒုမ
### အသောကရာမကျောင်းတိုက်၏ ဦးစီးပဓာနနာယက
### သာသနဓဇသိရီပဝရ ဓမ္မာစရိယ မဇ္ဈိမနိကာယ ပါဠိပါရဂူ
### နိုင်ငံတော်ဝိနည်းဓိုရ်၊ မြို့နယ်ဩဝါဒါစရိယ
### သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ လေထီးလမ်း၊ အသောကရာမကျောင်းတိုက်၏ ဦးစီးပဓာနနာယက သာသသနဓဇသိရီပဝရ ဓမ္မာစရိယ မဇ္ဈိမနိကာယပါဠိပါရဂူ နိုင်ငံတော်ဝိနည်းဓိုရ်၊ မြို့နယ်ဩဝါဒါစရိယ ဘဒ္ဒန္တပဒုမ မဟာထေရ်မြတ်သည် (၁၃၈၂ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက် )၁၁-၃-၂၀၂၁ရက် (ကြာသပတေးနေ့) ည ၉:၅၀နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၂ခုနှစ် တပေါင်းလဆန်း ၇ရက် ) ၁၉-၃-၂၀၂၁ရက် (သောကြာနေ့) တွင် မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ရဟန်းရှင်လူအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ မှော်ဘီမြို့**

### တစ်ဦးတည်းဖြစ်ကြောင်း

ရသေ့တောင်မြို့နယ်၊ ဆင်ခုန်းတိုင်ကျေးရွာနေ ဦးမောင်ရွှေစိန်၏သား မောင်သိန်းလှိုင် ၁၁/ရသတ(နိုင်)၀၅၃၆၂နှင့် မောင်သိန်းနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သိန်းလှိုင်(ခ)မောင်သိန်းနိုင်**

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ အကွက်အမှတ်(၂/ပဒေသာရပ်)၊ ဦးပိုင်အမှတ် (၅၆၂)၊ မြေယာအမှတ် (562)၊ မြေရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဒီလ်ဗဟာဒူး ၉/မမန(နိုင်)၀၈၃၉၃၄မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-II/ကွက်ပြင်-၂) ဦးပိုင်အမှတ် (၁၀၂-ဃ/၁)၊ မြေရိယာ (၀ဒသမ၃၀၄)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သန်းသန်းလွင် ၉/မသန(နိုင်)၀၅၈၀၅၁ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဦးအောင်စိန်(ကျီးသဲ)
### မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း
### အကြီးတန်း အကောက်ခွန် အရာရှိ(ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ ဝိဇ္ဇာလမ်း၊ အမှတ် ၄၇နေ (ဦးဖိုးစစ်-ဒေါ်မြတင်)တို့၏သား၊ (ဒေါ်ခင်ဝင်းမြင့်)၏ခင်ပွန်း၊ (ဦးအောင်ကျော်ဦး)-ဒေါ်စုစုလှိုင်၊ (ဦးနေမျိုးမြတ်)-ဒေါ်ချောပသာ၊ ဦးခင်မောင်ဆင့်-ဒေါ်သန္တာအောင်၊ ဒေါ်မာလာအောင် တို့၏ဖခင်၊ မနန်းအိအိဝေ၊ မပြုံးမေတင့်၊ မောင်အောင်ကျော်ဇော၊ မောင်သန့် ညီညီတို့၏အဘိုး၊ Joyden၏ ဘိုးဘိုးကြီးသည် ၁၆-၃-၂၀၂၁ရက် (အင်္ဂါနေ့)နံနက် ၈:၃၅နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်ပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ရှိ ကြက်ခြေနီစီမံချက်ရုံးခွဲမှ ရွှေ့လျားကျန်းမာရေး စောင့်ရှောက်ရေး (Mobile Clinic Team) တွင် အသုံးပြုရန် ဆေးဝါး (Medicine) နှင့်ဆက်စပ်ပစ္စည်းများ (Medical Supply) တစ်နှစ်စာ ( 1 Lot/ 1 Year) စာချုပ်ဖြင့် ဝယ်ယူရန်အတွက် အိတ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ စတင်ထုတ်ယူရမည့်အချိန် - ၁၆-၃-၂၀၂၁ရက် နံနက် ၁၀နာရီ
တင်ဒါပုံစံများ နောက်ဆုံးလာယူရမည့်ရက် - ၂၉-၃-၂၀၂၁ရက် ညနေ ၃နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၄-၂၀၂၁ရက် ညနေ ၃နာရီ
တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ - ထောက်ပံ့၊ ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအအသင်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၄၂)၊ ကမ်းနားလမ်း၊ စတုတ္ထထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀ (လိုင်းခွဲ-၁၁၉)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

### သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ပုလေး(ရွှေတောင်)
### အသက်(၉၂)နှစ်

ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ အုန်းပင်ဇင်းလမ်းနေ (ဦးသန်းကြည်)၏ဇနီး၊ ဦးမြင့်ကြူ-ဒေါ်စန်းစန်းနွယ်၊ ဦးလှဆောင်-ဒေါ်သိန်းရီ၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်စိုးရီ(ပန်းလှိုင်ဆေးရုံ)၊ ဒေါ်တိုးတိုးမော်(ဆည်မြောင်း) ၊ ဒေါ်သင်းသင်းဆွေ(တိုင်းပညာရေးမှူးရုံး-ပြည်မြို့)၊ ဦးသန်းအေး-ဒေါ်ဝင်းဝင်းစန်း၊ ဦးသန်းဇော်ထွေး တို့၏မိခင်၊မြေး၁၄ယောက်၊မြစ် လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၃-၂၀၂၁ရက် ညနေ ၅:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၁ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ ရှစ်မိုင်ခွဲ၊ ဆည်မြောင်းလမ်း၊ ဆည်မြောင်းဝင်း ၊ အမှတ် (၁၁/B)နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးညွန့်
### (ရပကရ)
### အသက် (၈၁)နှစ်

ဦးစိုးမိုးကျော် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံဘဏ္ဍာစက်မှုဝန်ကြီးဌာန)-ဒေါ်မြတ်မြတ်ခန့်တို့၏ ဖခင်ဖြစ်သူ ဦးမျိုးညွန့်(ရပကရ)၊ အသက်(၈၁)နှစ်သည် ၁၀-၃-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)ည၉နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ**
**သူငယ်ချင်း/ညီများ၊ မိသားစုများ**

## ဗိုလ်မှူးကြီးမြင့်နိုင်(ငြိမ်း)
## အသက်(၇၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဒေသလမ်းမကြီး၊ အမှတ်(၈၂/၃၄/၁၂၁၁)နေ (ဦးညွန့်-ဒေါ်မြချစ်)တို့၏သား၊ ဒေါ်နှင်းသွယ်သွယ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင့်လွင်ဦး-ဒေါ်မြင့်သက်နွယ်၊ ကိုမျိုးမြင့်နိုင်-မသင်းဝတ်ရည်အောင်၊ ကိုဟိန်းမြင့်နိုင်- မပိုးအိဖြူ၊ ဦးသန်းထိုက်ဦး-ဒေါ်မေခမ်းဆွေတို့၏ဖခင်၊ မောင်ကောင်းဇော်ဟိန်း၊ မမြင့်မြတ်သီရိဟိန်း၊ မောင်ဖွဲ့ပြည့်ဟိန်း၊ မောင်သန်းမင်းမြတ်တို့၏အဘိုးသည် ၁၆-၃-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၈:၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော် ကျွဲ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၁)၊ ဦးပိုင် ၁၀၀(၀ဒသမ ၀၉၈)ကေရှိ ဦးလောဟွေစိန် (ခ)လောဖု အမည်ပေါက် မြေကွက်ကို ဒေါ်ခင်အုန်းမြင့်က မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်ချုပ်ဆိုဝယ်ယူခဲ့ပြီး ဦးလောဟွေစိန် (ခ) လောဖုအမည်မှ ဒေါ်ခင်အုန်းမြင့် ၁/ဗမန(နိုင်) ၀၂၇၅၆၄ အမည်သို့ စက်မှုစီးပွား အမည်ပြောင်းမြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်အုန်းမြင့်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်မှ မြေရိယာ(၀ဒသမ၁၄၆)ကေရှိ မြေကွက်အမှတ် (ပ-၁၆၄၆)၊ ဦးအောင်ကျော်လှိုင် ၁၂/မဘန(နိုင်)၁၁၄၁၀၇ (ဘ)ဦးဘိုးတင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးအောင်ကျော်လင်း ၇/ဖမန(နိုင်)၁၂၈၀၉၉ (ဘ)ဦးသန်းထွန်းအေးမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၂၁၃/၂၀၂၀) တင်ပြ၍ ဒေါ်ဖြိုးအိအိခိုင်(ခ)ရွှေဝတ်မှုန် ၁/မညန(နိုင်)၀၉၅၅၄၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်မှ မြေရိယာ(၀ဒသမ၁၄၆)ကေရှိ မြေကွက်အမှတ်(ပ-၁၆၄၄)၊ ဦးဝင်းမြင့် ၁၃/ကခန (နိုင်)၀၀၅၈၁၆ (ဘ)ဦးချစ်တင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်ကျော်လင်း ၇/ဖမန(နိုင်)၁၂၈၀၉၉ (ဘ)ဦးသန်းထွန်းအေးမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၇၅၅/၂၀၂၀) တင်ပြ၍ ဒေါ်ယဉ်သူအောင်(ခ)ချစ်သိန်းငွေ ၁၂/သဃက(နိုင်)၁၆၅၃၁၈နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ခရမ်းမြို့နယ်၊ စပါယ်ကုန်းကျောင်းတိုက်
## ကျောင်းဒါယိကာမကြီး
## ဒေါ်တင်ဥ
### အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နေ (ဦးစိန်-ဒေါ်သန်း)တို့၏သမီး၊ ပြင်ဦးလွင်မြို့နေ (ဗိုလ်မှူးမျိုးအောင်၊ဌာနမှူး-ငြိမ်း၊ အင်္ဂလိပ်စာဌာန၊ စစ်တက္ကသိုလ်)၏ ဇနီး၊ ဦးစိုးတင့်အောင်၊ ဦးအောင်ကြည်-ဒေါ်နုနုရီ၊ ဒုဗိုလ်မှူးကြီးလင်းအောင်(ငြိမ်း)-ဒေါ်ဝင်းဝင်းမေ၊ ဒေါ်နှင်းနှင်းဝေ ပါမောက္ခ(ငြိမ်း)၊ အင်္ဂလိပ်စာဌာန၊ မော်လမြိုင်တက္ကသိုလ်တို့၏မွေးသမိခင်၊ မြေး(၆)ယောက်၊ မြစ်(၃)ယောက်တို့၏အဘွား ကျောင်းဒါယိကာမကြီး ဒေါ်တင်ဥ အသက်(၉၄)နှစ်သည် ၁၅-၃-၂၀၂၁ရက် (တနင်္လာနေ့) ည ၇:၁၅နာရီတွင် ဘ၀တစ်ပါးသို့ ပြောင်းသွားကွယ်လွန်ပြီဖြစ်၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၆-၃-၂၀၂၁ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ပိန္နဲကုန်းသုသာန် မော်လမြိုင်မြို့၌ သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းကို အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးလှိုင်ကြည်(တင်လှိုင်-ရိုးမ)
### စာရေးဆရာ၊ သတင်းစာဆရာ
### လုပ်သားပြည်သူ့နေ့စဉ်(ငြိမ်း)၊ သမဝါယမသတင်းလွှာ(ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ(ဦးချစ်လှိုင်-ဒေါ်တင်မြ)တို့၏သား၊ (ဦးတင်လှိုင်-ဒေါ်ခင်မြင့်)တို့၏မောင်၊ (ဒေါ်ခင်စော)၊ (ဦးရဲမြင့်)-ဒေါ်ခင်ဥမ္မာတို့၏ အစ်ကို၊ ဦးမြင့်ဦး-ဒေါ်မိုးမိုးကြည်၊ ဦးမိုးကျော်-ဒေါ်နှင်းဝါ၊ ဦးမိုးဇော်-ဒေါ်ခင်နွယ်ဦး၊ ဦးမျိုးမင်းဦး-ဒေါ်မိုးမိုးအေးတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၅၂၁/က)နေ ဒေါ်ခင်နန်းမြင့် (EC-သာကေတမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)၏ခင်ပွန်းသည် ၁၆-၃-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၂၁ရက် နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၂၁ရက် နံနက်တွင် အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်မှ မြေရိယာ(၀ဒသမ၁၄၆)ကေရှိ မြေကွက်အမှတ် (ပ-၁၆၄၂)၊ ဦးမောင်မောင်ထွန်း ၁၂/မဘန(နိုင်)၀၁၀၂၂၇ (ဘ)ဦးခင်ထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးအောင်ကျော်လင်း ၇/ဖမန(နိုင်)၁၂၈၀၉၉ (ဘ)ဦးသန်းထွန်းအေးမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၇၃၅/၂၀၂၀) တင်ပြ၍ ဦးဖြိုးမင်းထက်(ခ)အေးမင်း ၁/မညန(နိုင်)၀၉၅၅၈၃ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၈၇

| | | |
|---|---|---|
| ဒေါ်ညို | နှင့် | ၁။ ဦးမှိုင်း<br>၂။ ဒေါ်စန်းအေး |
| တရားလို | | တရားပြိုင်များ |

မွန်ပြည်နယ်၊ မုဒုံမြို့၊ အဲမွန်ဒရာ(၂)ရပ်ကွက်၊ မြို့မ(၂)ရပ်ကွက်၊ ဆရာစံ(၁)လမ်းနေ (၁) ဦးမှိုင်း၊ (၂) ဒေါ်စန်းအေး(အတူနေ လင်မယား) (ယခုနေရပ်လိပ်စာမသိသူများ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်ညိုက ချေးငွေကျပ်သိန်း(၈၁၀)(ကျပ်သိန်းရှစ်ရာ့တစ်ဆယ်) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ် စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၁ခုနှစ် ဧပြီ ၂၃ရက် (၁၃၈၃ခုနှစ် တန်ခူးလဆန်း ၁၂ရက် ) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင်သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင် လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မတ် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (ဇ-၂၂၉၂)၊ ဧရိယာ ၀ဒသမ ၅၈၈ ဧကရှိ ဒေါက်တာ စိုင်းကျော်အုန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို အမည်ပေါက်သူ ဒေါက်တာ စိုင်းကျော်အုန်း (ဘ) ဦးခမ်းစင် ၁၃/ နခန(နိုင်) ၀၀၃၁၉၇ မှ ဒေါ်သီရိဆင့် (ဘ)ဦးလင်းဇော်ထွန်း ၉/ဇယသ(နိုင်) ၀၀၃၈၉၆ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၄၅၄၁ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၉၄၉၉၆ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၃၂၇၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့် အထက်ပါဝင်နေသူများမှာ ၅၀၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၁၆၂၂ ဦး ဖြစ်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၃၆၁၅၅ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၃၆၂၂၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၂၃၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၆၂၂ ဦး ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၈၈၁၈၀ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၆၀၂၃၁ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၀၆၇၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၉၀၀ ဦး ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၆**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်ထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တိုင်းရင်းသားပြည်သူများကို COVID–19 ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၅ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် လောက်ကိုင်မြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ဟိုပုံးမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့၊ လင်းခေးမြို့၊ ကွန်ဟိန်းမြို့၊ မိုးနဲမြို့၊ မောက်မယ်မြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့၊ ကျိုင်းတောင်းမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဘောလခဲမြို့နယ်များအတွင်းရှိ

*စာမျက်နှာ ၇ ကော်လံ ၅* ❋



## ဝုဖ်ကို အနိုင်ယူပြီး ပရီမီယာလိဂ်ရှုံးပွဲဆက်နေမှုကို အဆုံးသတ်ခဲ့တဲ့ လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ် (၂၈) အဖြစ် ဝုဖ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို မတ် ၁၆ ရက် နံနက်ပိုင်းက ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဂျိုတာက သွင်းယူပေးနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ယနေ့ပွဲစဉ်တွင် ဒဏ်ရာမှသက်သာလာသော ဂျိုတာကို အသုံးပြုပြီး မာနေး၊ ဆာလာတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ဝုဖ်အသင်းက ပက်ထရီစီယို၊ ဆာအစ်၊ ကုတ်ဒီ၊ ဘိုလီ၊ ဆီမီဒို၊ မော်တင်ဟို၊ နီဗက်စ်၊ ဂျွန်နီ၊ ထရာအိုရေး၊ ဂျို့စ်၊ နီတို စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ် နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်မှုကို အဆုံးသတ်ရန်အတွက် ယနေ့ပွဲစဉ်ကို အားစိုက်ကစားလာခဲ့သည်။ ဝုဖ်အသင်းကလည်း နောက်ဆုံး သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်ရန် အကောင်းဆုံးပြင်ဆင်လာခဲ့သည့်အတွက် ပွဲမှာအကြိတ်အနယ်ရှိလာခဲ့သည်။ ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် လီဗာပူးအသင်းက ဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို မာနေး၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျိုတာက သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဝုဖ်အသင်းသည် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း လီဗာပူးအသင်းအပေါ်



*စာမျက်နှာ ၇ ကော်လံ ၅* ✪


အီတလီနိုင်ငံ၏တစ်ဝက်နီးပါးမှာ တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်မှုအောက်ရောက်ရှိ စာ – ၁၂

ကိုဗစ် –၁၉ ဖြစ်စဉ်သမိုင်း တစ်လျှောက်မှာ ထူးခြားတဲ့ အခိုက်အတန့်ဖြစ်စဉ် ၁၀ ခုအကြောင်း တစေ့တစောင်း စာ – ၁၄

ရွာငံမြို့နယ်တွင် ငွေကျပ် ၁၀၅၆ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ စာ – ၁၈